


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

# နှမ်ကျာသိုင်း

## အချစ်ရှိခြင်းဓါးဒုက္ခ

www.burmeseclassic.com

www.burmeseclassic.com



ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၆၄၀၅၀၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၇၄၀၅၀၂

မျက်နှာဖုံးဒီဇိုင်း

ဝေယံ

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးမောင်မောင်လွင် (မြဲ-၀၂၃၅၀) ကဝိရတနာပုံနှိပ်တိုက်
အမှတ် (၂၀၄) လမ်း(၃၀) ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ထုတ်ဝေသူ

ဦးကျော်ဟင်း (မြဲ-၀၉၁၀) (ယုံကြည်ချက်စာပေ)
၁၁၁/ ၃-ထပ်၊ ညာဘက်၊ (၃၃)လမ်း ရန်ကုန်။

ပုံနှိပ်ခြင်း

ဒုတိယအကြိမ်၊ ၂၀၀၅ခုနှစ်၊ ဧပြီလ၊
တန်ဖိုး ၆၀၀ ကျပ်၊ အုပ်ရေ ၅၀၀

ထင်မော်(စာစာ)စီစဉ်၍ ရွှေကောင်းကင်စာပေမှ ဖြန့်ချိသည်။

BURMESE CLASSIC .com

# နှမ်ဂျာသိုင်း

# အချစ်ရှိခြင်း၏ ဥက္ကာ

ဒုတိယအကြိမ်

ရွှေကောင်းကင်စာပေ

www.burmeseclassic.com

မာတိကာ


| | | |
|---|---|---|
| အပိုင်း- ၁။ | ဖြူနှင်းသန့်စင် | ၂၃ |
| အပိုင်း- ၂။ | ဖြူနှင်းဝေဝေ | ၉၉ |
| အပိုင်း- ၃။ | ဖြူနှင်းမှုန်ရီ | ၁၇၃ |
| အပိုင်း- ၄။ | အဆုံး | ၂၃၀ |


**ဒို့တာဝန် အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

www.burmeseclassic.com

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





မင်းပြောတဲ့စကားကို
ငါနားမလည်လို့ မဟုတ်ပါဘူး . . . ကင်း။
မင်းပြောသမျှကို ငါသေသေချာချာကို နားလည်ပါတယ်။

မင်းပြောတယ် မဟုတ်လား . . . ။
ဘယ်သူကတော့ မင်းအပေါ်မှာ သိပ်နားလည်တယ်
ဘယ်ဝါကတော့ မင်းအပေါ် အစစခွင့်လွှတ်တတ်တယ်
စသဖြင့်ပေါ့လေ . . .

မင်းစဉ်းစားကြည့်ပါ . . . ကင်း။



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်မှာ ဘဝတစ်ခုပဲရှိတယ်၊
အဲဒီဘဝတစ်ခုထဲမှာ အချစ်ဆိုတာ စပြီးရှိလာကတည်းက
အဲဒီအချစ်က မင်းတစ်ယောက်တည်းအတွက်ပဲ . . . ။

ပြီးတော့ အဲဒီအချစ်နှင့်အတူ ဘဝတစ်ခုလုံးကိုလဲ
မင်းအတွက်ပဲ မြှုပ်နှံလိုက်တယ်။

အဲဒါတွေအားလုံးအတွက်
ငါလိုချင်တာတစ်ခုပဲ ရှိတယ် . . . ။

အဲဒါဟာ . . .
ငါ မင်းအပေါ်မှာ နားလည်မှုမရှိတာလား . . .
ဒါမှမဟုတ်
မင်းအတွက် ငါက ခွင့်လွှတ်နိုင်စွမ်းမရှိတာလား . .
ငါ . . . မင်းအပေါ်မှာ သိပ်ရက်စက်လွန်းရာ ကျနေပြီ
လား။
ပြောပါ . . . ကင်း။



BURMESE CLASSIC .com

# အစ

## အခန်း - ၁

ကြည်ပြာအခန်းမှဆင်းလာခဲ့ပြီး အောက်မှအောက်ရောက်ရှိသေးသည်။ ခါးမှာချိတ်ထားသည့် ဆယ်လူလာဖုန်းမှ အသံမြည်လာ၏။

ကင်းက ဘယ်နံပါတ်က ခေါ်ရတာလဲ သိရအောင် စောင့်ကြည့်လိုက်သည်။

"ဟာ . . ."

ထင်သည့်အတိုင်း မမဆီကဖုန်း။

မမကတော့ တစ်စက္ကန့်လေးတောင်မှ အလွတ်မပေး။ တွေ့နံပါအတိအကျပြသည့်အချိန်မှတ်နာရီတစ်လုံးပင် ကိုင်စောင့်



www.burmeseclassic.com

www.burmeseclassic.com



နေသလားအောက်မေ့ရသည်။

ခြောက်နာရီမှ ခြောက်နာရီအတိ၊ တစ်စက္ကန့်တောင်မစွန်း။

ရိုက်ကွင်းအပြီး ခြောက်နာရီအရောက် အိမ်ပြန်ခဲ့မည်ဆိုသောစကားကို အသေကိုင်၍ ဘယ်အချိန်က နာရီထိုင်ကြည့်နေသည်မသိ။

"ပြော . . . မမ"

ကင်းက ကားပေါ်တက်ပြီး စက်နှိုးမောင်းရင်းနှင့်မှ အသံပြုလိုက်သည်။

"ရှူတင် ပြီးပြီလား . . . ဖိုးသား"

"ပြီးပြီ မမ . . . ကျွန်တော်အခု အိမ်ပြန်လာနေတာ"

"အိမ်ပြန်တာ ဘယ်နားရောက်နေပြီလဲ"

ကင်းက အမှတ်တမဲ့နှင့် အပြင်လှမ်းကြည့်လိုက်သည်။ ရောက်နေသောနေရာကား တာမွေလေးအလွန် အရှေ့မြင်းပြိုင်ကွင်းလမ်းပေါ်မှာ။ သို့သော် . . . မမကို ပြောထားခဲ့သည့် ဒီနေ့ရိုက်ကွင်းက အင်းစိန်စော်ဘွားကြီးကုန်း မြို့တော်ဂေါက်ကွင်းဘက်မှာမို့ . . . ။

"လမ်းရောက်နေပြီ မမ . . . ခုလောလောဆယ်တော့ စော်ဘွားကြီးကုန်းအလွန် မင်းမွေလမ်းပေါ်မှာပဲ . . . ကျိုက်ဝိုင်းဘုရားလမ်း မီးပွိုင့်ရောက်ခါနီးနေပြီ"

"ဟုတ်လား . . . ဒါဆိုရင်တော့ မင်းနဲ့မမ အခေါ်အဝေါ်





တွေလွဲနေပြီ . . . မမသိထားတာက မင်းအခုရပ်တော့မယ့် မီးပွိုင့်က တာမွေအဝိုင်းမီးပွိုင့်ပဲ . . . ဘယ်တုန်းက နာမည်ပြောင်းလိုက်လဲ"

ကင်းခေါင်းထဲတွင် ဖြတ်ခနဲ အန္တရာယ် အချက်ပေး မီးနီများ လင်းလက်သွားသည်။

"မမ . . . "

"မမ မနေနဲ့ ဖိုးသား . . . အခု မမ မင်းကားနောက်က ကပ်ရက်ပါလာတဲ့ လင်ခရူဇာကားပေါ်မှာ ရှိနေတယ် . . . မင်းတာမွေလေး တိုက်ခန်းပေါ်က ဆင်းမလာခင် နာရီဝက်လောက်ကတည်းက အဲဒီမှာ ရောက်နေတာ . . . မင်းတိုက်ခန်းက ဆင်းလာတာလဲ မြင်တယ် . . . ဖုန်းကို ကားပေါ်ရောက် . . . စက်နှိုးပြီးမှ ပြောတာလဲသိတယ် . . . မင်းကား နောက်ကြည့်မှန်ကနေလှမ်းကြည့်လိုက် . . . "

ကင်း ထိတ်လန့်စွာဖြင့် လှမ်းကြည့်လိုက်သည်။

နောက်ကားက မီးဖွင့်လိုက်ပိတ်လိုက် လုပ်ပြ၏။

ကားမောင်းနေသူနေရာမှာ မမ။ မမလက်ထဲမှာ မမ၏ဆယ်လူလာဖုန်း။

"မမ အဲဒါ ဘယ်သူ့ကားလဲ"

"မင်း . . . သွေးရူးသွေးတမ်း လျှောက်မေးမနေနဲ့ ဖိုးသား . . . အဲဒီကိစ္စက အရေးမပါဘူး . . . မင်းသိထားဖို့က မင်းအခု



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို ညာတဲ့ကိစ္စ ငါသိသွားပြီ . . . နောက် မင်း ငါ့ကို ညာဖို့ မကြိုးစားနဲ့ ဆိုတာပဲ"

ပြောရင်းနှင့် မမက ကင်းနှင့်အတူ မီးပွိုင့်လိုက်မဝင်တော့ဘဲ တွေ့လမ်းဘက်ခွဲထွက်၍ ဦးချစ်မောင်လမ်းဘက်သို့ ဖရီးဝေးမှ ဝေယံကွေ့ ကွေ့ထွက်သွားသည်။

ဆယ်သူလာ့ဖုန်းကိုလည်း ပိတ်ပစ်လိုက်၏။

❀❀❀

"အဲဒါပဲ ကိုအောင်ငွေဦး . . . မိန်းမကလဲ ဘာလျှင်သလဲ မမေးနဲ့ . . . ကျွန်တော့်နောက် ကပ်လိုက်ပြီး ဆယ်လူလာနဲ့ပြောနေတာ ကျွန်တော် လုံးဝမရိပ်မိဘူး . . . ခါတိုင်းလိုပဲ အိမ်က ဆက်တယ်ထင်ပြီး လျှောက်ဖွီးနေတာပေါ့"

ကိုအောင်ငွေဦးဆိုသော ဒါရိုက်တာ ဗလံသေးသေးလေးကလည်း ခေါင်းကုတ်ရင်း . . .

"မင်းတင် ပြဿနာတက်တာမဟုတ်ဘူး ဖိုးသား . . . ငါ လိမ်တာလဲ သူမိသွားတာပဲ . . . မင်းပြောထားလို့ ငါကလဲ သူမေးတဲ့အချိန်မှာ ဟုတ်တယ် . . . မြို့တော်ဂေါက်ကွင်းမှာ ရှုတင်ရှိတယ်လို့ပဲ ညာပေးခဲ့တာပေါ့ . . .

"သူ ဘယ်ကနေ ဘယ်လို သိသွားလဲ . . . မစဉ်းစား





တတ်တော့ဘူးဗျာ"

"ဟာ . . . အဲဒါကတော့ ဘာခက်မလဲ ဖိုးသားရာ . . . ခေါင်းကောင်းတဲ့သူဆို မြို့တော်ဂေါက်ကွင်းဖုန်း လှမ်းဆက်မေးလိုက်ရုံပေါ့ . . . အဲဒီမှာ ရိုက်ကွင်းရှိလား . . . မရှိဘူးဆိုရင် ပြီးတာ ပြီးနေပြီ"

"ကြည်ပြာ့အိမ်လဲ သူက ဘယ်လိုလုပ် သိသွားတာလဲ"

"အဲဒါတော့ ငါလဲ မပြောတတ်တော့ဘူး ဖိုးသား . . . မင်းကို ငါပြောချင်တာ တစ်ခုပဲရှိတော့တယ် . . . အဲဒါကတော့ အခြားမဟုတ်ဘူး . . . မင်းမိန်းမက သိပ်လျှင်တယ် . . . သူ့ကို မင်း ပတ်ဖို့ မလွယ်ဘူး ဆိုတာပဲ"

ကားပေါ်မှာ အလိမ်ပေါ်သွားပြီးကတည်းက ကင်း အိမ်ပြန်ရဲတော့ပဲ ကျောက်မြောင်းထဲရှိ ဒါရိုက်တာ အောင်ငွေဦးအိမ်မှာ ခိုနေလိုက်သည်။

ခုချိန်မှာ ကင်းကို တစ်ပြည်လုံးက သိနေကြသည်။ တစ်ပြည်လုံးက ခင်နေကြသည်။ သို့သော် ရင်ထဲက အကောင်းဆုံး အမေချေးခါးမကျန် ခံစားချက်မှန်သမျှကို ယုံကြည်စိတ်ချစွာ ဖွင့်အံနိုင်သော အပေါင်းအသင်းဟူ၍ သူ့မှာ သုံးလေးယောက်ပင် ပြည့်အောင်မရှိ။

စစ်စစ်ပေါက်ပေါက် ပြေးရေတွက်လျှင်ပင် ကိုအောင်ငွေဦး အပါအဝင် နှစ်ယောက်ပဲရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်နှစ်ယောက်လောက်ပင်လျှင် ကွယ်ရာ၌ သူ့အကြောင်းကို ပုံပြင်လုပ်၍ လက်ဆင့်ကမ်းပြန်မပြောဟု အာမမခံနိုင်။

ခုချိန်မှာ ကိုအောင်ငွေဦးအပြင် နောက်တစ်ယောက်ဖြစ်သော ကြည်ပြာနှင့် ပိုတွေ့ချင်သည်။

"ကြည်ပြာရေ . . . ကြည်ပြာ့ဆီက ပြန်လဲပြန်ရော ကိုယ်တော့ ဒီလို ဒီလို ဖြစ်တယ်" ဟု ပြောလျှင် ကြည်ပြာ ဘာပြန်ပြောမည်ဆိုသည်ကို သိချင်လှသည်။ ကြည်ပြာသည် မည်ကဲ့သို့သော အကြောင်းအရာကိုမဆို ကင်းစိတ်ချမ်းသာအောင် ကြံဖန်ပြောတတ်သော အတတ်ပညာရှိသည်။

"အဲဒါ . . . အခု ကျွန်တော် ဘာလုပ်ရင် ကောင်းမလဲ ကိုအောင်ငွေဦး"

ကင်းက တကယ်ပင် အားကိုးရာမဲ့စွာ မေးလိုက်ခြင်းဖြစ်သည်။ သူ့အနေအထားက ခုနေအိမ်ပြန်လျှင်လည်း မမ၏ ချက်ပိုင်ပိုင်နှင့် ထိုးနှက်သောစကားလုံးများကို လှိမ့်ပိန့်ခံရမည်။

သည်မှာပဲ ဆက်နေလို့ကော ဖြစ်မလား . . . ။

"ကရင် . . . ရင် . . . ရင် . . . ရင် . . . "

ပြောရင်းမတ်တတ် စကားမဆုံးခင်မှာပင် တယ်လီဖုန်းမြည်သံက ပေါ်လာသည်။ ကိုအောင်ငွေဦး၏ အိမ်သုံးဖုန်းမှ ဖြစ်မည်။





ကိုအောင်ငွေဦးက ကမန်းကတမ်း ပြေးကိုင်သည်။

"ဟုတ်ကဲ့ . . . အမိန့်ရှိပါ"

ဘစ်ဘက်က ပြန်ပြောချိန်မှာ ကိုအောင်ငွေဦး မျက်လုံးပြူးသွားသည်။ ကင်းကို လှမ်းကြည့်ရင်း . . .

"ဟုတ် . . . ဟုတ်တယ် မမ . . . မမ . . . သူနဲ့ပြောလေား"

မမ၏အမည်က မမတော့ မဟုတ်။ သို့သော် ကင်းက မမ ခေါ်သလို ကင်းနှင့်ပတ်သက်နေသော အသိုင်းအဝိုင်းအားလုံးကလည်း မမ ပဲ ခေါ်သည်။

မမဖုန်းဟု သိသောအချိန်တွင် ကင်းရင်ထဲ နာကျည်းစွာ ခုန်သြမိသည်။ သည်မိန်းမ မသိအောင် ဘယ်လိုလုပ်ရရင်ကောင်းမလဲ မပြောတတ်ဘူးဟုလည်း စိတ်ပျက်စွာ တွေးလိုက်မိ၏။

ခုပင်ကြည့် . . . ကင်းဘယ်ရောက်နေမည် ဆိုသည်ကို မမ အတတ်သိနေသည်။

ကင်းက ကိုအောင်ငွေဦး၏ အရိပ်အကဲကို လှမ်းအကဲခတ်သည်။

"အင်း . . . စိတ်ချပါ ပြောလိုက်မယ် . . . မဖြစ်ပါဘူး မမ ရပါတယ် . . . ကျွန်တော် ကြည့်ပြောလိုက်ပါမယ်"

ကိုအောင်ငွေဦး ပြောသမျှစကားများ ဖြစ်သည်။ စကားဆုံးမှာ ပုဂ္ဂိုလ်က ဖုန်းခွက်ပြန်ချရင်း ကင်းဘက်လှည့်၍ . . .



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ဘာမှလုပ်ဖို့ စဉ်းစားမနေနဲ့တော့ ဖိုးသား . . . မောင်ရင့် မမကလဲ မောင်ရင်ဘာဖြစ်နေတယ်ဆိုတာ တန်းသိနေတယ် . . . သူ ဘာလုပ်ရမှန်းမသိဖြစ်နေတယ် မဟုတ်လား . . . တဲ့"

"ခင်ဗျားက ဘာပြန်ပြောလိုက်လဲ"

"ဟုတ်နေတာပဲကွာ . . . ဟုတ်တယ်ပဲ ပြောလိုက်တာပေါ့ . . . အဲဒါ မင်းနဲ့စကားပြောဦးမလားဆိုတော့ မပြောတော့ဘူး . . . တဲ့ . . . ငါကပဲ မင်းကို ပြောလိုက်ပါတဲ့ . . . ဘာမှလျှောက်စိတ်ကူးမနေနဲ့ . . . အကောင်းဆုံးက မင်းအိမ်ပြန်လာခဲ့ . . . တဲ့"

"မဖြစ်ပါဘူး မမ . . . ရပါတယ် . . . လို့ ခင်ဗျား ပြန်ပြောလိုက်တာ သူ ဘာပြောလို့လဲ"

"ဩော် . . . ကိုအောင်ငွေဦး ပြောလို့ရပ်မလား . . . တော်ကြာ ကိုအောင်ငွေဦး ပြောတာကို နားမထောင်ပဲ လုပ်ချင်ရာလျှောက်လုပ်နေလို့ . . . မဖြစ်သင့်တာတွေ ဖြစ်ကုန်ဦးမယ် . . . ပြောလို့ရမှာလား . . . လို့မေးတာ . . . အဲဒါနဲ့ ငါက မဖြစ်ပါဘူး ရပါတယ်လို့ ပြောလိုက်တာ"

"မဖြစ်သင့်တာတွေ ဖြစ်ကုန်ဦးမယ် . . . တဲ့ ဟုတ်လား"

"အေး . . . အဲဒီအတိုင်း ပြောတယ်"

ကင်းက နာနာကျင်ကျင် တစ်ချက်ပြုံးလိုက်သည်။ မမ





ပြောသည့် မဖြစ်သင့်တာ ဆိုတာက ဘာတွေလဲ၊ အိမ်မပြန်ရဲတော့သဖြင့် ကြည်ပြာ့ထံတွင် အပြီးအပိုင်နေလိုက်တာမျိုးလား၊ ဒါမှမဟုတ် ကြည်ပြာနှင့် အခြားတစ်နေရာရာသို့ ရှောင်တိမ်းပြေးသွားတာမျိုးလား၊ ဒါမှမဟုတ် စိတ်ညစ်ညစ်နှင့် အရက်တွေသောက်ပြီး ကားတိုက်သေသွားတာမျိုးလား၊ သို့တည်းမဟုတ် ကိုယ့်ကိုကိုယ် သတ်သေသွားမှာ စိုးတာလား။

ဟင်း . . . တစ်သက်လုံး ဒါမျိုး အဖြစ်မခံဘူး . . . ဟုစိတ်ထဲက ပြောလိုက်သည်။

တကယ်တမ်းကျတော့ မမ သူ့ကို လုံးဝနားမလည်ပါ။

မမ သူ့ကို သိနေသည်မှာ ဘာလုပ်သည်၊ ဘယ်သွားသည်၊ ဘယ်လာသည်၊ ဘယ်သူနှင့်တွေ့သည်၊ ခုချိန် သူဘယ်မှာရှိသည် စသော သူ့ခန္ဓာကိုယ် လှုပ်ရှားမှုများသာ ဖြစ်သည်။

သူ့ရင်ထဲမှာ ဘာရှိသည်၊ ဘာဖြစ်နေသည်၊ ဘာအတွက် သူ ဒါတွေလုပ်နေသည် ဆိုသည်ကို မမ မသိ။

မသိ၍လည်း "မဖြစ်သင့်တာတွေ ဖြစ်ကုန်ဦးမယ်" ဆိုသော စကားကို မမ ကိုအောင်ငွေဦးအား ပြောခဲ့ခြင်းပဲ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၂

"မဖြစ်ပါဘူး မမ . . . ရပါတယ်"

ကိုအောင်ဌေးဦး၏ အာမခံစကားကြောင့်သာ ဖုန်းကို ချလိုက်ရသော်လည်း ဖြူနှင်းရင်ထဲမှာ ပြည့်ပြည့်ဝဝ အေးချမ်းမသွား။ တငွေ့ငွေ့ လှိုက်ပူနေသည့် အောင်းပူများက တစ်လုံးတစ်ခဲ ကျန်နေဆဲပင် ရှိသေးသည်။

ဘာပဲပြောပြော . . . သည်နေ့ မျက်မြင်ကိုယ်တွေ့ မြင်လိုက်ရသည့် အဖြစ်မှာ အများတကာ ပြောသောစကားများ အမှားမဟုတ်ကြောင်း ထင်ရှားသွားပြီ ဖြစ်၏။

အမှန် . . . သည်သတင်းကို ဖြူနှင်းရနေခဲ့သည်မှာ





ကြာပြီ။

"မမနော် . . . ကင်းကို ဘာဖြစ်လို့ ဒီတိုင်းလွှတ်လွှတ် ထားလိုက်တာလဲ . . . ဟိုပြဿနာပြီးသွားတာမှ ဘာမှ မကြာသေးဘူး . . . နောက်တစ်ယောက်နဲ့ ကင်း ထပ်ဖောက်နေပြန်ပြီ . . . ဒီတစ်ခါ ပြဿနာက ပိုရှင်းရခက်မယ်"

သည်စကားနှင့် အလားတူနောက်ထပ် ပြောလာသမျှသော စကားတို့သည်လည်း စင်စစ် ကင်းတို့ အသိုင်းအဝိုင်း . . . ။ ကင်းနှင့် ပတ်သက်ပြီးမှ သိကျွမ်းရသော အသိုင်းအဝိုင်းက လူများဆီက ပြောကြားသော စကားများ ဖြစ်သည်။

သူတို့အားလုံးကလည်း ဖြူနှင်းကို ကင်းခေါ်သလို မမဟုသာ ခေါ်ကြသည်။ မှန်တာပြောရလျှင် ထိုစကားကို ကြားခါစက ဖြူနှင်း မယုံသေး။

ယုံစရာလည်း အကြောင်းမရှိ။ စောစောက တစ်ယောက် ပြောသလိုပင် ကင်းမှာ ကြည်ပြာနှင့် ပတ်သက်သော ဒီပြဿနာ တစ်ခုသာရှိဖူးသည်မဟုတ်။ 'ဟိုပြဿနာ' ဟု ရည်ညွှန်းသော ရှေ့ပြဿနာ တစ်ခုကလည်း ရှိခဲ့သေးသည်။

ထို 'ပြဿနာ' ကလည်း ပြီးခဲ့တာ ဘာမှမကြာသေး။ အား[illegible]တာ ပြီးပါပြီ ဟု ဝိုင်းပြော၍သာ ပြီးလိုက်ရသည်။ ဖြူနှင်း စိတ်ထဲမှာ တကယ်ပြီးသွားပြီဟုပင် မထင်သေး။

အဘယ့်ကြောင့်ဆိုသော် 'ဟိုပြဿနာ' ဟု ရည်ညွှန်းပြ



www.burmeseclassic.com

www.burmeseclassic.com



သော မိုးနန္ဒာကိစ္စတုန်းကလည်း ကင်းတစ်ယောက် အသည်းအသန် ဖြစ်နေသောကြောင့်ပင် . . . ။

သူ အသည်းအသန်ဖြစ်လွန်း၍ပင် ကင်းနှင့် မိုးနန္ဒာကိစ္စက အတွင်းသိ အဝန်းအဝိုင်းတွင်သာမကပဲ တစ်ပြည်လုံး ဟိုးဟိုးကျော် မတတ် လူသိရှင်ကြား ဖြစ်သွားခဲ့သည်။

'ကင်း' နှင့် 'မိုးနန္ဒာ' ပြဿနာကို စိတ်ဝင်စားဆဲရှိတုန်း ကင်း ပရိသတ်တစ်ယောက်သာ ကြည်ပြာ့ကိစ္စကို သိသွားလျှင် အံ့ ဩလွန်းသဖြင့် နေရာကနေ ထခုန်သွားနိုင်သည်။

"အင်း . . . "

မမ အပူလုံးနှင့်ရော၍ သက်ပြင်းချလိုက်၏။

ကင်း . . . ဟု အများကသိသော ဖိုးသားတစ်ယောက် ဘာဖြစ်သွားပါလိမ့်၊ ဘပတစ်သက်တာလုံးမှာ ဖြူနှင်းသိခဲ့သော ဖိုးသားသည် အခုသည်နေ့ ၁၉၉၉-ခုနှစ် ကင်းနှင့် ဘာမှမဆိုင်။

ဖိုးသား၏ အပြောင်းအလဲများသည် မနှစ်ကလောက်မှ စခဲ့ခြင်းဖြစ်သည်။ 'ကင်း' အဖြစ် နာမည်ကြီးလာတော့လည်း သူ့ လောကထဲမှာ လူတကာ စံထားပြောဆိုခဲ့ရသော တည်ငြိမ်ကြီးစား သည့် အနုပညာရှင် တစ်ယောက်သာ ဖြစ်သည်။

ဟိုပြဿနာ၊ သည်ပြဿနာ စသော ပြဿနာတွေက မနှစ်က နှစ်ဦးပိုင်းလောက်ကမှ စလာခဲ့ခြင်း ဖြစ်၏။

"ဟင်း . . . "





များပြားလှပြီဖြစ်၍ အကြိမ်ပေါင်းမည်မျှဟု ဘယ်လိုမှ ရေတွက်နိုင်တော့သော သက်ပြင်းတစ်ခုကို ဖြူနှင်း ချမိပြန်သည်။

စင်စစ် . . . ခုချိန်မှာ အတိတ်ဆိုသောအရာတို့ကို ဖြူနှင်း မတွေးချင်။ ပြန်တွေးဖို့လည်း မသင့်။

အခု . . . သူမရင်ဆိုင်နေရသော ပြဿနာတို့ကို သည် အတိုင်း ရင်ဆိုင်လိုက်ရတာက ဖြူနှင်း သက်သာသည်။

သူ ဘယ်လိုပဲ လှည့်ပတ်၊ ညာလှိုင်းသွားသွား၊ တကယ်တမ်း ရှာကြံချင်းယှဉ်လျှင် ဖြူနှင်းကို သူမမီ။

ပြီးတော့ ဖြူနှင်းကို ကူညီချင်သောသူတွေက သူ့အသိုင်း အဝိုင်းထဲကပင် အများကြီးရှိသည်။

ဖြူနှင်းကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ သူ့လူ၊ သူ့ ပရိသတ်တွေဟု ပြောနိုင်သော ရုပ်ရှင်ကြည့်ပရိသတ်အများ စုက ဖြူနှင်းကို သူ့ဇနီးအဖြစ် သိကြသည်။

ဖြူနှင်းကိုသာ သူလိမ်ညာ၍ ရမည်။ ပရိသတ်ကို လိမ်ညာ ၍မရ။ ဘယ်နေရာ ဘယ်အကွေ့မှာ တွေ့တွေ့၊ ကင်းကို ကင်းဟု သိသော်လည်း မရှိ။

ကင်းဟုသိလျှင် ကင်းအနားမှာ ပါလာသူကိုလည်း ဖြူနှင်း မဟုတ်လျှင် မဟုတ်မှန်း သိကြသည်။

သူ တစ်ခုခု မဟုတ်တရုတ်လုပ်မည်ထင်သည်နှင့် လူတိုင်း လိုလို စောင် ဆယ်ယောက်တစ်ယောက် အယောက်နှစ်ဆယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဆိုသည်ကတော့ ကင်း၏ဖုန်းအဖြစ် သူတို့သိနေကြသော အိမ်ဖုန်းကို လှမ်းဆက်ပြောတော့သည်။

ကင်းအမျိုးသမီးလား . . . မဖြူလား . . . မှမလားစသဖြင့် သူတို့သိရာ ခေါ်လိုရာ အမည်တပ်ခေါ်ပြီး ဖြူနှင်းကို ကင်းအကြောင်း ပြောတော့သည်။

ယုတ်စွအဆုံး ဘယ်သူမှ မပြောလျှင်ပင် ဖြူနှင်းဒီလောက်တော့မအ။

အစတစ်ခုခု ရထားတာရှိလျှင် ထိုအစကိုဆွဲ၍ တစ်စပေါ်လျှင် ချည်စင်၍ ဆိုတာလို မီးခိုးကြွက်လျှောက်လိုက်သော ကိစ္စကို ဖြူနှင်း လုပ်တတ်သည်။

ဖြစ်ကြောင်းကုန်စင် သိပြီဆိုလျှင်လည်း ထိုကိစ္စကို ဘယ်လို ဖြေရှင်းရမည်ဆိုသည်ကို ဖြူနှင်း သိသည်။

သည်နည်းဖြင့် မိုးနန္ဒာကိုပင် ဖြူနှင်း အနိုင်ယူခဲ့ပြီးပြီပဲ

ခု ကြည်ပြာ ပြဿနာကိုလည်း တစ်နည်းနည်းဖြင့် ရှင်းနိုင်ဦးမှာပဲဟု ဖြူနှင်း ယုံကြည်သည်။

သို့သော် အနိုင်ယူနိုင်တာက အနိုင်ယူတာတခြား။

ဖြေရှင်းနိုင်တာက ဖြေရှင်းနိုင်တာ တခြားပဲဖြစ်မည်။

ဘယ်လိုနိုင်နိုင်၊ ဘယ်လိုရှင်းရှင်း၊ ဒါတွေဟာ သူ ငါ့ကို ပစ်ခွာဖို့ ကြိုးစားခဲ့တာပဲ။ တစ်နည်းပြောရရင်လဲ သူ ငါ့ကို သစ္စာ တာက သစ္စာမဲ့တာပဲ . . . ဆိုသော ရလဒ်ကတော့ ရင်ထဲ





နာကျင်ဆွေးမြေ့စွာ ကျန်ခဲ့သည်။

သူသာ ကိုယ့်ကိုကိုယ် ချစ်သလိုချစ်လျှင် သည်ပြဿနာဆိုတာမျိုး တစ်စတစ်ပိုင်းပင် ပေါ်ထွက်လာစရာမရှိ။

ဖြေရှင်းရင်ဆိုင်ရစရာလည်း အကြောင်းမရှိ။

သည်အတွေးကို အတိတ်နှင့်သာ ဆက်စပ်လိုက်လျှင် နာကျင်ဆွေးမြေ့ခြင်းဝေဒနာသည် ကြေကွဲယူကျုံးမရဖြစ်ခြင်းနှင့် အလိုလိုပေါင်းစပ်တွဲဆက်ပြီး ရင်ထုမနာဖြစ်ရသည်၊ ဆောက်တည်ရာမရ ဖြစ်ရသည်။

ထိုဝေဒနာကျတော့ ဖြေဆေးမရှိ။

ခုပင်လျှင် ထိုအဆိပ်က နှလုံးသားထိအောင် ပျံ့နှံ့နေပြီဖြစ်သည်။

အတိတ်နှင့်ပစ္စုပ္ပန်ပေါင်းစပ်လိုက်သည်နှင့် ဖြူနှင်းအနာဂတ်ကို မတွေးရဲတော့။

ဘယ်လိုတွက်တွက် အနာဂတ်ဘဝမှာ တစ်သက်လုံးကဖြူစင်စွာနှင့် သူ့အတွက်သက်သက်ဟု ရည်ရွယ်ထားခဲ့သော နှလုံးသားသည် အသက်ရှည်စွာ အနာမဲ့စွာ ဆက်လက်တည်ရှိနိုင်ဖို့ အကြောင်း မရှိတော့။

ခုပင်လျှင် သူမဘဝမှာ မြတ်နိုးခြင်းခံရသော ချစ်ဇနီးနေရာမှနေ၍ အချစ်နှင့်ပတ်သက်သော လူဆိုးထိန်းဘဝ ရောက်နေခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ချစ်သူကိုကိုယ် ဓါးပြတိုက်လုယက်၍ ကိုယ့်လက်ထဲပြန်ရောက်အောင် လုပ်နေရသောဘဝ။

သို့အတွက် ဖြစ်နိုင်သမျှ အတိတ်နှင့်ပစ္စုပ္ပန်ကို မပေါင်းစပ်နိုင်အောင် ဖြူနှင်းကြိုးစားမည်။

ကုန်လွန်ခဲ့ပြီဖြစ်သော အတိတ်၏ နေ့ရက်များကို မှတ်မိချင်စဖွယ်မရှိသော အိပ်မက်များအဖြစ် အတိတ်မှာပဲ ထားရစ်ခဲ့ဖို့ အကြိမ်ကြိမ် ကြိုးစားမည်။

သို့သော် ထိုအကြိမ်ကြိမ် အခါခါတိုင်း၌ပင် သူမ၏ ကြိုးစားမှုများ အရာမထင်ခဲ့။

ထိုသို့ မေ့ရင်းမေ့ရင်းနှင့်ပင် အတိတ်တို့သည် စိတ်အစဉ်သို့ တိုးဝင်ရောက်လာကြမြဲလည်း ဖြစ်၏။

❀❀❀



# အပိုင်းတစ်

ဖြူနှင်းသန့်စင်



www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁

"ဟေ့ကောင် ဖိုးသား . . . မင်း ငါ့လောက်သတ္တိရှိလား၊ ငါလုပ်သလို လုပ်ရဲလား . . . ဒီမှာကြည့် ငါလုပ်ပြမယ်"

တိုက်ဆိုင်မှုတစ်ခုပဲ ပြောရမည်။ ကျောင်းနေလာသည့် သက်တမ်းက မနည်းတော့။ သို့သော် ဖြူနှင်း တစ်ခါမှ ထိုနေရာမှာ မထိုင်ဖူးခဲ့။ ထိုနေရာဆိုသည်မှာ ကျောင်း၏ ပင်မဆောင်တောင်ဘက်ထိပ်ရှိ ဇန်ဒါပင်အောက်မှ ခုံတန်းလေးကို ဆိုလိုခြင်းဖြစ်သည်။

ထိုခုံတန်းလေးမှာ တစ်ခြားသူတွေ ထိုင်နေတာတော့ မြင်ဖူးသည်။ ထိုနေရာတစ်ဝိုက်က သစ်ပင်သစ်ရိုပ်များနှင့် အတော်လေး အေးချမ်းသည့်နေရာလေးဖြစ်သည်။





ကျောင်းဝင်းနှင့် ကပ်လျက် ဆောက်လုပ်ရေးဝင်းမှ ထုတ္တိုပင်ဇရာမကြီးတစ်ပင်ကလည်း ကျောင်းဘက်ခြမ်းထဲ အကိုင်းများကျော်၍ အရိပ်တွေ ပုပ်ပေးထားသည်။

ကျောင်းဝင်းထဲမှာလည်း သူမထိုင်နေသည့် ဇန်ဒါပင်ကော၊ သည်ဘက်နားမှာ ကျောင်းအဝင် လမ်းဘေးဘက်၌ စီစိုက်ထားသော မဟော်ဂနီပင်တန်းများ ဆီကကော အရိပ်ရသည်။

ထိုနေ့က ဘာရယ်မဟုတ်။ နေ့လည် ကျောင်းဆင်းချိန် နေကလည်း အလွန်ပူနေချိန်၊ မုန့်စားတန်းဘက်သွားရင်းကနေ ထိုနေရာလေးကို လှမ်းမြင်ပြီး ထိုင်ချင်စိတ်ပေါ်လာခဲ့သည်။

သို့အတွက် ဖြူနှင်း ထိုခုံတန်းလေးသို့ ရောက်နေခြင်းဖြစ်၏။

သူမထိုင်နေသည့် ခုံတန်းနှင့် မလှမ်းမကမ်းမှာ ချာတိတ် သုံးလေးယောက်လည်း ကစားနေကြသည်။

ချာတိတ်ဟုခေါ်ရသော်လည်း သိပ်ကလေးပေါက်စ သုံးလေးတန်းကလေးတွေတော့မဟုတ်။ ဖြူနှင်းထက် အတန်းငယ်ပုံရသော ခြောက်တန်း၊ ခုနစ်တန်းက ကျောင်းသားကလေးများ ဖြစ်မည်။

ဖြူနှင်းက တမင်တကာ လှမ်းကြည့်နေတာတော့မဟုတ်။

သို့သော် ဖြူနှင်းထိုင်နေသည့်နေရာနှင့် သူတို့ကစားနေသည့်နေရာက နီးလည်းနီး၊ တစ်ဘက်နှင့်တစ်ဘက် လှမ်းမြင်နိုင်



www.burmeseclassic.com

www.burmeseclassic.com



သော မျက်စောင်းထိုးအနေအထားမို့ သူတို့လှုပ်ရှားမှုများ မြင်နေရသလို သူတို့ ပြောနေသည့် စကားသံများကိုလည်း ကြားနေသည်။

ထိုအုပ်စုထဲမှ ခပ်ကြီးကြီးကောင်လေးက ခပ်ညှက်ညှက် အသားညိုညိုကောင်လေးတစ်ယောက်ကို လှမ်းပြောလိုက်သည်။

ဖြူနှင်းက ထိုပြောလိုက်သော အကြီးကောင် ဘာလုပ်မြ မည်ဆိုသည်ကို စိတ်ဝင်စားသွားသဖြင့် အမှတ်တမဲ့ လှမ်းကြည့် လိုက်သည်။

ထိုအကြီးကောင်လေးက သူ့လွယ်အိတ်ထဲမှ လက်ဂစ်ဆ သာသာရှိမည့် ရေတ်သီးစိမ်းတောင့်ကို ထုတ်ယူလိုက်သည်။ ထို နောက် မျက်လှည့်ဆရာဟန်ပန်မျိုးဖြင့် ရေပ်သီးစိမ်းကိုပြရင်း . . .

"ဒီမှာနော် . . . ရေပ်သီးစိမ်းတစ်တောင့် . . . စားလိုက် ရင် ဘယ်လောက်စပ်တယ်ဆိုတာ မင်းတို့သိတယ် . . . ဖိုးသား . . . အဲဒီရေပ်သီးစိမ်းကို မင်းလက်နဲ့ခဏကိုင်ထား . . . သေချာ ကြည့် . . . အဲဒါ ငရုပ်သီးအစစ် ဟုတ်မဟုတ်"

ဟန်ပန်နှင့်ပြောရင်း ဖိုးသားဆိုသည့် ကောင်ငယ်လေး လက်ထဲကို ငရုပ်သီးစိမ်းထည့်လိုက်သည်။

ကောင်ငယ်လေးက ငရုပ်သီးစိမ်းကိုကြည့်သည်။

"ငရုပ်သီး အစစ်ဆိုတာ သေချာလား ဖိုးသား"

ကောင်ငယ်လေးက ခေါင်းညိတ်ပြသည်။





ကြီးကြီးကောင်က ပြုံးရင်း . . .

"အဲဒီ ငရုပ်သီးကို ငါ ဒီလိုယူပြီး ဒီလိုစားပြမယ် . . . ပြီးရင် ရေမသောက်ဘဲ မစပ်ဘဲ ငါနေပြမယ်"

ကြီးကြီးကောင်က ဖိုးသားလက်ထဲက ငရုပ်သီးစိမ်းကို ဘယ်လက်ဖြင့် လှမ်းယူလိုက်သည်။ ထို့နောက် ဘယ်လက်မှနေ ညာလက်ထဲပြောင်းထည့်ပြီး ညာလက်ဖြင့် ပါးစပ်ထဲထည့်သည့်ဟန် ခန်ပြသည်။ တကယ်မစားသေး . . .။

"မင်း ယုံလား ဖိုးသား . . . "

ဖိုးသားက ခေါင်းခါပြသည်။ အကြီးကောင်က ပြုံး၍ . . .

"အေး . . . အဲဒါဆို မင်းကိုင်ထား . . . မင်းလက် ထဲကနေ ငါယူစားမယ် . . . ယူပြီ . . . စားပြီ . . . "

အမှတ်တမဲ့တော့ ဖြူနှင်း လန့်သွား၏။ မှန်တာဝန်ခံရလျှင် သူမလည်း ဒီလိုငရုပ်သီးစိမ်း တစ်တောင့်ကို ဘာမှမပါပဲ ပါးစပ်ထဲ ထည့်မဝါးရဲ၊ မစားရဲ။

ကြီးကြီးကောင်က ခပ်တည်တည်ပင်။ ဖိုးသားလက်ထဲက ငရုပ်သီးကို ဘယ်လက်ဖြင့် လှမ်းယူသည်။ ထို့နောက် ဘယ်လက်ထဲ ကနေ ညာလက်ထဲ ပြောင်းထည့်ပြီး ညာလက်ဖြင့် ပါးစပ်ထဲ ထည့် သည်။

ထို့နောက် ရှုံ့မဲ့၍ပါးစပ်ကို ညာလက်ဖြင့်အုပ်ရင်း အတင်း ခဲ၍ဝါးပြသည်။ ထို့နောက် အတင်းမြိုချသည်။



www.burmeseclassic.com

www.burmeseclassic.com



သုံးလေးငါးခါလောက် အတင်းမြို့ချသည့်ပုံ လုပ်ပြပြီးမှ မျက်လုံးမှိတ် ပါးစပ်ဟ၍ "ဟူး . . . ဟူး . . . ဟူး . . ." ဟု သုံးခါလောက် လေမှုတ်ထုတ်လိုက်သည်။

ပြီးမှ လေတစ်ဝရှူသွင်းပြီး ပြန်မှုတ်ထုတ်လိုက်သည်။

"ဟူး . . . ကဲ . . . အိုကေတယ်နော် . . . ငါစားလိုက်ပြီးပြီ . . . ငါဘာမှမဖြစ်ဘူး . . ."

အကြီးကောင်ကိုကြည့်၍ ဖိုးသားဆိုသော ကောင်လေး အံ့ဩနေသလို၊ ဖြူနှင်းလည်း အံ့အားသင့်သွားသည်။

ထိုစဉ် စောစောက ဘေးကရပ်ကြည့်နေသော အသား ဖြူဖြူ စပ်ဖြဲဖြဲနှင့် ကောင်လေးတစ်ယောက်ကဝင်၍ . . .

"အဲဒီလိုတော့ ငါလဲ စားရဲတာပေါ့ . . . မင်းမှာ ရေပ်သီး ရှိသေးလား . . . ပေး . . . ငါစားပြမယ်"

"မင်း တကယ်စားမှာလား . . ."

"စားမှာ . . . ရေပ်သီး ပါလား"

"ပါတယ် . . . ငါ့လွယ်အိတ်ထဲမှာ ရှိတယ်"

အဖြူကောင်လေးကို အကြီးကောင်လေးက တုံ့ပြန်ပြောရင်း လွယ်အိတ်ထဲမှ ရေပ်သီးတစ်ထောင့် ပေးလိုက်ပြန်သည်။

အဖြူကောင်လေးက ရေပ်သီးကို လှမ်းယူပြီ ဖိုးသားဘက် လှည့်၍ . . .

"ရော့ . . . ဖိုးသား . . . မင်းကိုင်ထား"





ဖိုးသားကလည်း ယောင်ပေပေနှင့် ကိုင်ထားပေးသည်။

အဖြူကောင်လေးက . . .

"ဒီကောင့် လက်ထဲက ရေပ်သီးကို ဒီလိုယူပြီး . . . ဒီလို စားပြရမှာနော်"

စောစောက အကြီးကောင်လုပ်သလိုပင် ဘယ်လက်နှင့်ယူ၊ ညာလက်ထဲပြောင်း၊ ညာလက်နှင့် ပါးစပ်ထဲ ထည့်ဟန်ပြသည်။

အကြီးကောင်က ခေါင်းညိတ်၍ . . .

"ဟုတ်တယ်"

"ရတယ် . . . ငါစားပြမယ် . . . ရော့ . . . ဖိုးသား ယူထား"

ဖိုးသားကို ရေပ်သီး လှမ်းပေးသည်။ ဖိုးသားလက်ထဲကနေ ဘယ်နှင့်ယူ၊ ညာသို့ပြောင်း၊ ပါးစပ်ထဲထည့်၊ ပြီးတော့ လက်နှင့် ပိတ်ပြီး ကြိတ်ဝါးဟန်ပြုသည်။ ထို့နောက် တဟူးဟူးနှင့် လေမှုတ် ထုတ်သည်။ ပြီး . . . ပင့်သက်ရှိုက် လေပူမှုတ်ဟန်ပြု၍ -

"တွေ့လား . . . ငါလဲ မင်းလို သတ္တိရှိပါတယ်ကွ"

ဒုတိယ ခပ်ဖြူဖြူကောင်လေး လုပ်အပြမှာတော့ ဖြူနှင်း နည်းနည်းသဘောပေါက်သလို ဖြစ်လာသည်။ လုပ်နည်းလုပ်ပုံကို အတိအကျ မပြောတတ်သေးသော်လည်း ဒီကောင်လေးတွေ ဟန်များပုံကြည့်၍ ရေပ်သီးကို တကယ်စားခြင်း မဟုတ်ကြောင်း သဘောပေါက်သွားသည်။ ထိုစဉ် . . .



www.burmeseclassic.com

www.burmeseclassic.com



"ငါလဲ သတ္တိရှိတယ်ကွ . . . လုပ်ပြမယ်"

အနားမှာရှိနေသော တတိယကောင်ညိုညိုလေးကလည်း အားကျမခံ ဝင်ပြောပြီး အကြီးကောင်ထုတ်ပေးသည့် ငရုပ်သီးကိုယူ၍ ဖိုးသားလက်ထဲ ကိုင်ခိုင်းပြီး စောစောအတိုင်း လုပ်ပြပြန်သည်။

သည်တစ်ကြိမ်မှာတော့ မြနှင်းပင် နည်းလုပ်ဟန်ကိုပါ သဘောပေါက်သွား၏။

'ကလေးတွေ ဉာဏ်တော်ပေါ်များတယ်' . . . ဟုလည်း စိတ်ထဲကနေ ရယ်ရင်းပြောလိုက်သည်။

အမှန်ကတော့ တကယ်စားကြတာမဟုတ်၊ မျက်လှည့်လုပ်ပြနေခြင်းသာဖြစ်သည်။ ငရုပ်သီးကို ဖိုးသားကိုကိုင်ခိုင်း၊ ဘယ်လက်နှင့်ယူ၊ ညာလက်သို့ပြောင်းက နည်းဗျူဟာပဲဖြစ်သည်။

ဘယ်လက်နှင့် ညာလက် အပြောင်းမှာ ငရုပ်သီးကို လက်နှင့်ကွယ်ပြီး ဘယ်လက်ထဲမှာပင် ချန်ထားလိုက်သည်။ ညာလက်က ယူချင်ယောင်ဆောင်၍ စားချင်ဟန်ဆောင်လိုက်ခြင်းဖြစ်သည်။ ကျန်တာတွေက အမူအရာသာ။

သို့သော် ဇာတ်လမ်းက သည်မျှနှင့်မပြီး . . .

တကယ့်ဇာတ်လမ်းက နောက်ဆက်ဖြစ်သည့်ကိစ္စမှ စခြင်းဖြစ်၏။

"ကဲ . . . ငါတို့အားလုံး စားရဲတယ် . . . သတ္တိလဲရှိတယ် ဖိုးသား မင်းကော ဘယ်လိုလဲ . . . ယောက်ျားဆို သတ္တိရှိရ





ယ်ကွ"

အကြီးကောင်က ပြန်စလိုက်သည့် ဇာတ်လမ်းဖြစ်မည်။

အကြီးကောင် စကားအဆုံးမှာ ဖိုးသားက ရှုံ့မဲ့ရင်း . . .

"ငါက အစပ်မစားရဲဘူးကွ . . . အိမ်မှာဆိုရင် ဟင်း ာင် ငါ့အတွက် ငရုပ်သီးမထည့်ဘဲ ကျွေးရတယ်"

"အဲဒါ မင်းသတ္တိမရှိလို့ပေါ့ . . . အလကား ဖိုးသား ကြောက်"

"အေးလေ . . . မင်းယောက်ျား မဟုတ်ဘူး . . . ကြောက်ပဲ"

အညိုကောင်လေးကလည်းဝင်၍ . . .

"နေပါစေကွာ . . . မကျွေးပါနဲ့ . . . ဒါမျိုးက သတ္တိရှိ ယောက်ျားတွေမှ လုပ်ရဲတာကွ"

ဖိုးသားဆိုသည့် ကောင်လေးတော့ ဒုက္ခရောက်တော့မှာပဲ မြနှင်း စိတ်ပူပန်သွားသည်။

စိတ်ထဲကလည်း . . .

"ဟော့ကောင် . . . မင်း မအနဲ့နော် ဖိုးသား . . . အဲဒါ တို့ လိမ်ပြီး မြှောက်ပေးနေတာ" ဟု . . . ပြောလိုက်သေးသည်။

သို့သော် . . . ဖိုးသားဆိုသည့် တုံးလေးက သိပုံမရ။

"အဲလိုတော့ မပြောနဲ့ကွာ . . . ငါယောက်ျား . . . သတ္တိ ယ် . . . ပေး . . . မင်းမှာ ငရုတ်သီးရှိသေးရင် ပေး . . .



www.burmeseclassic.com

www.burmeseclassic.com



အောင်ဦး . . . ငါစားပြမယ်"

"ဘုရား . . . ဘုရား ဒီကောင်လေး ဘာလုပ်ဦးမလို့လဲ" ဟု ဖြူနှင်း ပူပန်နေဆဲမှာပင် အောင်ဦးဆိုသော အကြီးကောင်လေးက ရှောက်သီးတစ်ထောင့် ဆွဲထုတ်ပေးလိုက်သည်။

ရှောက်သီးပုံစံက မပြောင်း . . . ကြည့်ရတာ ရှောက်သီးက တစ်ထောင့်ထဲနှင့် ဖိုးသားကို ညာနေပုံရသည်။

ဖိုးသားဆိုသည့် ကောင်ကလည်း ဒါတွေကို ဘာမှစဉ်းစား ဆင်ခြင်နေပုံမရ။ အောင်ဦးကမ်းပေးလိုက်သည့် ရှောက်သီးကို ဆတ်ခနဲလှမ်းယူသည်။ ပြီးတော့ ဘယ်တွေ ညာတွေလုပ်မနေတော့ပဲ ရှောက်သီးကို ပြောင်ကြီးကိုင် ပါးစပ်ထဲသို့ ဝါးချလိုက်သည်။

"ဟွဲ . . . "

ဘယ်လိုမှ မနေနိုင်တော့သော ဖြူနှင်းက အော်လည်း အော် ထလည်းထ လုပ်ချိန်မှာ ဖိုးသားက ရှုံ့မဲ့နေသော မျက်နှာဖြင့် ရှောက်သီးကို လေးငါးခြောက်ခါလောက် ကြိတ်ပြီး ဝါးပြီးနေပြီ။

ပြီးတော့ ဘယ်လိုမှ မနေနိုင်တော့သည့် ပုံစံဖြင့် . . .

"အား . . . အား . . . စပ်လိုက်တာကွာ . . . ဟူး . . . ဟူး . . . ဟူး . . . အား မရဘူး စပ်တယ်"

အော်ဟစ်တွန့်လိမ်နေသည်။

"မြိုချလေကွာ ဖိုးသား . . . ဟား . . . ဟား . . . ဟား . . . ယောကျ်ားဆိုကွ . . . သတ္တိရှိတယ်ဆို . . . မြိုချလေ





. . . ဟား . . . ဟား . . . ဟား . . . "

"အေးလေကွာ . . . ငါတို့တုန်းက မြိုချတာပဲ . . . ဟား . . . ဟား . . . ဟား . . . "

ဖိုးသား မချိမဆန့်ဖြစ်နေချိန်မှာ ကျန်သည့်သုံးယောက်က အပြတ်ဝိုင်းဟားသည်။

"တော် . . . ဟော့ကောင်တွေ . . . မင်းတို့ အဲဒါ ဘယ်လိုလုပ်တာလဲ"

ဒေါသနှင့်အတူ ဖြူနှင်း ငယ်သံပါသော အော်ထည့်လိုက်သည်။ သေလုမတတ်ဖြစ်နေသည့် ဖိုးသားဆီသို့လည်း ပြေးသွားသည်။

ထိုအခါမှ ကျန်သုံးကောင် လန့်ဖြန့်ပြီး အရယ်ရပ်၍ နောက်ဆုတ်ပြေးသည်။

ဖြူနှင်းက လက်ညှိုးထိုး၍ . . .

"နင်တို့မသွားနဲ့ . . . နင်တို့ကို ငါ ရိုးခန်းပို့မယ် . . . နင်တို့ ဘာလုပ်တယ်ဆိုတာ ငါ အစအဆုံးမြင်တယ် သိတယ် . . . အာ ဒီကိုလာစမ်း"

ထုံးစံအတိုင်း ဖြူနှင်း ဒေါသထွက်လာလျှင် လုပ်တတ်သလို အသံကို ခပ်တင်းတင်း ပြင်ဝတ်လိုက်သည်။

ချာတိတ်သုံးကောင်လည်း ရိုးခန်းဆိုသော အသံကြောင့်ရော . . . ဖြူနှင်း၏ ဘီလူးတစ်ပိုင်း အမူအရာကြောင့်ရော



www.burmeseclassic.com

www.burmeseclassic.com



မပြောတတ်။ နောက်ပင်လှည့်မကြည့်တော့ဘဲ တချိုးတည်း ထွက်ပြေးသွားတော့၏။

"အား . . . အား . . . စပ်လိုက်တာ . . . အား"

ကျန်ခဲ့သည့် ဖိုးသားကတော့ မြေကြီးပေါ်မှာ လူးလိမ့်မနေရုံတမယ်ရှိတော့သည်။ မျက်နှာနှင့် တစ်ကိုယ်လုံးမှာ ချွေးတွေ ရွှဲနေသည်။

မျက်လုံးကြီးလည်း ပြူးနေ၍ လျှာကြီးကို အပြင်ထုတ်ထားသည်။ မျက်ရည်တွေလည်း ကျနေသည်။

ဖြူနှင်းစိတ်ထဲမှာ သနားတာကတစ်ဝက်၊ ဒေါသတစ်ဝက် ဖြစ်နေသည်မို့ ဝုတ်တုတ်ထိုင်ပြီး အော်ဟစ်နေသော ဖိုးသားကို အင်္ကျီဂုတ်မှ ဆွဲမလိုက်ရင်း . . .

"နင်ကလဲနင်ပဲ ဖိုးသား . . . အဲသလောက် အ,ရလား . . . အဲသလောက် အသုံးမကျရလား . . . လာ . . . လိုက်ခဲ့ . . . ကျောင်းရေအိုးစင်မှာ ရေသောက် . . . နင့်လောက်မိုက်တဲ့ကောင်လေးမျိုး ငါ့မောင်သာဆို ပါးနှစ်ချက်လောက် ထပ်ရိုက်လိုက်သေးတယ်"

ပြောလည်းပြော ကျောင်းရေအိုးစင်ဘက်သို့လည်း ဆွဲခေါ်သွားသည်။

ရေအိုးစင်အရောက်တွင် ဖိုးသားသောက်ရန် ရေသုံးလေးခွက်ဆင့်၍ ခပ်ပေးလိုက်သည်။ ဖိုးသားက အငမ်းမရ သောက်





သည်။

"ဘယ်လိုနေလဲ သက်သာလား . . . "

"ဟင့်အင်း . . . အရမ်းစပ်တာပဲ"

"ဟင်း . . . "

ဖြူနှင်း သက်ပျင်းချသည်။ သင်းကလေး ဒုက္ခကြည့်ပြီးတော်လည်း စိတ်ဆင်းရဲသွား၏။

"ကဲလာ . . . မုန့်စားတန်း လိုက်ခဲ့"

သင်းကလေးကလည်း ယောင်ပေပေနှင့် ပါလာသည်။

မုန့်စားတန်းရောက်တော့ ဖြူနှင်းက အစပ်သက်သာမည်ထင်သော နာနတ်ယို၊ သကြားလုံး စသဖြင့် နှစ်မျိုးသုံးမျိုး ဝယ်ပြီး စားခိုင်းသည်။

ဝတီလေးကလည်း စားသည်။

ဖြူနှင်းက ဖိုးသားမျက်နှာကို အကဲခတ်ရင်း . . .

"ဘယ့်နှယ်လဲ"

"အင်း . . . စောစောကလောက် မစပ်တော့ဘူး"

"အေး . . . အဲဒါဆို စောစောကလို လေစုပ်သွင်းလိုက် ထုတ်လိုက် နည်းနည်းလုပ်လိုက်"

ဖိုးသားက ရှူး၊ ဟူးနှင့် လုပ်သည်။

ဖြူနှင်းက သူ့အမူအရာကိုကြည့်၍ ရယ်ချင်စိတ်ပင် ပေါက်သည်။ သည်ပုဂ္ဂိုလ်လေးမျက်နှာက တကယ့်ကို အရိုးခံလေးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း သိသာပေါ်လွင်နေသည်။

ဒါပေမယ့် . . . ယောကျ်ားလေးဖြစ်ပြီး သူများလုပ်ညွှ်စာ နိုပ်စက်တာ ခံရလောက်အောင် ရိုးတာမျိုးတော့ ဖြူနှင်း မကြိုက်ပါ

ကောင်လေးပုံစံက သည်တစ်ါနှင့်လည်း မှတ်မိလည်ယ သွားမည့်ပုံစံမျိုး မပေါက်။ နည်းနည်းပါးပါးတော့ ပြောထား င်ထာ ရလျှင် ကောင်းမည်ဟု စေတနာ့ဝင်မိသည်။

"နင် ဘယ်နှစ်တန်းကလဲ ဖိုးသား"

"ခုနှစ်တန်းကပါ အမ့်"

ထိုအချိန်မှာ ဖြူနှင်းက ကိုးတန်းမို့ ကောင်လေးက နှ တန်းငယ်သည်။

"ခုနှစ်တန်း . . . ဘယ်အခန်းကလဲ"

"ဘီ-အခန်းကပါ"

"အေး . . . အခုတော့ ကျောင်းပြန်တက်တော့မယ် . . အဲဒီတော့ ကိုယ့်အခန်း ကိုယ်ပြန် . . . ဟိုကောင်တွေနဲ့ ဘာစကာ မှ သွားမပြောနဲ့ . . . ခေါ်လဲ မခေါ်နဲ့တော့ ကြားလား . . .

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့"

"နင့်အိမ်ကကော ဘယ်နားမှာလဲ . . . နင်တို့ ဘယ် နေလဲ မေးတာ"

"ဖေယျာလမ်းထဲမှာ"

"ဖေယျာလမ်းထဲ . . . ဟုတ်လား . . . ဖေယျာလ



အိမ်နံပါတ်ဘယ်လောက်လဲ"

"၁၉"

"ဟာ . . . နင်က ငါတို့အိမ်နားမှာ နေတာပဲ . . . အဲဒါဆို ကျောင်းဆင်းရင် အခန်းပြင်မထွက်နဲ့ဦး . . . ငါနင့်ကို လာခေါ်မယ် . . . ကြားလား ဖိုးသား . . . ငါမလာမချင်း နင် အခန်းပြင် မထွက်နဲ့ . . . နင်နဲ့ ငါနဲ့ အတူတူပြန်မယ်"

"ဟုတ်ကဲ့ . . . "

"အဲဒါဆို သွားတော့ . . . အခု နည်းနည်းနေလို့ရပြီ ဟုတ်လား"

"ဟုတ်ကဲ့"

ခေါင်းညိတ်ပြောရင်းနှင့် ဖိုးသားက သူမ နားကနေ အေးအေးဆေးဆေး ထွက်သွားသည်။

"ဟင်း . . . "

ဘာမှမဆိုင်သော်လည်း ဖြူနှင်းက ထိုအလေးအတွက် ကျေပ်ပူပင်စွာ သက်ပျင်းချလိုက်၏။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၂

"မင်းနာမည်က မောင်ဖိုးသားလား"

"မဟုတ်ပါဘူး . . . ကျောင်းမှာ ကျွန်တော့်နာမည်က မောင်သူရိန်လင်းပါ . . . ဖိုးသားဆိုတာ ဖေဖေ မေမေနဲ့ သူငယ်ချင်းတွေက ခေါ်ကြတာပါ"

"ဪ . . . ဒါဖြင့် မမကကော ဘယ်လိုခေါ်ရမလဲ"

"ဟို . . . ဟို . . . မမကြိုက်သလို ခေါ်ပါ"

"အင်း . . . အဲဒါဆိုရင်တော့ မင်းဖေဖေ မေမေတို့ သူငယ်ချင်းတို့ခေါ်သလိုပဲ ဖိုးသားလို့ခေါ်တာ ကောင်းပါတယ် . . . ဒါပေမယ့် မမက မင်းသူငယ်ချင်းတော့ မဟုတ်ဘူးနော် . . .





မင်းထက် မမက အသက်ကြီးတယ် . . . မင်းမှာ အစ်မရှိလား"

"ဟုတ်ကဲ့ ရှိပါတယ်"

"မင်းတို့အိမ်မှာ ညီအစ်ကိုမောင်နှမ ဘယ်နှစ်ယောက်ရှိလဲ"

"မရှိပါဘူး . . . ကျွန်တော် တစ်ယောက်တည်းပဲ"

"ဟင် . . . ဒါဖြင့် စောစောက အစ်မရှိတယ်ဆို"

"အဲဒါက ဝမ်းကွဲတွေပါ . . . အိမ်မှာ မရှိပါဘူး"

ဖြူနှင်း ရယ်လိုက်သည်။

"ဒါဖြင့် အိမ်မှာတော့ မင်းက တစ်ဦးတည်းသောသားပေါ့ ပေါ့လား . . . ဖေဖေနဲ့မေမေက တစ်ယောက်တည်းပဲ မွေးထားတာလား . . . "

"မဟုတ်ပါဘူး မမ . . . ကျွန်တော့်မှာ မေမေမွေးထားတဲ့ ညီမလေးတစ်ယောက် ရှိပါသေးတယ် . . . ဒါပေမယ့် သူလဲ အိမ်မှာ မရှိဘူး"

"ဟင် . . . သူက ဘယ်ရောက်နေလို့လဲ"

"သူက မေမေနဲ့ နေတယ်"

"ဒါဖြင့် မင်းက . . . "

"အိမ်မှာ ဖေဖေနဲ့ပဲ နေတယ်"

"မင်းဖေဖေနဲ့မေမေက အတူမနေဘူးလား"

"ဟင့်အင်း . . . ဖေဖေနဲ့မေမေက ကွဲနေကြပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



. . . . မေမေက ညီမလေးကိုခေါ်ပြီး ဆင်းသွားတယ် . . . ကျွန်တော်က ဖေဖေနဲ့ နေခဲ့ရတယ်"

"သြော် . . . မေမေတို့က ဘယ်မှာနေလဲ"

"မသိပါဘူး မမ . . . မေမေတို့နဲ့ ကျွန်တော် မတွေ့ရတာ အကြာကြီးရှိနေပြီ"

ပထမတော့ စကားတွေ ရှုပ်ယှက်ခတ်ကုန်၍ အဓိပ္ပါယ် မပေါက်သော်လည်း ပြောရင်းနှင့် ဖိုးသားဘဝကိုသဘောပေါက်လာသည်။

အမှန်က ဖိုးသားနှင့် ကျောင်းက အတူတူပြန်လာခြင်းမှာ ဒါတွေ မေးဖို့စမ်းဖို့မဟုတ်။ အလွန်းသဖြင့် အနိုင်ကျင့်ခံရတတ်သော သည်ချာတိတ်ကို တစ်ရပ်တည်း၊ တစ်လမ်းတည်းပြန်ရမှာမို့ သိပ်မအေ,ဖို့ ဆုံးမစကားပြောထားရန် စိတ်ကူးဖြင့် အတူတူပြန်လာကြခြင်းဖြစ်သည်။

သို့သော် . . . မေးရင်းစမ်းရင်းကနေ ဖိုးသားဘဝကို သိခွင့်ရလိုက်သည်။

စောစောပိုင်း "မင်းမှာအစ်မရှိလား" ဟု မေးလိုက်စဉ်က အကယ်၍ အစ်မ မရှိဘူးပြောလျှင် ဖြူနှင်းက ဒီလိုဆို မင်းအစ်မလို့ ငါ့ကို သတ်မှတ်လိုက် . . . ဘာညာပြောရန်ဖြစ်သည်။

ခုတော့ ထိုကိစ္စထက် ဖိုးသားအဖေနှင့် အမေကိစ္စကို စိတ်ဝင်စားသွားပြီမို့ ထိုအကြောင်းအရာဆီ စကားပြန်မရောက်





တော့ဘဲ သိချင်တာတွေ ဆက်မေးနေပါသည်။

"မင်းအဖေနဲ့ အမေက ဘာလို့ကွဲသွားတာလဲ ဖိုးသား . . . မင်းသိလား"

"ဟုတ်ကဲ့ . . . သိပါတယ် . . . ဖေဖေက အရက်အရမ်း သောက်လို့တဲ့ . . . မေမေက ပြောမရလို့ စိတ်ဆိုးပြီး ဆင်းသွားတာ"

"မင်းအဖေက အရက် အရမ်းသောက်လား"

"ဟုတ်ကဲ့"

"ဘယ်အချိန်တွေ သောက်လဲ"

"အမြဲတမ်းသောက်တယ်"

"အလုပ်ကော မလုပ်ဘူးလား"

"လုပ်တော့ လုပ်ပါတယ်"

"ဘာလုပ်လဲ"

"တီးဝိုင်းမှာ တယောထိုးပါတယ်"

"သြော် . . . "

ဖြူနှင်းမျက်စိထဲတွင် ဖေဖေရှိစဉ်က ဖေဖေနှင့်လိုက်သွားရင်း အသံသွင်းစတူဒီယိုမှာ သီချင်းတိုက်သည့်နေရာမှာ မျက်လုံးကြီးနီနီ၊ မျက်နှာကြီး အဆီပြန်၍ တစ်နေကုန် တစ်ညလုံး အရက်တွေသောက်ထားသော တီးဝိုင်းတီးသူများကို ပြေးမြင်မိသည်။

ထိုလူကြီးတွေလည်း အရက်ကို မပြတ်သောက်သူများ



www.burmeseclassic.com

www.burmeseclassic.com



မေမေပြောဖူးသောစကားအရ ထိုလူများသည် ထမင်းမစားရချင်နေ၊ ပိုက်ဆံမရချင်နေ၊ အရက်သောက်နေရလျှင် ကျေနပ်သူများ ဖြစ်သည်။

ထိုလူမျိုးထဲက တစ်ယောက်သည် ဖိုးသားအဖေဖြစ်နေပါလား . . . ။

သူတို့နှစ်ယောက် စကားတပြောပြော လျှောက်လာကြရင်း ဗေယျာလမ်းထဲ ရောက်လာသည်။ ဖိုးသားတို့အိမ်နံပါတ်က-၁၉၊ ဖြူနှင်းတို့အိမ်နံပါတ်က-၂၆ ဆိုတော့ ဖိုးသားတို့အိမ်ကို အရင်ရောက်မည်။

ဖြူနှင်းက မြင်နေတွေ့နေကျ ဖြစ်ကောင်းဖြစ်မည် ဖြစ်သော်လည်း အမှတ်တမဲ့ ဖြတ်သန်းနေခဲ့သော အိမ်နံပါတ်-၁၉ ကို ရှာသည်။

တွေ့သည်။

ဖြူနှင်းတို့နှင့် မျက်နှာချင်းဆိုင် အိမ်တန်းဖြစ်သော မြောက်ဘက် မျက်နှာလှည့် အိမ်တစ်လုံး။

ဖြူနှင်း ထင်သလို တစ်လုံးချင်းသပ်သပ် အိမ်မဟုတ်။ ခပ်ကျဉ်းကျဉ်း၊ သုံးခန်းတွဲ ခပ်ဟောင်းဟောင်း ပျဉ်ထောင်အိမ်။ သပ်သပ်ရပ်ရပ်လည်းမဟုတ်။ စုတ်ချာချာ ရှုပ်ပွပွ အနေအထားမျိုး။

"ဒါ . . . မင်းတို့အိမ်လား ဖိုးသား"

"ဟုတ်ကဲ့ . . . ဒီဘက်အစွန်ဆုံးအခန်းပါ"





"ငှားနေတာလား"

"ဟုတ်ကဲ့ . . . "

"မမတို့အိမ်က ဟိုးရှေ့မှာ အိမ်နံပါတ်-၂၆ . . . "

"အိမ်ရှေ့မှာ ဒန်းစင်နဲ့ နှစ်ထပ်တိုက်အိမ်လား မမ"

"ဟုတ်တယ် . . . မင်းသိလို့လား"

"ကျွန်တော်သိတယ် . . . ဒန်းစင်နားက စက္ကူပန်းပင်ကြီးက အဖြူနဲ့ပန်းခရမ်းနှစ်ရောင်စပ်နဲ့ အရမ်းလှတာပဲ"

"အေး . . . မင်း ဒန်းစီးချင်ရင် အိမ်လာခဲ့လေ . . . တစ်ယောက်ယောက်နဲ့တွေ့လို့ ဘယ်သူနဲ့ တွေ့ချင်လို့လဲမေးရင် မမဖြူနှင်းနဲ့ တွေ့ချင်လို့ လို့ပြောလိုက် . . . မှတ်မိလား . . . "

"မှတ်မိပါတယ် . . . မမဖြူနှင်းနဲ့ တွေ့ချင်လို့ လို့ ပြောရမယ်"

"ဟုတ်ပြီ . . . မနက်ဖြန်မနက် ကျောင်းသွားချိန်ကျရင်လဲ မင်း . . . မမဆီလာခဲ့ . . . မမနဲ့အတူ ကျောင်းသွားမယ်ကြားလား . . . "

"ဟုတ်ကဲ့"

ဖြူနှင်းက ဖိုးသားကို ထားခဲ့၍ အိမ်ဘက်သို့ လျှောက်လာခဲ့သည်။

အမှန်တော့ ဖြူနှင်းဘဝ အနေအထားနှင့် ဖိုးသားတို့ဘဝ အနေအထား ဘာမှမဆိုင်။ သည်လိုကလေး တစ်ယောက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



[illegible] ဆက်ဆံလာခြင်းအပေါ် အိမ်ကလူတွေ ဘာပြောဦး [illegible]။

ဘာပြောပြောလေ . . . လောကမှာ လူတွေက ဒီလိုပဲ ကိုယ်လုပ်ချင်ရာလုပ်နေကြတာပဲ။ ဖြူနှင်းလည်း ဖြူနှင်းလုပ်ချင်ရာလုပ်မှာပေါ့။

ဖြူနှင်းလုပ်ချင်ရာလုပ်ရာမှာ ပြဿနာရှာလာရင် ဖြူနှင်းကလည်း တစ်လောကလုံးကို ပတ်ပြဿနာရှာဖို့ ဝန်သိပ်မလေး။

ဖြူနှင်းအကြောင်း သိသွားမည်ဖြစ်၏။



## အခန်း - ၃

"မိဖြူ"

ဖြူနှင်းအိမ်ထဲဝင်လာတော့ အောက်ထပ်မှာ မေမေနှင့် မောင်လေးအောင်အောင်ကို တွေ့ခဲ့သည်။

မေမေက ထုံးစံအတိုင်း ဧည့်ခန်းက ဆက်တီကုလားထိုင်မှာ မဂ္ဂဇင်းတစ်စောင် ဖတ်နေသည်။

ဘာစာအုပ်လဲ၊ ဘယ်စာမျက်နှာလဲ မေးကြည့်၊ သွားကြည့်စရာမလို။ မေမေ ဖတ်နေသော စာမျက်နှာသည် အချစ်ဝတ္ထုတစ်ပုဒ် သို့မဟုတ် ရုပ်ရှင်မင်းသား မင်းသမီးတစ်ယောက်၏ ကိုယ်ရေးကိုယ်တာ အတွင်းရေးကိစ္စ တစ်ခုခု သို့တည်းမဟုတ် ...ောင်



www.burmeseclassic.com

www.burmeseclassic.com



ဟောကိန်း စာမျက်နှာပဲ ဖြစ်မည်။

မောင်လေးအောင်အောင်ကလည်း ထုံးစံအတိုင်း ဝက်အူလှည့်တွေ၊ ပလိုင်ယာတွေနှင့် ပစ္စည်းတစ်ခုကို ဖြုတ်တာလား၊ တပ်တာလည်းမသိ လုပ်နေသည်။

သူ့အကျင့်ကလည်း တစ်မျိုး . . . ။

အိမ်က ပစ္စည်းတစ်ခုခု ပျက်သွားလျှင်ပဲဖြစ်ဖြစ်၊ ပုံမှန်အလုပ်မလုပ်တော့လျှင်ပဲ ဖြစ်ဖြစ်၊ ပြင်ဆိုင်မပို့ခင် သူက အရင်ဖွင့်သည်၊ ဖြုတ်သည်၊ ပြင်သည်။

သို့သော် သူ့လက်ထဲမှာ ပစ္စည်းက ပြန်မကောင်းမလာ။

မူလကထက် အခြေအနေအများကြီး ဆိုးသွားပြီး လွှင့်ပစ်လိုက်ရတော့မည့်အနေအထား ရောက်သွားမှ ဆိုင်သွားပို့မည်။

သူတို့နှစ်ယောက်စလုံးကလည်း ဖြူနှင်းဝင်လာတာကို မော့ပင်မကြည့်။

ဖြူနှင်းကလည်း ထုံးစံအတိုင်း ဘယ်သူ့မှ ဘာမှ မေးထူးခေါ်ပြောလုပ်မနေတော့ပဲ အပေါ်ထပ် ကိုယ့်အခန်းရှိရာ ကိုယ့်ဖာသာတက်လာခဲ့သည်။

အခန်းတံခါးကို သော့လှည့်၍ဖွင့်ပြီး အထဲဝင်မည်ပြုခါမှ ကိုကို့အသံကို ကြားရခြင်းဖြစ်၏။

"မိဖြူ"

"ဘာလဲ"





အမှန်တကယ်တော့ ပထမတစ်ခါ ခေါ်ကတည်းက ဖြူနှင်းကြားပြီးသား ဖြစ်သည်။

မကြားစရာလည်း မရှိ။

ဖြူနှင်းတံခါးသော့ ဖွင့်သံကြားကတည်းက သူ့အခန်းထဲကပြေးထွက်လာပြီး ဖြူနှင်းအနားကပ်၍ ခေါ်လိုက်သောကိစ္စ။

သို့သော် ကိုကို့အကျောလည်း သိပြီးသားမို့ ပထမအကြိမ်မှာ ဖြူနှင်း တမင်မထူးပဲ နေခဲ့ခြင်း ဖြစ်သည်။

ဒုတိယအကြိမ်မှာတော့ ဖြူနှင်း တိုတောင်းပြတ်သားစွာပင် ထူးလိုက်သည်။ ထူးသည့်အသံနှင့် လိုက်ဖက်ညီစွာ မျက်နှာထားတင်းတင်းနှင့်လည်း လှည့်ကြည့်လိုက်သည်။

"ဟာ . . . နင်ကလဲ မိဖြူရာ . . . ငါ့ကို ဘယ်လိုထူးတာလဲ"

"ဘယ်လိုထူးထူး . . . ဘာဖြစ်လဲ . . . ခါတိုင်းလဲ ဒီလိုအချိန်မှာ ဒီအတိုင်းပဲ ထူးနေကျ . . . ခုမှ အဆန်းလုပ်မနေနဲ့"

"ဘာလဲ နင်က ငါပြောမယ့်စကား သိနေလို့လား"

"သိတယ် . . . ထုံးစံအတိုင်း ညီမလေး . . . ငါ့မှာအခက်အခဲရှိနေလို့ ပိုက်ဆံနည်းနည်းချေးစမ်းပါ . . . ဒါပဲပြောမှာဟုတ်လား"

"ဟီး . . . ဟီး"

ကိုကိုက သွားဖြဲကြီးနှင့်ရယ်သည်။ လုပ်မနေနဲ့လေ။ ဒါတွေ



www.burmeseclassic.com

www.burmeseclassic.com



က ဖြူနှင်းအတွက် ရိုးနေပြီ။

ရယ်ပြီးမှ ကိုကိုက . . .

"အေးပါဟာ . . . နင်သိနှင့်နေတော့လဲ ငါအပြောရ သက်သာတာပေါ့ . . . လုပ်စမ်းပါဟာ . . . "

"ဟင်း . . . ဘယ်လောက်လဲ"

"ငါးရာထဲပါဟာ . . . ငါပြန်ပေးမှာပါ"

"နေဦးကိုကို . . . အဲဒီလို ပြန်ပေးမယ်လို့ ပြောပြီး ပြန် မပေးသေးပဲ ယူထားတာ ဘယ်လောက်ရှိပြီလဲ"

"မရှိသေးပါဘူးဟာ နင်ကလဲ . . . မသကာ သုံးလေး ထောင်ပေါ့ . . . "

"ရှစ်ထောင့်ခြောက်ရာ ရှိသွားပြီ ကိုကို . . . ဘာသုံးလေး ထောင်လဲ . . . တော်ပြီ . . . မပေးတော့ဘူး"

"ဟာ . . . မလုပ်ပါနဲ့ဟာ . . . ငါ့မှာ တကယ်အရေး ကြီးလို့ပါ . . . နင်ပြောသလို ရှစ်ထောင့်ခြောက်ရာပဲ ထားဦး . . . အခု ငါးရာဆိုတော့ အားလုံးပေါင်းမှ ကိုးထောင့်တစ်ရာပဲ ရှိပါသေးတယ်"

"ကိုးထောင့်တစ်ရာဆိုတာ နည်းလားကိုကို . . . ဒီပိုက်ဆံ တွေက ဖြူနှင်းအလကား ရထားတာ မဟုတ်ဘူး"

"အေးပါဟာ . . . ငါသိပါတယ် . . . ဒါပေမယ့် နင်က ပိုက်ဆံရအောင် ရှာတတ်ပါတယ် . . . ဒါကြောင့်လဲ ငါ့မှာ





ပြဿနာပေါ်တိုင်း နင့်ပဲ အားကိုးနေရတာပေါ့ . . . လုပ်ပါဟာ . . . ငါတောင်းပန်ပါတယ်"

"ငါးရာ မရှိဘူး . . . နှစ်ရာပဲရမယ်"

"မလုပ်ပါနဲ့ ဖြူနှင်းရယ် . . . လေးရာတော့ ပေးပါ"

"ဟင်း . . . "

နောက်ဆုံးကျတော့လည်း ထုံးစံအတိုင်း ဖြူနှင်းသက်ပြင်း ချပြီး ထုတ်ပေးလိုက်ရသည်။

အင်းလေ . . . သူပြောသလိုပဲ ဒီအိမ်မှာ မေမေကလွဲလျှင် ပိုက်ထဲပိုက်ဆံရှိအောင် ရှာတတ်တာလည်း ဖြူနှင်းတစ်ယောက်ပဲ ရှိသည် မဟုတ်လား။

မောင်လေးကတော့ ငယ်သေးရှာသေးတော့။ ကိုကိုဆို အကြီး။ အကြီးပေမယ့် ကိုကိုက ဖြူနှင်းလို သတ္တိမျိုး မရှိ။

ဒါကြောင့်လည်း စောစောက ဖြူနှင်းအကြောင်း သိသွား အပေါ့ဟု စိတ်ထဲက ကြိမ်းဝါးခဲ့ခြင်းဖြစ်၏။

❀❀❀

အိမ်ကလူတွေကတော့ ဖြူနှင်းအကြောင်း အတိအကျသိ သည်။

သို့အတွက် တော်ရုံတန်ရုံ ကိစ္စမျိုးမှာ ဖြူနှင်း လုပ်သမျှ



www.burmeseclassic.com

www.burmeseclassic.com



အသာကြည့်နေရသည်။ ဝင်ပြောရဲသူမရှိ။

ဘယ်သူမှ မပြောရဲ၍ မဟုတ်တာတွေ ထင်တိုင်းကြဲနေ တာလားဆိုတော့ ဒီလိုလဲ မဟုတ်။

အခုအရွယ်အထိ တစ်ခါမှ အမှားအယွင်း မလုပ်ဖူးတာ မျိုးမဟုတ်သော်လည်း အားလုံးခြုံကြည့်လျှင် ဖြူနှင်းဘက်က အမှား နည်းသည်။

အမှားအမှန်ကို အမြဲတမ်း ချင့်ချိန်ပြီး တတ်နိုင်သည်၊ ဖြူနှင်း အမှားမလုပ်ဖြစ်အောင် ကြိုးစားသည်။

စင်စစ် ထို အမူအကျင့်မလေးသည် ဖေဖေ့ဆီမှ အမွေ လိုက်ခြင်း ဖြစ်သည်။

ပြောရလျှင် ဖြူနှင်းသည် ဖအေတူသမီး စစ်စစ်။

အရာရာတွင် သူများအောက်ရောက်မှာ သိပ်စိုးရိမ်သည်၊ ဘယ်ကိစ္စမှ သူများနှင့်ယှဉ်လျှင် အောက်ကျ မခံချင်သော စိတ် ကြောင့် ကိုယ့်ကိုကိုယ်လည်း အမြဲကြိုးစားသည်။

သူများ အပြောလွှတ်အောင် နေသည်။

သူများအပေါ် မဟုတ်တာမလုပ်။ ကိုယ့်အပေါ် မဟုတ် တာ လုပ်လာပြီ ဆိုလျှင်လည်း မည်သူ့အပေါ်မှ သည်းညည်းခံ တတ်။ ခွင့်မလွှတ်တတ်။ တစ်ခုခုတုံ့ပြန် အပြစ်ပေးလိုက်ရမှ ကျေ နပ်သည်။

ဖေဖေနှင့် မေမေ ကွဲကွာသွားရသည်မှာလည်း ဤ





အကြောင်းများကြောင့်ပင် ဖြစ်သည်။

အချစ်ဝတ္ထုတွေ ဖတ်ပြီး စိတ်ကူးယဉ် ခံစားတတ်သော မေမေသည် ဖြူနှင်း ခုနှစ်တန်းတက်သည့်နှစ်မှာ တခြားယောကျ်ား တစ်ယောက်နှင့် ဘာလိုလို ညာလိုလို ဖြစ်သည်။

တခြား ယောကျ်ားတစ်ယောက်ဟု ပြောရသော်လည်း တကယ်တမ်းကျတော့ တခြားသူစိမ်း ယောကျ်ားတော့ မဟုတ်။

နယ်မှနေ ရန်ကုန်ကို ကျောင်းလာတက်သော ဖေဖေ့ညီ ဝမ်းကွဲ တက္ကသိုလ်ကျောင်းသားတစ်ယောက် ဖြစ်သည်။ ထိုပုဂ္ဂိုလ် သည် အဆောင်မှာနေ ကျောင်းတက်ရင်း အိမ်ကို မကြာခဏလာ သည်။

လာတိုင်းလည်း ဖေဖေနှင့်တွေ့လျှင် ဖေဖေ့ဆီက၊ မေမေပဲ ရှိလျှင် မေမေ့ဆီက ပိုက်ဆံတောင်းသည်။ အိမ်ကငွေမပို့လို့ ဘာစရိတ်ပြတ်လို့ ဘာဖိုးလိုလို့ စသည်ဖြင့် အကြောင်းပြသည်။

ပထမတော့ ဖေဖေက နည်းနည်းပါးပါး ထုတ်ပေးသေး သည်။

သို့သော် သူ့ပြဿနာက တာဝန်မပြီးဆုံးသော ပြဿနာ ဖြစ်ပြီး၊ ကရိုးကရိုးတက်နေသည်မို့ ကြာတော့ ဖေဖေက တစ်ပြားမှ ပေးတော့ဘဲ မောင်းထုတ်သည်။

ထိုအခါ ပုဂ္ဂိုလ်က ဖေဖေမရှိခိုက် အချိန်ကျမှ အိမ်ကိုလာ သည်။ မေမေ့ကို သနားအောင်ပြောပြီး မေမေ့ဆီက တောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံရလျှင်လည်း ချက်ချင်းမပြန်သေးဘဲ အိမ်မှာပဲ စားသောက်ကာ ဖေဖေရုံးဆင်း၍ အိမ်ပြန်ချိန်လောက်မှ ပြန်သွားသည်။

ဖြူနှင်းကျောင်းက ပြန်လာချိန်ကျလျှင် အိမ်ဧည့်ခန်းမှာ အခန့်သားထိုင်နေသော ပုဂ္ဂိုလ်ကို မကြာခဏ တွေ့ရသည်။

ဘာတွေညာတွေမှန်း မသိသော်လည်း ဖြူနှင်းကလည်း ထို ပုဂ္ဂိုလ်ကို ကြည့်၍မရ။ အထူးသဖြင့် ပုဂ္ဂိုလ်၏ ပြောင်ချော်ချော် ကလိန်းကလက် မျက်နှာကို သူမ၏ ကလေးမျက်စိထဲမှပင် ရွံမုန်းသည်။

ကိုကိုကတော့ ကျောင်းဆင်းလည်း သူငယ်ချင်းတွေနှင့် လျှောက်သွားနေတာမို့ သည်ကိစ္စ ဘာမှမသိ။ မောင်လေးကျတော့လည်း ဒါတွေ စိတ်မဝင်စား။

အိမ်မှာ ထိုပုဂ္ဂိုလ်ဝင်ထွက်နေမှုကို သတိထားနေမိသူက ဖြူနှင်းတစ်ယောက်သာ ရှိသည်။

ကြာလာတော့ ဖြူနှင်းမနေနိုင်။ ဖေဖေ့ကို ပြောပြလိုက်သည်။

"ဖေဖေ ... ဖေဖေ့ကို သမီး ပြောစရာရှိတယ်"

"ပြောလေသမီး ... ဘာပြောမလို့လဲ"

"ဟို ... ဖေဖေ့အမျိုး ဦးစိုးတင့် ဆိုတဲ့လူက ဘာဖြစ်လို့ အိမ်ကို ခဏခဏလာနေတာလဲ ... ပြီးတော့ ဖေဖေမရှိတဲ့အချိန်မှာပဲ လာလာနေတယ် ... အဲဒါ ဖေဖေသိသင့်တယ် ထင်လို့"





"ဟင် ... စိုးတင့် လာလာနေတယ် ... ဟုတ်လား"

"ဟုတ်တယ် ... ဖေဖေမရှိတဲ့အချိန်လာတယ် ... သူ့ကို မေမေ ပိုက်ဆံတွေ ပေးပေးနေတာလဲ သမီးတွေ့တယ်"

ဖေဖေ့မျက်နှာ တင်းမာသွားသည်။ ဖြူနှင်းကို ဘာမှ မပြောတော့ပဲ မေမေရှိနေသည့် အိပ်ခန်းတွင်းသို့ ဝင်သွားသည်။

အခန်းထဲမှာ ဘာတွေပြောဆိုနေကြသည်တော့ ဖြူနှင်း မသိ။ ခဏကြာသောအခါ အခန်းတံခါး ပြန်ပွင့်လာပြီး အခန်းဝမှနေ ဖေဖေက လှမ်းခေါ်သည်။

"သမီး ဖြူနှင်း ... လာဦး"

တစ်ခုခု ပြဿနာဖြစ်ပြီ ဆိုတာတော့ ဖြူနှင်းသိသည်။ သို့သော် ထိုသို့သိသည့်အတွက် တုံ့တုံ့ဆိုင်းဆိုင်းတော့ ဖြစ်မနေ၊ ဖေဖေခေါ်ရာ အခန်းတွင်းသို့ ဖြူနှင်း အေးအေးဆေးဆေးပင် ထသွားသည်။

ဖြူနှင်း ဝင်သွားချိန်မှာ မေမေက ဒေါသအရှိန်ဖြစ်နေသော မျက်နှာဖြင့် ဆီးကြိုသည်။

"ဖြူနှင်း ... နင်ဘာတွေ နင့်အဖေကို ဂုံးတိုက်ထားလဲ ... ပြောစမ်း ... အခု နင့်အဖေက ငါ့ကို မဟုတ်တယုတ်တွေ လာစွပ်စွဲနေတယ်"

ဖြူနှင်းက ဖေဖေ့ကို လှမ်းကြည့်သည်။ ဖေဖေက ဖြူနှင်း အရိပ်အကဲကို အကဲခတ်နေသည်။ ဘာမှတော့ မပြော ...



www.burmeseclassic.com

www.burmeseclassic.com



ဖြူနှင်းက မေမေ့ဘက် လှည့်သည်။

"သမီး ဘာမှ ဂုံးမချောဘူး မေမေ ... သမီးတွေ့တာ သမီးသိတာ ဖေဖေ သိသင့်တယ်ထင်လို့ ပြောပြတာ"

"နင် ဘာတွေ တွေ့လို့လဲ ... ဘာသိလို့လဲ"

"ဖေဖေ ရုံးသွားတဲ့အချိန်မှာ ဦးစိုးတင့်လာတယ် ... မေမေနဲ့ တိုးတိုးတိတ်တိတ် စကားတွေ ပြောတယ် ... ပြီးတော့ မေမေက ဦးစိုးတင့် စားဖို့ ထမင်းဟင်းတွေ သေချာပြင်ပေးတယ် ... ပြီးတော့ ခဏခဏ ဦးစိုးတင့်ကို ပိုက်ဆံပေးတယ် ... တစ်ခါတုန်းက သမီးကျောင်းက ပြန်လာတော့ ဒီအခန်းထဲကနေ ဦးစိုးတင့် ထွက်လာတယ် ... ပြီးတော့မှ မေမေထွက်လာပြီး သမီးကို တံခါးဖွင့်ပေးတယ်"

"နင် မဟုတ်တာတွေ မပြောနဲ့နော် ကောင်မ ... နင့်ကို ငါ ပါးရိုက်မယ်"

"ရိုက်ကြည့်ပါလား ... သမီးအကြောင်း သိသွားမှာပေါ့ ... သမီး မဟုတ်တာပြောတာ မဟုတ်ဘူး ... အားလုံး သမီးမျက်စိနဲ့ မြင်တာချည်းပဲ ..."

"နင်ပြောတဲ့စကားက ဘယ်အဓိပ္ပါယ်ရောက်နေလဲ ... နင်သိလား ဖြူနှင်း"

"မသိဘူး ... ဒါပေမယ့် ... အဲဒီ ဦးစိုးတင့် အိမ်လာလာနေတာ သမီးမကြိုက်ဘူး"





"ဟဲ့ ... အဲဒီ ဦးစိုးတင့်ဆိုတာက နင့်အဖေရဲ့ညီ ... ဦးလေး တော်တယ် ... အဲဒီလူ အိမ်လာတာ ငါက မလာနဲ့ နှင်ထုတ်လို့ ရမလား"

"အဲဒါတော့ သမီးမသိဘူး ... ဒါပေမယ့် ဖေဖေ့ညီဆို ဖေဖေရှိတဲ့အချိန် လာပေါ့ ... ဖေဖေမရှိတဲ့ အချိန်ကျမှ သူက ဘာလို့ရွေးလာလဲ"

"အဲဒါ နင့်အဖေကို ကြောက်လို့ပေါ့ ... နင့်အဖေက သူ့ကို အိမ်မလာနဲ့လို့ ပြောထားတာကိုး"

"အဲဒါဆို ဖေဖေ မကြိုက်ပဲ မေမေက ဘာလို့လက်ခံလဲ ... ဖေဖေ့ အမျိုးကို ဖေဖေတောင် အလာမခံတာ မေမေက ဘာလို့ ခိုးလက်ခံရမှာလဲ"

"အမယ်လေး ... လက်တောက်လောက်လေးက လူပါး ဝတ်တာ ငါ့ကိုများ ခိုးလက်ခံသလေး ... ဘာလေးနဲ့"

"တော်ပြီး မြင့်မြင့် ... ကလေးက သူမြင်တာ မြင်တဲ့ အတိုင်း အမှန်ပြောတာ ... ကလေးကို မင်း ဘာမှရန်မရှာနဲ့"

"ဩော် ... ရှင့်သမီးပြောတာကတော့ ကောင်းလား"

"သူပြောတာ ကောင်းမကောင်းက ခဏထားလိုက်ပါ ... သူပြောတာ ဟုတ် မဟုတ်ဆိုတာပဲ မင်းပြောပါ ... စိုးတင့် အိမ် လာတယ်ဆိုတာ ဟုတ်လား ..."

"ရှင့်ညီ သူ့ဟာသူ လာတာတော့ ကျွန်မ ဘာတတ်နိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



လဲ"

"မဟုတ်ပါဘူး . . . ငါမေးတာ လာသလား . . . မလာဘူးလားပဲ မေးတာပါ"

"လာတယ်"

"ငါမရှိတဲ့ အချိန်ပဲ ရွေးလာတာပေါ့"

"ဟုတ်တယ်"

"မင်းဆီကကော သူ ပိုက်ဆံတောင်းလား"

"တောင်းတယ်"

"အဲဒီတော့ မင်းက ပေးလား"

"ပေးတဲ့အခါ ပေးတယ်"

"အဲဒါဆို သမီးပြောတာ မှန်တာပဲ . . . မင်း ဘာလို့ ကလေးကို စိတ်ဆိုးရတာလဲ"

"ဩော် . . . သူက ဒီအခန်းထဲမှာပဲ နှစ်ယောက်ဝင်ပလူးနေသလိုလို ဘာလိုလို ပြောတာကိုး"

"စိုးတင့် ဒီအခန်းထဲ တစ်ခါမှ မဝင်ဖူးဘူးလား"

"မဝင်ဖူးဘူး"

"သေချာလား . . . ငါ့သမီးက မျက်စိနဲ့ မြင်ထားတာနော်"

"အို . . . တစ်ခါတစ်လေတော့ သူ့အစ်ကိုနဲ့ အစ်မ အခန်းထဲ ဝင်ချင်ဝင်မှာပေါ့"





"အေးလေ . . . အဲဒါဆို မဝင်ဖူးဘူးလို့ မပြောနဲ့လေ . . . ငါ့အခန်းထဲ ငါ့ညီဝင်တာ ငါလဲ ဘာမှအပြစ်ပြောစရာ မရှိပါဘူး . . . ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ"

"ဒါပေမယ့် အဲဒီ ငါ့ညီဝမ်းကွဲဆိုတဲ့ စိုးတင့်ကို ငါက အိမ်ဝင်းထဲတောင် အဝင်မခံဘူး . . . အိမ်ကိုလဲ ဘယ်တော့မှ မလာနဲ့လို့ ပြောထားတယ် . . . စိုးတင့်လာရင် တံခါးဖွင့်မပေးနဲ့လို့လဲ ငါတစ်အိမ်လုံးကို မှာထားပြီးသား . . . အဲဒါကို မင်းက ဘာကိစ္စ အဝင်ခံရတာလဲ"

"ဩော် . . . ရှင့်အမျိုးတစ်ယောက် ရောက်လာတာကို ကျွန်မက တံခါးဖွင့်မပေးလို့ ဖြစ်မလား . . . ရှင်တို့ချင်းက မတည့်တာနဲ့ ဖြစ်ကြတာ . . . နောက် တည့်သွားတဲ့ အခါကျတော့ ကျွန်မပဲ အရိုင်းအစိုင်းပုံစံ အပြောခံရမှာပေါ့"

"မဆိုင်ဘူး မြင့်မြင့် . . . ဒီကိစ္စက ငါလုပ်ခိုင်းတာ . . . ဒီလောကမှာ ဘယ်လိုလူမျိုးကို ဘယ်လိုဆက်ဆံရမယ်ဆိုတာ ငါသိတယ် . . . နောက်ပြီးတော့ ငါ ရှင်းရှင်းပဲပြောမယ် . . . မင်းအနေနဲ့ မလွှဲသာလို့ လက်ခံရတယ် ဆိုရင်တောင် . . . ပထမဆုံး တစ်ခါကတည်းက မင်းငါ့ကို ပြောရမယ် . . . အခု . . . အဲဒီကောင် ဒီကိုလာနေတာ ဘယ်လောက်ကြာပြီလဲ"

"မကြာသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကြာလှနေပြီ . . . အခု နောက်ပိုင်းမှာ ဖေဖေရုံးပိတ်တဲ့ ၁နေ့ တနင်္ဂနွေက လွဲရင် နေ့တိုင်း ရောက်တယ်"

"ဖြူနှင်း . . . နှင်"

"ကလေးကို အဲလို မငေါက်နဲ့ မြင့်မြင့် . . . ကလေးပြောတာ အများတွေ မဟုတ်ဘူး ငါသိတယ် . . . ဒါပေမယ့် ထားပါတော့လေ . . . ဒီကိစ္စ ငါမသိလို့ . . . ပြီးတော့ ခုလိုလဲ မင်းကို ပြင်းပြင်းထန်ထန်တားမထားမိတော့ ရှိပါစေတော့ . . . အကျယ့်အကျယ် မပြောတော့ပါဘူး . . . တစ်ခုပဲရှိတယ်"

"ဘာလဲ"

"နောက်ထပ်တော့ ဒါမျိုးတွေ ထပ်မဖြစ်နဲ့တော့ . . . ဒီကိစ္စကို ငါပြင်းပြင်းထန်ထန် တားလိုက်ပြီ . . . စိုးတင့် အိမ်ကို လုံးဝ မလာစေနဲ့ . . . လာရင်လဲ အိမ်ထဲ လုံးဝအဝင်မခံနဲ့ . . . မင်းလဲ အိမ်အပြင်ထွက်မတွေ့နဲ့ . . . အနှောင့်အသွားမလွတ်တဲ့ ကိစ္စမျိုး တစ်ခုခုဖြစ်လာရင် နောက်တစ်ကြိမ် ငါသည်းမခံတော့ဘူး . . . ရှင်းတယ်နော် . . . နောက်ပြီး ဒီကိစ္စနဲ့ ပတ်သက်လို့ ကလေးကို ဘာတစ်ခုမှ မပြောနဲ့ . . . မဆူနဲ့ . . . မငေါက်နဲ့ . . . မရိုက်နဲ့ . . . အဲဒါမျိုး တစ်ခုခု ဖြစ်လာရင်လဲ မင်းကိုငါ သည်းညည်းမခံဘူး"

ထိုကိစ္စက ထိုနေ့က ထိုမျှနှင့် ပြီးသွားသည်။

သို့သော် . . . မေမေကတော့ ဖြူနှင်းကို လုံးဝစကား





ပြောတော့။

ကိစ္စမရှိ၊ ဖြူနှင်းတလည်း ထိုကိစ္စကို သိပ်မခံစား။

ဖြူနှင်း မဖြစ်စေချင်တာ တစ်ခု မဖြစ်တော့သည်ကိုသာ ကျေနပ်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း - ၄

ဆဋ္ဌမအာရုံဟု လူတွေကပြောသော အာရုံအသိ တစ်ခု ဖြူနှင်းမှာ ထူးထူးခြားခြား ရှိနေလားတော့မသိ။

အကြောင်းအရာတစ်ခု တစ်ခုခုမှားယွင်းနေလျှင် ဖြူနှင်း အလိုလို နေလို့မရ ထိုင်လို့မရ ဖြစ်လာတတ်သည်။

မေမေ့ကိစ္စမှာလည်း ဖေဖေနှင့် ပြဿနာတက်ပြီး သုံးလေး ရက်အကြာမှာ ဖြူနှင်းထိုကဲ့သို့ ဖြစ်လာသည်။

ဘာမသင်္ကာ ဖြစ်စရာမှလည်း မတွေ့။ ဖြူနှင်း မနက်(၈) နာရီခွဲလောက်မှာ ကျောင်းသွားသည်။ ညနေ (၃)နာရီခွဲလောက် မှာ အိမ်ပြန်ရောက်သည်။ မောင်လေးက မနက် (၇)နာရီ ကျောင်း





သွားသည်။ (၁၂)နာရီခွဲလောက်မှာ ပြန်လာသည်။

ဖြူနှင်း ကျောင်းကပြန်လာတော့လည်း မေမေက ဧည့်ခန်း မှာ တစ်ယောက်တည်း စာဖတ်ပြီး ငြိမ်နေသည်။ မောင်လေး မေး ကြည့်တော့လည်း သူ ကျောင်းက ပြန်လာချိန်ကတည်းက အိမ်ကို ဘယ်သူမှ မလာဟု ပြောသည်။

ဘာမှ မသင်္ကာစရာ မတွေ့။

သို့သော် ထိုမသင်္ကာစရာမတွေ့ရခြင်းကပင်လျှင် မသင်္ကာ စရာအချက် တစ်ချက်လို ဖြစ်နေသည်။

ဖြူနှင်း၏ တွေးခေါ်ချက်အရ ဖေဖေနှင့် ထိုသို့ပြဿနာ ဖြစ်ခြင်းကို ကိုစိုးတင့် သိစရာ အကြောင်းမရှိ။ မရှိလျှင် သူ ပုံမှန် လာမြဲတိုင်း လာမည်ဖြစ်၍ မေမေက တံခါးမဖွင့်ပေးလျှင် အိမ်မှာ တစ်စုံတစ်ခု ထူးခြားမှု ဖြစ်မည်။

ခုလို ဘာသတင်းမှ မကြားရဘဲ အစစ ငြိမ်သက်၍ ထို ပြဿနာ စုတ်စမြုပ်စပျောက်ကွယ်သွားခြင်းကပင်လျှင် ထူးဆန်း သလို ဖြစ်နေသည်။

ဒါကိုက သွေးရိုးသားရိုး မပီသသော သင့်ပြင်လက္ခဏာ တစ်ခု။

သို့အတွက် ပထမပြဿနာဖြစ်ပြီး လေးရက်မြောက်နေ့မှာ ဖြူနှင်းကျောင်းမတက်တော့။

ကျောင်းမတက်တော့ ဆိုသည်မှာ အိမ်ကနေ ကျောင်းကို



www.burmeseclassic.com

www.burmeseclassic.com



မထွက်ဘဲ ပေနေတာ မဟုတ်။ အိမ်မှထွက်ပြီး ကျောင်းနားရောက်မှ ကျောင်းမတက်တော့ဘဲ အိမ်ဘက် ပြန်လှည့်ခြင်း ဖြစ်သည်။

အိမ်နားရောက်တော့လည်း အိမ်ထဲကို မဝင်။ ခပ်လှမ်းလှမ်းတစ်နေရာက မုန့်ဟင်းခါးဆိုင်၏ ချောင်ကျကျ တစ်နေရာမှာ သွားထိုင်ပြီး အိမ်ဘက်ကို အကဲခတ်သည်။

အိမ်နားပြန်ရောက်တော့ ကိုးနာရီထိုးပြီးနေပြီမို့ ဖေဖေ ရုံးသွားလောက်ပြီ။ အိမ်မှာ မေမေနှင့် အိမ်ဖော်အမျိုးသမီးသာ ရှိတော့မည်။

ကိုးနာရီခွဲသည်အထိ မုန့်ဟင်းခါးကို မစားချင် စားချင် စားရင်း ထိုင်စောင့်ကြည့်သည်။

ဘာမှ ထူးခြားမှုမရှိ။

နောက်ဆယ့်ငါးမိနစ်လောက် ပေထိုင်ကြည့်သည်။

ဘာမှ မထူးခြား။

မုန့်ဟင်းခါးဆိုင်မှာ သည့်ထက်ပိုကြာအောင် ထိုင်၍ မကောင်းတော့သဖြင့် အခြားတစ်နေရာရွှေ့ရန် စဉ်းစားသည်။

လမ်းထိပ်မှာ လက်ဖက်ရည်ဆိုင် တစ်ဆိုင်တော့ ရှိသည်။

မုန့်တီသုတ်တို့ ကြာဇံသုတ်တို့ တွဲရောင်းသဖြင့် မိန်းကလေးတွေလည်း ထိုင်တတ်သည်။

ထိုဆိုင်ကို နေရာရွှေ့ထိုင်ဖို့ ဆုံးဖြတ်သည်။

"ဟင်း . . . "





ဖြူနှင်း သက်ပြင်းလေးချ၍ လွယ်အိတ်လေး ကောက်လွယ်ကာ ထရပ်လိုက်သည်။

"ဟင် . . . "

ထိုအချိန်ကျမှ အိမ်ဘက်ကို အေးအေးဆေးဆေး လျှောက်လာသော စိုးတင့်ကို လှမ်းမြင်လိုက်ခြင်းဖြစ်၏။

❀ ❀ ❀

မတ်တပ်ထရပ်ပြီးနေပြီမို့ မုန့်ဟင်းခါးဆိုင်မှာလည်း ပြန်မထိုင်ချင်တော့။

ပြီးတော့ အိမ်ကိုလှမ်းကြည့်ပြီး စိုးတင့်လှုပ်ရှားမှုကို စောင့်အကဲခတ်နိုင်ရန် သည်နေရာကလည်း အကောင်းဆုံး အနေအထားမှာ ရှိသည်။

သို့အတွက် မုန့်ဟင်းခါးဖိုး ပိုက်ဆံပေး အကြွေအမ်းတာ စောင့်ရင်း ထိုနေရာကနေ ရပ်ကြည့်နေမိပါသည်။

စိုးတင့် အိမ်ရှေ့ရောက်သွားသည်။

အိမ်ရှေ့ သံပန်းတံခါးတွင် ရပ်ရုံရှိသေးသည်။ အိမ်ထဲက အိမ်ဖော်အမျိုးသမီးက ထွက်ကာ တံခါးဖွင့်ပေးသည်။

စိုးတင့် အိမ်ထဲ ဝင်သွားသည်။

ဖြူနှင်း မုန့်ဆိုင်ထဲက ထွက်ခဲ့ပြီး လမ်းထိပ်နားက ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲ ဝင်လိုက်သည်။

ထိုအချိန်အထိ စိုးတင့် ပြန်ထွက်လာမည့် အရိပ်အယောင် မမြင်ရသေး။ စတိုးဆိုင်ထဲ ဝင်ခါနီးအထိ ဖြူနှင်း လှမ်းကြည့်သည်။

ဖြူနှင်းတို့ အိမ်ရှေ့က လမ်းပေါ်မှာ လူတစ်ယောက်မှမရှိ။ ရှင်းလင်းနေသည်။

စတိုးဆိုင်ထဲ အရောက်မှာ ဖြူနှင်း ဖုန်းဆက်သည်။

ဖေဖေ့ ရုံးဖုန်းနံပါတ်။

စိတ်ထဲမှာလည်း ဖေဖေ့ကို ပြောရမည့်စကားများ အဆင်သင့်ရှိနေ၏။

"ဖေဖေ အခုချက်ချင်း အိမ်ပြန်လာခဲ့ပါ . . . အိမ်ထဲကို ဦးစိုးတင့် ဝင်သွားတာ မိနစ်နှစ်ဆယ်လောက် ရှိနေပြီ" ဟု . . .

❀ ❀ ❀

"ဟိုအကောင် အခု အိမ်ထဲမှာပဲလား"

ဖေဖေက ရောက်သင့်သည်ထက် နည်းနည်း ပိုကြာပြီး ရောက်လာသည်။ ဖြူနှင်းက လမ်းထိပ်က စောင့်နေပြီး ဖေ့ဖေ့ကား ရောက်လာမှ လက်တားရပ်ခိုင်းပြီး ကားပေါ်တက်သည်။

ကားပေါ် ရောက်ရောက်ခြင်း မေးလိုက်သော ဖေဖေ့ မေးခွန်းကို ခေါင်းညိတ်ပြလိုက်သည်။





ဖေဖေက ကားမောင်းထွက်သည်။ ထို့နောက် အိမ်ရှေ့ ဘည့်တည့်မှာပင် ကားရပ်ပြီး . . .

"သမီး ကားပေါ်မှာ နေခဲ့ . . . ဖေဖေခေါ်မှ ဝင်ခဲ့"

သည်တစ်ခါလည်း ဖြူနှင်း ခေါင်းပဲ ညိတ်ပြသည်။

ဖေဖေက လူငယ်လေးတစ်ယောက်လိုပင် သွက်လက်ပေါ့ ပါးစွာနှင့် ခြံဝင်းတံခါးကို ကျော်တက်ဝင်သွားသည်။

ထို့နောက် သော့ခတ်ပိတ်မထားသော အိမ်ရှေ့တံခါးမကြီး အနေ တွန်းဖွင့်ဝင်သွားသည်။

သည့်နောက်ပိုင်းကိစ္စကိုတော့ ဖြူနှင်းလည်း လိုက်စပ်စု နေတော့။ အထဲမှာ ဘာတွေဖြစ်သည် ဆိုသည်ကို ဖြူနှင်း သိမသိ။ သိချင်စိတ်လည်း မရှိ။

ထိုနေ့က တော်တော်ကြာမှ ဖေဖေကိုယ်တိုင် ခြံတံခါး သော့ဖွင့်ပြီး ဖြူနှင်းကို လာခေါ်သည်။

အိမ်ထဲရောက်၍ ဖြူနှင်းမြင်တွေ့ရသည့် မြင်ကွင်းကတော့ ဧည့်ခန်းကုလားထိုင်မှာ မေမေက ငိုနေသည်။ မေမေ့ သည်ဘက် ထိုင်ခုံမှာ ဦးစိုးတင့် ခေါင်းငိုက်စိုက်ချ ထိုင်နေသည်။

ဦးစိုးတင့် သည်ဘက်ကြမ်းပေါ်မှာ အိမ်ဖော်အမျိုးသမီး ကျုံ့ကျုံ့လေး ထိုင်နေသည်။

"သမီး . . . အဲဒီမှာ ထိုင်"

ဖေဖေက မေမေတို့နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



ညွှန်ပြပြီး ထိုင်ခိုင်းသည်။ ဖြူနှင်း အသာဝင်ထိုင်လိုက်သည်။

"ကဲ . . . စိုးတင့် မင်းဘာလုပ်မလဲ . . . ဆုံးဖြတ်ပြီး ပြီလား"

ဖြူနှင်းထိုင်ပြီးသည်နှင့် ဖေဖေက ဖြူနှင်းဘေးမှာ ဝင်ထိုင်ရင်း အေးစက်စက် မာကြောကြောလေသံဖြင့် မေးလိုက်သည်။

ခါတိုင်းလို ပြက်ချော်ချော်မျက်နှာမျိုး မဟုတ်တော့ဘဲ မျက်စိပျက် မျက်နှာပျက်နေသည့် ဦးစိုးတင့်က ဖေဖေ့ကို မရဲတရဲ ကြည့်ရင်း . . .

"ကျွန်တော် ပြန်ပါရစေ အစ်ကိုကြီး . . . နောက်ကို အစ်ကိုကြီးအိမ်ရိပ် ကျွန်တော် ဘယ်တော့မှ မနင်းတော့ပါဘူး . . . အစ်ကိုကြီး ပြောတဲ့ကိစ္စလဲ ကျွန်တော် လက်မခံပါရစေနဲ့ . . . မမမြင့်ကလဲ ကျွန်တော့်နောက်ကို ဘယ်တော့မှ လိုက်မှာ မဟုတ်ပါဘူး"

"မြင့်မြင့်"

ဖေဖေ့ အခေါ်မှာ မေမေက မော့ကြည့်သည်။ ဖေဖေက-

"မင်းဆုံးဖြတ်ချက်ပြော"

"ကျွန်မ ဘာမှ မဆုံးဖြတ်တတ်ဘူး . . . ဆုံးဖြတ်စရာလဲ မရှိဘူး . . . သူပြောသလိုပဲ ကျွန်မ သူ့ကိုယူဖို့တော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး . . . ကျွန်မ . . . ကျွန်မ ကလေးတွေနဲ့ မခွဲချင်တာပဲ ရှိတယ်"





မေမေက ငိုရင်း ပြောသည်။

ဖေဖေက ခေါင်းညိတ်ပြီး . . .

"စိုးတင့် မင်း သွားတော့"

"ဟုတ် . . . ဟုတ်ကဲ့ . . . အစ်ကိုကြီး"

"တော် . . . ဟော့ကောင် . . . မင်း ငါ့ကို ဘာတစ်ခွန်း မပြောနဲ့ . . . မင်းအသံ ငါမကြားချင်ဘူး . . . ခုချက်ချင်း အိမ်ထဲက ထွက်သွား"

"ကျွန် . . . ကျွန် . . . တော်"

"တော် . . . လို့ ပြောနေတယ်ကွာ"

ဖေဖေ့အသံက တိုက်ထဲမှာ ဟိန်းထွက်သွားသည်။

"ကျွန်တော် အစ်ကိုကြီးကို ကန်တော့ချင်လို့ပါ"

စိုးတင့် ငိုသံပါကြီးနှင့် ပြောပြီး ကုလားထိုင်ရှေ့မှာ ဒူးထောက်ထိုင်ချသည်။

"မလိုချင်ဘူး ဟော့ကောင် . . . မင်း ငါ့ကို မကန်တော့

"ကန်တော့ပါရစေ . . . အစ်ကိုကြီးရယ်"

ပြောရင်းနှင့် စိုးတင့်က လက်အုပ်ချီသည်။

"ရှင် . . . ကျွန်မ အဖေကို မကန်တော့နဲ့"

ဘယ်သူမှ မထင်မှတ်ဘဲ ထ,လှုပ်ရှားလိုက်သူက ဖြူနှင်း ...င့်မျက်ရည်တွေနှင့် လက်အုပ်ချီစဉ်မှာ ဖြူနှင်း ဝုန်းခနဲ ထရပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အော်သည်။

ထို့နောက် ဘာမပြော ညာမပြောနှင့် စားပွဲကို ပတ်လျှောက်ပြီး ဒူးထောက်နေသော စိုးတင့်ပါးကို တဖြန်းဖြန်း ...တော့သည်။

ရုတ်တရက် အကုန်လုံး ကြောင်သွားသည်။

အားရအောင် ရိုက်ပြီးမှ ဖြူနှင်းက ခါးထောက်ပြီး ...

"ရှင် ထွက်သွား ... နောက်တစ်ခါ ဒီအိမ်ထဲကို ရှင်ဝင်ရင် ကျွန်မ ရှင့်ကို ဓားနဲ့ထိုးသတ်မယ် ... ရှင် ကျွန်မ... ဘာအောက်မေ့နေလဲ"

မျက်နှာကြီးနီမြန်းနေသော စိုးတင့်က ထိုအခါကျမှ ထွက်သွားသည်။

စိုးတင့် ထွက်သွားသည်နှင့် ဖြူနှင်းက အိမ်ဖော်အမျိုးသမီး...ဘက်သို့ လှည့်သည်။

"နင်လဲ ထွက်သွား ... နင့်မျက်နှာလဲ ငါမကြည့်ချင်ဘူး ... နင်လဲ အလိုတူ အလိုပါပဲ"

"မဟုတ်ပါဘူး ... ဖြူနှင်းရယ် ... မမ ..."

"ဖြန်း"

အိမ်ဖော်အမျိုးသမီးခမျာ စကားပင် ဆုံးအောင် မပြောလိုက်ရ။ ဖြူနှင်းလက်တစ်ဖက်က မြောက်တက်သွားပြီး အမျိုးသမီးပါးပေါ် ရောက်သွားသည်။





"မပြောနဲ့ ... ငါသွားဆိုရင်သွား ... နင့်ပစ္စည်းအကုန်ယူသွား"

အိမ်ဖော်အမျိုးသမီးလည်း ကုတ်ကုတ်ကုတ်ကုတ်နှင့် ထွက်သွားသည်။

မေမေက ဖြူနှင်းကို အလန့်တကြား လှမ်းကြည့်၏။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၅

သို့သော် စာရင်းချုပ်သည့် အခါကျတော့ ထိုအိမ်ပေါ်မှ နောက်ဆုံးဆင်းသွားသူသည် ဖေဖေဖြစ်နေသည်။

"ဘယ်လိုပဲဖြစ်ဖြစ် ငါကတော့ မင်းကို ခွင့်မလွှတ်နိုင်တော့ တာ အမှန်ပဲ မြင့်မြင့် . . . အဲဒီတော့ ခုချိန်ကစပြီး မင်းနဲ့ငါ တခြားစီ ဖြစ်သွားပြီ . . . ဒါပေမယ့် မင်းကို ငါမရက်စက်ပါဘူး . . . ကလေးတွေ ဒီအရွယ်ရောက်တဲ့အထိ မင်းနဲ့ငါကြားမှာ ရှိခဲ့ ဖူးတဲ့ သံယောဇဉ်ကို အကြောင်းပြုပြီး ရုတ်တရက် မင်းအခြေပျက် မသွားအောင် . . . ဒီအိမ်နဲ့ ဒီအိမ်ပေါ်က ပစ္စည်းတွေကို မင်း မသေမချင်း . . . ဒါမှမဟုတ် မင်းနောက်အိမ်ထောင် မပြုမချင်း





နေဖို့သုံးဖို့ ငါ ပေးထားပါမယ်"

ထိုစကားများကို ဖေဖေက သားသမီးသုံးယောက်စလုံးစုံမှ အားလုံးရှေ့မှာ ပြောသည်။

ထိုသို့ ပြောနေစဉ်မှာ မေမေနှင့်အတူ ကိုကိုနှင့်မောင်လေး တ ငိုနေသည်။ ခုချိန်ထိ မျက်ရည်တစ်စက် မကျဖြစ်သေးသူက တော့ ဖြူနှင်း။ ဖြူနှင်းစိတ်ထဲမှာ ဖေဖေက မေမေ့ကို ဒီထက်မကာပင် အပြစ်ပေးသင့်သည်ဟု ထင်မိသည်။

ဖေဖေ့စကားတွေက မဆုံးသေး။

"ကျန်တဲ့ အစိတ်အပိုင်းမှာတော့ မင်းဘ၀နဲ့မင်းပဲ ဖန်တီး တော့ . . . တစ်ဘက်က ပြောရင်လဲ မင်းဘ၀ကို မင်းစိတ်တိုင်းကျ ဖန်တီးဖို့ အခွင့်အရေး ရသွားတာပေါ့ . . . အဲလိုပဲ ငါ့ဘ၀ငါ ငါ့စိတ်ကြိုက် ဖန်တီးမှာပဲ"

ထိုစကားများ အဆုံးမှာ ဖေဖေက ဖြူနှင်းဘက်လှည့်ကြည့် ရင်း . . .

"သားတို့သမီးတို့လဲ ခုချိန်မှာ မင်းတို့ စိတ်ကြိုက် ရွေးချယ် နိုင်တယ် . . . ဖေဖေနဲ့ မေမေက အခုချိန်ကစပြီး တခြားစီနေ တော့မှာ . . . အဲဒီတော့ မင်းတို့စိတ်ထဲမှာ ဖေဖေနဲ့ နေချင်ရင် ဖေဖေ့ နောက်လိုက်ခဲ့ . . . မေမေနဲ့ နေခဲ့ချင်ရင် မေမေနဲ့နေခဲ့ . . . တစ်ယောက်ချင်း ကိုယ့်သဘောနဲ့ကိုယ် ဆုံးဖြတ်"

"ဘာမှ ကိုယ့်သဘောနဲ့ကိုယ် ဆုံးဖြတ်စရာမလိုဘူး ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



. . . ဖေဖေ သွားစရာရှိတာ လွတ်လွတ်လပ်လပ်သွား . . . သမီးတို့အားလုံး ဒီမှာပဲနေမယ်"

သိပ်ကြာကြာစဉ်းစားမနေဘဲ ဖြိုးဖြိုးဖြတ်ဖြတ် ဝင်ပြောသော ဖြူနှင်းစကားကြောင့် ဖေဖေက လှမ်းကြည့်သည်။

"ဘာဖြစ်လို့လဲ သမီး"

"ဘာဖြစ်လို့လဲ ဆိုတော့ ဒီကိစ္စကို ခုလိုဖြစ်လာအောင် ဖန်တီးတာက ဖေဖေမှ မဟုတ်ဘဲ . . . မေမေမဖန်တီးတာ . . . အဲဒီတော့ ဒီသားသမီးတွေရဲ့တာဝန်ကိုလဲ မေမေ့ပဲ ယူရမယ် . . . မေမေကိုယ်တိုင်ကလဲ သားသမီးတွေနဲ့ မခွဲချင်ဘူး ပြောတာပဲ . . . ဒီသားသမီးတွေကို ကျွေးမွေးဖို့တာဝန်ကိုလဲ မေမေပဲ ယူရမှာပေါ့ . . . ဒါပေမယ့် ဒါက ကိုကိုနဲ့ မောင်လေးအတွက် ပြောတာပါ"

"ဒါဖြင့် သမီးကကော"

"သမီးလဲ နေတာတော့ ဒီမှာပဲနေမယ် . . . ဘာဖြစ်လို့လဲဆိုတော့ ဒီအိမ်ပေါ်မှာ နောက်ထပ် ဘာမှအဖြစ်မခံနိုင်ဘူး . . . သမီးစောင့်ကြည့်နေမှာပဲ . . . တစ်ခုခုဖြစ်ရင် ဖေဖေ့ဆီ သမီးအကြောင်းကြားမယ် . . . ဒါပေမယ့် သမီးတာဝန်ကို မေမေ ယူစရာမလိုပါဘူး . . . ကိုကိုနဲ့မောင်လေးတာဝန်ကိုပဲ ယူ"

"သမီးအတွက်ကျတော့ ဖေဖေက ထောက်ပံ့ပေးရမှာလား"

"ဟင့်အင်း . . . သမီးတာဝန်ကို သမီးပဲယူမယ် . . . ယ်သူမှ သမီးကို မထောက်ပံ့နဲ့ . . . ခုချိန်ကစပြီး သမီးလဲ မီးဖာသာ ရပ်တည်တော့မယ်"

"ဟင်း . . . "

ဖေဖေက သက်ပြင်းချသည်။

ဖေဖေက ဖြူနှင်းကို နားလည်သွားပုံရသည်။ မေမေကတော့ ဖြူနှင်းကို နားလည်ပုံမရ။ ဖြူနှင်းကို လှမ်းကြည့်သော မေမေ့အကြည့်တွင် နားမလည်မှုပေါင်းများစွာ ပါဝင်နေသည်။

ထိုညနေမှာပင် ဖေဖေက သူ့အဝတ်အစားနှင့် အသုံးအဆောင်ပစ္စည်းများကို ယူ၍ ကားနှင့်ထွက်ထွက်သွားသည်။

မေမေ့ကိုတော့ ဘယ်လောက်ပေးခဲ့သည်မသိ။ ကိုကို၊ မောင်လေးနှင့် ဖြူနှင်းကိုတော့ တစ်ယောက်တစ်သောင်းစီ ပေးခဲ့သည်။

ဖေဖေ ထွက်သွားချိန်မှာ ဖြူနှင်းမှအပ အားလုံးငိုသည်။

ဖြူနှင်းကတော့ မငို။

သည်ကိစ္စနှင့် ပတ်သက်၍ ဖြူနှင်းဘဝမှာ ဘယ်တော့မှ မျက်ရည်မကျဟုပင် ဆုံးဖြတ်လိုက်သေး၏။

❀❀❀

ထိုအချိန်၊ ထိုအရွယ်ကတည်းက ဖြူနှင်း ကိုယ့်ထမင်း







www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရှာစား၍ ကိုယ့်စရိတ်နှင့်ကိုယ် ကျောင်းတက်ခဲ့သည်ဟု ပြော လျှင် အကြောင်းမသိသူများက ယုံချင်မှတောင် ယုံမည်။

အရေးမကြီးပါ။

ကိုယ့်ဘဝကိုယ် ဖြတ်သန်းတည်ဆောက်ခဲ့သော ကိစ္စသည် သူများယုံဖို့ ပုံပြင်ဖန်တီးခဲ့တာမှ မဟုတ်ဘဲ။

သို့သော် တကယ်ပင် ဖြူနှင်း ကိုယ့်ကံကြမ္မာကိုယ် ထိုအချိန် ကတည်းက တည်ဆောက်နိုင်ခဲ့သည်။

အထူးသဖြင့် ကျောင်းထောက်မသွားသော အချက်က တော့ လေးတန်းအောင်၊ ငါးတန်းမတက်ခင် ပိတ်ရက်များကတည် က ဖြူနှင်း စက်ချုပ်သင်ခဲ့ခြင်းဖြစ်၏။

ထိုစဉ်က ဖေဖေကလည်း အားပေးခဲ့သည်။ ဖြူနှင်းကိုယ် တိုင်လည်း စိတ်ပါလက်ပါပင် သင်ယူခဲ့သည်။ ထိုအချိန် သင်ယူ သော ရည်ရွယ်ချက်က ဒါတွေ ကြိုမြင်လို့မဟုတ်။

စက်ချုပ်တတ်လျှင် ကိုယ့်အဝတ်ကိုယ် ချုပ်ဝတ်နိုင်သည် ကိုယ်ဝတ်ချင်သည့်ပုံ ကိုယ့်ဟာကိုယ် ချုပ်ဝတ်နိုင်သည်။ ဘယ်သူ့ အောက်ကျခံ အပ်နေစရာမလို ဆိုသောစိတ်ဖြင့် သင်ခဲ့ခြင်း ဖြစ် သည်။

စက်ချုပ်တတ်သွားတော့ ဖေဖေက နိုင်ငံခြားကလာသော အဝတ်အစားပုံစံ ကတ်တလောက်စာအုပ်တွေ၊ ပိတ်စဖြတ်နည်း ညှပ်နည်း၊ ကော်ကပ်၊ ပန်းထိုးနည်း စသည်ဖြင့် အပ်ချုပ်ပညာနှင့်





ဆိုင်သော စာအုပ်တွေ ဝယ်ပေးသည်။ စက်ကလေး တစ်လုံးလည်း ကိုယ်ပိုင် ဝယ်ပေးထားခဲ့သည်။

သို့အတွက် ကိုယ့်ထမင်းကိုယ် ရှာစားတော့မည် ဆုံးဖြတ် သောအချိန်မှာ ဖြူနှင်းလက်ထဲ၌ ဇာကော၊ ဇာထိုးပန်းထိုး၊ ဘီတင် ချုပ်ပစ္စည်းများကော အင်္ကျီချုပ်ပညာနှင့် ဇာထိုး၊ ပန်းထိုး၊ သိုးမွေး တစ်ချောင်းထိုး နှစ်ချောင်းထိုးပညာကော အစုံအဆင်သင့်ရှိနေပြီး ဖြစ်သည်။

ဘာမှ ထွေထွေထူးထူး တွေဝေနေစရာမလို။

စမ်းချောင်း၊ ပဒုမ္မာကွင်းနားက နာမည်ကြီးစက်ချုပ်ဆိုင် ပိုင်ရှင် အန်တီစောဆီ သွားသည်။ အန်တီစောနှင့်ကလည်း နဂို ကတည်းက ရင်းနှီးပြီးသား။

အန်တီစောမှာ ချုပ်စရာ အဝတ်တွေက မနိုင်မနင်း ပုံနေ သည်။ အန်တီစောဆီမှာ အင်္ကျီတစ်ထည် အပ်လျှင် အနည်းဆုံး တစ်လ ရက်ချိန်းမပေးဘဲ မရနိုင်။ မင်းသမီးတွေ၊ အဆိုတော်တွေ၊ လူကြီးကတော်တွေကအစ အန်တီစောဆီမှာ အပ်ကြသည်။

အန်တီစောကို အကျိုးအကြောင်းပြောပြီး ဖြူနှင်းကို ချုပ်ထည်အချို့ခွဲပေးရန် ပြောသည်။ ဖြူနှင်း လက်စွမ်းယတ်စကို သိပြီးသော အန်တီက ယုံယုံကြည်ကြည်ပေးသည်။

ချုပ်ပြီး ပြန်လာပေးသော အထည်များကိုလည်း အန်တီ စောက စစ်ဆေးပြီး ကျေနပ်သည်။ ထိုက်သင့်သော အဖိုးအခ



www.burmeseclassic.com

www.burmeseclassic.com



ပေးသည်။

ကျောင်းဆင်းချိန်၊ ညဦးပိုင်း ကျောင်းပိတ်ရက်နှင့် တစ်ခါတစ်ရံ လိုအပ်လျှင် အရေးကြီးလျှင် ကျောင်းမှခွင့်ယူပြီး ဖြူနှင်းအားစိုက်ခွန်စိုက် ချုပ်သည်။

အလုပ်တွင်သဖြင့် တစ်လတစ်လ အနံတီစောနှင့် ချုပ်ခတွေရှင်းလျှင် ဖြူနှင်း နင့်နေအောင်ရသည်။

သို့အတွက် ဖေဖေနှင့် လမ်းခွဲပြီးကတည်းက အမြင်ထွက်အလုပ်မလုပ်ပဲ အိမ်နီးနားချင်းနှင့် မိတ်ဆွေအပေါင်းအသင်းများ၏ အကြံပေး ကူညီချက်များအတိုင်း လက်ထဲကငွေ၊ လက်ဝတ်လက်စားများ ရောင်း၍ရသည့်ငွေဖြင့် ရွှေပေါင်ခံစားနေသည့် မေမေ့ထံကလည်း ဖြူနှင်း တစ်ပြားတစ်ချပ်မှ တောင်းစရာမလို။

မိမိက ချက်သည့် ထမင်းဟင်းများကိုပင် မစား။

ကိုယ့်ဟာကိုယ် အိမ်ထဲမှာပင် အိုးခွဲချက်စားရင်း ကိုယ့်စရိတ်နှင့်ကိုယ် ကျောင်းတက်နိုင်ရုံသာမက . . .

ဖိုးသားနှင့်စတွေ့ဆုံသည့်နေ့တွင် ကိုကိုကို စုစုပေါင်းအကြွေး ကိုးထောင့်တစ်ရာကျပ်တိတိပေးနိုင်သည်အထိ ဖြူနှင်းရပ်တည်နိုင်လာခဲ့၏။

ဒါတွေကတော့ ဖိုးသားနှင့် စတွေ့သည့်အချိန်အထိ ဖြူနှင်း၏ ပုံရိပ်များပင်။



## အခန်း - ၆

"မမ အိမ်ရှေ့မှာ ကောင်လေးတစ်ယောက် ရောက်နေတယ် . . . မမနဲ့တွေ့ချင်လို့တဲ့"

နောက်တစ်နေ့ မနက်ခင်း ကျောင်းသွားခါနီး အချိန်မှာ အိမ်ဖော်ကောင်မလေး စမ်းစမ်းက လာပြောသည်။ ဖိုးသားပဲဟု သိလိုက်၏။

မနေ့ညနေ ကျောင်းကအပြန်မှာ မနက်ဖြန်တချိန်လဲ ကျောင်းကို အတူတူသွားမယ်၊ မမဆီလာခေါ်ဟု မှာထားခဲ့သည် မဟုတ်ပါလား။

"အေးအေး . . . ဝင်းတံခါးဖွင့်ပေးပြီး ဒန်းမှာ ထိုင်စောင့်



www.burmeseclassic.com

www.burmeseclassic.com



ခိုင်းထားလိုက် . . . မမ မပြီးသေးဘူး ခဏစောင့်လို့ ပြောလိုက်"

"ဟုတ်ကဲ့ မမ"

စမ်းစမ်း လှည့်ပြန်သွားသည်။

ဖြူနှင်း တစ်ယောက်တည်း ပြုံးလိုက်မိ၏။ အိမ်မှာအစ်ကိုလည်းရှိသည်၊ မောင်လေးလည်း ရှိသည်။ အစ်ကိုကတော့ ဆယ်တန်း ဆက်တိုက်ကျပြီး ကျောင်းမတက်တော့၍ ထားပါတော့ ခုဆို မောင်လေးနှင့် ကျောင်းအတူတူ သွားချင်လျှင် သွားလို့ရနေပြီ။

သို့သော် မောင်လေးကလည်း သူငယ်ငယ်က တက်လာခဲ့သော နှစ်ချိန်ကျောင်းပဲ ဆက်တက်သည်။ ဖြူနှင်းကလည်း တစ်ချိန်ကျောင်းပဲ ပြနေသည်၊ ကျောင်းချိန်မတူသဖြင့် အတူတူသွား၍မရ။

သို့တွက် အိမ်မှာ ယောက်ျားလေးမွေးချင်းတွေရှိနေလျက်သားနှင့် လမ်းထဲက တစိမ်းကောင်လေးတစ်ယောက်ကို အဖော်ခေါ်ပြီး ဖြူနှင်းတို့က ကျောင်းသွားနေရသည့်ဘဝ။

အမှန်တော့ အဖော်ရယ်လို့လဲ အားကိုးချင်၍ မဟုတ်ပါ။ ကောင်လေးပုံက အ,တီး အ,တလေးမို့ ကြုံရာလူက ဝင်အနိုင်မကျင့်အောင် ကိုယ်က အကာအကွယ်ပြုပေးသည့်သဘော။

သူက ကိုယ့်ဘော်ဒီဂတ်မဟုတ်ဘဲ၊ ကိုယ်က သူ့ဘော်ဒီဂတ်သဘောမျိုး လုပ်ပေးနေရခြင်းသာ ဖြစ်သည်။

သို့သော် အခါခပ်သိမ်း သည်လိုကြီးတော့လည်း မဟုတ်၊





"ဖိုးသား စောင့်နေတာ ကြာပြီလား . . . လာ . . . သွားမယ်"

ဖြူနှင်းအားလုံးပြင်ဆင်ပြီး ထွက်လာချိန်မှာ ဖိုးသားက ...ပေါ်မှာ ဇိမ်ကျနေသည်။ ဖြူနှင်း လှမ်းခေါ်လိုက်မှ ဒန်းပေါ်က ...လာပြီး . . .

"ထီးနဲ့ထမင်းဘူး ကျွန်တော့်ကိုပေး မမ . . . ကျွန်တော် ...င်ပေးမယ်"

အလဲ့ တယ်ဟုတ်ပါလား ဟု ဖြူနှင်းစိတ်ထဲ အောက်မေ့...က်သည်။ ဖြူနှင်း ကျောင်းသွားလျှင် လွယ်အိတ်လွယ်ပြီး လက်ထဲ... ခေါက်ထီးအနက်ကလေးနှင့်ထမင်းဘူးကို ကိုင်သည်။ ခုတော့ ...တိတ်က ထမင်းဘူးနှင့် ထီးကို ကိုင်ခဲ့ပေးမည် ဆိုသဖြင့် အတော်...တော့ ဟန်ကျသွားသည်။

လမ်းထိပ်ရောက်မှ ဖြူနှင်းက သတိရ၍ . . .

"ဟဲ့ . . . ဖိုးသား . . . နင်က ငါ့ထီးနဲ့ ထမင်းဘူးကိုင်...တော့ နင့်ထီးနဲ့ ထမင်းဘူးတို့ကော ဘယ်မှာလဲ"

"မပါဘူးလေ မမရဲ့ . . . ကျွန်တော်က ယောက်ျားလေး ...အဲဒါတွေ မလိုပါဘူး . . . ထမင်းကို အိမ်က တစ်ခါတည်းစား...တယ် . . . ထီးကတော့ ယူစရာကို မရှိတာ . . . ရှိလဲမယူပါ...ဘူး . . . ဘာလုပ်မှာလဲ"

"ဘာလုပ်ရမလဲဟဲ့ . . . မိုးရွာတော့ နင် ဘယ်လိုလုပ်...



www.burmeseclassic.com

www.burmeseclassic.com



မှလဲ"

"မိုးရွာရင်လား . . . မိုးအများကြီးရွာရင် တစ်နေရာရာမှာ ခိုနေမှာပေါ့ . . . မိုးနည်းနည်းပဲရွာရင်တော့ ဒီအတိုင်းပြေးမှာပေါ့ . . . မမရဲ့ . . . ဒါများ ခက်တာလိုက်လို့ ဟား . . . ဟား . . . ဟား . . ."

အမယ်ကိုယ်တော်ချောက ရယ်များပင် ရယ်နေလိုက်သေးသည်။ ဒါမျိုး ဖြူနှင်းက သိပ်ကြည့်မရတတ်။

"ဒေါက်"

"အား . . ."

မိုးအများကြီးရွာလျှင် မိုးခိုမည့်မှာန်၊ မိုးနည်းနည်းပဲရွာလျှင် ပြေးမည့်ဟန် စသည်များကို လှုပ်ရှားမှု ဟန်ပန်လေးများဖြင့် ပြရင်း ပြောရင်း ရယ်နေသော ဖိုးသားခေါင်းကို ဖြူနှင်းက လက်ခေါက်ဖြင့် ဒေါက်ခနဲ အားရပါးရ တီးထည့်လိုက်သည်။

ဖိုးသား "အား" ခနဲ အော်၍ အီစလံဝေသွားသည်။

"အား . . . မမက တကယ်တီးတာပဲ . . . နာလိုက်တာဗျာ"

"နာမှာပေါ့ . . . မင်းက မမစကားကို ဘာဖြစ်လို့ ကရော်ကမယ် လုပ်ပစ်လဲ . . . နောက်ဆို မှတ်ထား . . . မမပြောတဲ့စကားကို အဲလို ကရော်ကမယ်လုပ်ရင် ဒီထက်နာအောင် ခေါက်မယ် ကြားလား . . ."





"အင်း . . ."

"အင်း . . . ဘာအင်းလဲ . . . ဟုတ်ကဲ့ . . . လို့ပြော

"ဟုတ်ကဲ့"

"မှတ်ထား . . . နောက်ကို မိုးရွာရင် ထီးဆောင်းရမယ်"

"အိမ်မှာ ထီးမရှိဘူး မမရဲ့ . . . ရှိတဲ့အစုတ်တစ်လက် ဖေဖေယူသွားတယ်"

"အေး အဲဒါဆို ကျောင်းသွားကျောင်းပြန် မမထီးနဲ့အတူ ဆောင်း . . . ကျန်တဲ့အချိန် မိုးရွာရင် အပြင်မထွက်နဲ့ . . . ခေါင်းကို မိုးစိုရင် ဖျားတတ်တယ်"

"ဟုတ် . . . ဟုတ်ကဲ့ . . . ခေါင်းကို မိုးစိုရင် ဖျားတတ်တယ် . . . မမစကားကို ကရော်ကမယ်လုပ်ရင် အဲဒီခေါင်းကို ခေါက်ခံရမယ် . . . ဟုတ်လား မမ"

"ဟုတ်တယ်"

"မမနဲ့ စကားပြောရင် အင်းလို့ မပြောရဘူး . . . ဟုတ်ကဲ့ ပြောရမယ် . . . မိုးရွာရင် အပြင်မထွက်ရဘူး . . . ကျောင်းသွားကျောင်းပြန် မမနဲ့ထီးအတူတူ ဆောင်းရမယ် . . . ရပြီမမ . . . ကျွန်တော်အားလုံး မှတ်ထားလိုက်ပြီ"

ကြည့် . . . ဖိုးသားသည် ဘယ်လိုကောင်လေးမှန်းမသိသော ကောင်လေးဖြစ်သည်။ စကားပြောလျှင် လက်ဟန်ခြေဟန်



www.burmeseclassic.com

www.burmeseclassic.com



အမှုအရာလေးကလည်း လုပ်တတ်သလို တစ်ခါကစ်ခါ လျှာအလွ
ရှည်ပြီး စကားကလည်း များမှန်း နောက်မှသိ၏။

❀ ❀ ❀

"ကျွန်တော်က အ,တာ မဟုတ်ပါဘူး မမရာ ...
ကျွန်တော်က သူတို့ကို ယုံတာကိုး ... အဲဒီတော့ သူတို့ ကျွန်တော်
ကို လိမ်နေမယ်လို့ ကျွန်တော် ဘယ်ထင်မလဲ ... ကျွန်တော်
သူတို့ကို တစ်ခါမှမှ မလိမ်ဖူးတာ ... အဲဒီတော့ သူတို့ တက
သတ္တိရှိလို့ အဲဒီငရုတ်သီးကို တကယ်စားပြနေတယ်ပဲ အောက်
တာပေါ့"

မနေ့က ကိစ္စနှင့်ပတ်သက်၍ ဖြူနှင်းက "မင်း အဲဒီလော
တော့ မအ,နဲ့နော် ... ယောကျ်ားဖြစ်ပြီး သူများတွေ လိမ်
ခံရတယ် ဆိုတာလဲ ရှက်စရာကောင်းတာပဲ" ဟု ပြောမိခြင်း
ပုဂ္ဂိုလ်လေးက ရှင်းချက်တွေ ထုတ်နေခြင်း ဖြစ်သည်။ ဖြူနှင်း
ရယ်ပြီး ...

"ငရုတ်သီးစားတာနဲ့ သတ္တိရှိတာနဲ့ကကော ဘာဆိုင်လို့
"မသိဘူးလေ ... သူတို့က မင်းသတ္တိရှိလား ...
သတ္တိရှိရင် သူတို့လိုစားပြ ဆိုတော့ ကျွန်တော် ယောကျ်ားဖြစ်
သတ္တိမရှိဘူး အပြောမှ မခံချင်တာ ... အဲဒီတော့ စားပြတာပေါ့





"အဲဒါကြောင့် မင်းကို ငအ ... လို့ မပြောတာပေါ့
.. နောက်မှတ်ထား ... ယောကျ်ားဆိုတာ သူများပြောတိုင်း
နေဘူး ... သူပြောတဲ့စကား မှန်လား မှားလား စဉ်းစားရ
ယ် ... ဘယ်ဟာက မှားတယ်ဆိုတာ သိအောင် လုပ်ထား
တယ်"

"ဘယ်လိုလုပ်ရမှာလဲ"

"စာတွေပေတွေဖတ် ... လူကြီးတွေ ပြောတာဆိုတာ
ထောင် ... ဆရာ ဆရာမတွေ သင်ပေးတာကို ကြိုးစားသင်
... အဲဒီအခါ အသိဉာဏ်ရှိလာရင် အမှားအမှန် ဝေခွဲတတ်
တာပဲပေါ့"

"အဲဒီ အသိဉာဏ်က မိန်းမတွေမှာ ရှိဖို့ မလိုဘူးလား"

"အဲ ... အသိဉာဏ်ဆိုတာ လူတိုင်းမှာ ရှိသင့်တာပဲ
. ယောကျ်ားပဲဖြစ်ဖြစ် ... မိန်းမပဲဖြစ်ဖြစ်ပေါ့ ... နေပါ
... မင်းက ဘာဖြစ်လို့ အဲလို မေးရတာလဲ"

"မသိဘူးလေ ... မမ ခုနပြောတာပဲ ယောကျ်ားဆိုတာ
များပြောတိုင်း မယုံရဘူး ... သူများပြောတဲ့စကား မှားလား
လား အရင်စဉ်းစားရတယ် ဆိုလို့ မိန်းမတွေကျတော့ မစဉ်းစား
ဘူးလား သိချင်တာပေါ့"

"သေလိုက်ပါလား မောင်ဖိုးသားရယ် ... အဲဒါက မင်း
ပြောတဲ့စကားထဲမှာ ယောကျ်ားဖြစ်ပြီး သတ္တိမရှိဘူး အပြောခံချင်



www.burmeseclassic.com

www.burmeseclassic.com



လို့ဆိုတာပါတယ် မဟုတ်လား . . . အဲဒါကြောင့် ယောက်ျား . . . တာလို့ တမင်ထည့်ပြောလိုက်တာ"

"အဲဒါမှ ကျွန်တော်မသိတာ . . . ကျွန်တော်က မမပြော . . . တဲ့စကားဆို ဘယ်တော့မှ မမေ့အောင်မှတ်ထားဖို့ပဲ စဉ်းစားတာ . . . မမက ဒါဆိုရင် ဒါပဲ . . . ကျွန်တော်က အသေမှတ်ထား . . . မှာပဲ . . . အဲဒီတော့ နောက်ဆို ကျွန်တော် အမှတ်မမှားအောင် . . . မမက ပြည့်ပြည့်စုံစုံ ပြောပြ"

"အောင်မာ . . . မင်းက ငါပြောတာ မပြည့်စုံဘူးလို့ . . . ပြောချင်တာပေါ့လေ"

"မဟုတ်ဘူးလေ မမရ . . . မမပြောတာ ကုန်သွားပေ . . . ကျွန်တော် မှတ်တာ ကျန်နေမှာလို့ ပြောတာပါ"

"ကောင်စုတ်နော် . . . အ,မလိုလိုနဲ့ ငါ့ကို လာမလည် . . . နောက်ပြီး ဘာကိစ္စ မင်းက ငါပြောတာကို အသေမှတ်ထား . . . ရမှာလဲ . . . ခုနပဲ မင်းကို ပြောပြီးပြီ . . . သူများပြောတာပေ . . . နဲ့ . . . ကိုယ့်ဟာကိုယ် မှန်မမှန် စဉ်းစားလို့ . . . "

"အဲဒါက မမပဲပြောတယ်လေ . . . အသိဉာဏ်ရှိအောင် . . . လုပ်ရဦးမယ်ဆို . . . ကျွန်တော်မှ အဲလိုမလုပ်ရသေးတာ . . . လောလောဆယ် အသိဉာဏ်ရှိပြီးသား မမပြောတာကို ဒီအတိုင်း . . . မှတ်ထားလိုက်တာ ပိုကောင်းတာပေါ့ . . . မဟုတ်ဘူးလား"

"အမယ်လေး . . . မင်းက ငါ့စကားနဲ့ ငါ့ကို ပြန်ပြ . . .

. . . သာပေးနေတာပေါ့ ဟုတ်လား ဖိုးသား . . . သိမယ် . . . ဒီမှာ . . . ပြည့် . . . ဒါ . . . ဘာလဲ"

"ခေါက်"

"အား . . ."

ဖြူနှင်းက ခေါင်းကို တစ်ချက်တွယ်ထည့်လိုက်သည်။ ဖိုးသားက စပ်ဖြဲဖြဲရှုံ့မဲ့မဲ့နှင့် ခေါင်းကို ပွတ်ရင်း အဖြေ . . . သော၏။

"အဲဒါ ခေါင်းခေါက်တာပါ မမ"

❀❀❀





www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၇

"ဖိုးသား မင်းဒီမှာ ခဏနေခဲ့နော် . . . ပစ္စည်းတွေ ထားခဲ့မယ် . . . သေချာကြည့်ထားဦး . . . တော်ကြာ လူဆွဲသွား လို့ ဟုတ်ပေ့ဖြစ်နေမယ်"

ကျောင်းပိတ်ရက် တနင်္ဂနွေနေ့၏ စည်ကားသော ဗိုလ်ချုပ် ဈေးကို ခုနှစ်ပတ်လောက် စိတ်ကြိုက်ပတ်ပြီးသောအခါ မိန်းကလေး တို့၏ ထုံးစံအတိုင်း ဖြူနှင်းတို့အုပ်စုက အပေါ်အပါးသွားရန်ဖြစ် သည်။

ခပ်လှမ်းလှမ်းရှိ ဈေးရုံလေ့ခါးထစ်ထောင့်လေးတွင် ဝယ် ခြမ်းထားသော ပစ္စည်းများကို စုပုံပြီး ဖိုးသားကို အစောင့်ထား





ညီ ဖိုးသားက ခေါင်းညိတ်ပြီး ပစ္စည်းတွေနားမှာ ဆောင့်ကြောင့် ထိုင်စောင့်ကျန်ခဲ့သည်။

"အဲဒါလေးက နင်သွားလေးရာ တကောက်ကောက်နဲ့ ပါနေတယ် . . . ဘယ်က ဟာလေးလဲ ဖြူနှင်း"

သူငယ်ချင်းဖြစ်သူ ဇင်ဝေ့ အမေးကြောင့် ဖြူနှင်းက ရယ် ပြီး . . .

"လမ်းထဲက ကလေးလေးပါ ဇင်ဝေရယ် . . . ငါနဲ့လဲ ကျောင်းတည်း တက်နေတာဆိုတော့ အဖော်ရအောင် ခေါ် ထားတာ . . . ဖိုးသားက အားတော့ အားကိုးရတယ် . . . ခိုင်းခိုင်း အပန်းမကြီးဘူး လုပ်ပေးတာပဲ"

"အင်း . . . လုပ်ပေးတာက အရေးမကြီးဘူး . . . ကလေးက ကလေးပေါက်စနလေး မဟုတ်တော့ တော်ကြာ ချောင်လေး ဇာတ်လမ်းတွေ ဖြစ်ကုန်မှာစိုးလို့"

"ဟာ . . . နင်ကလဲ တောက်တီးတောက်တဲ့ . . . သူ့ ရွယ်နဲ့ ငါ့အရွယ်က ဒါမျိုးဖြစ်စရာလား"

"အမယ် သူက နင့်ထက် ဘယ်လောက်ငယ်လို့လဲ"

"နှစ်နှစ်တောင် ငယ်တယ်"

"အမယ်လေး နှစ်နှစ်များ စကားထဲ ထည့်ပြောနေသေး တယ် . . . အရပ်အမောင်းက နင့်ထက်တောင် မြင့်သေးတယ်"

"အော် . . . ဒါက သူက ယောကျ်ားလေးကိုး . . .



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာတွေ မပြောစမ်းပါနဲ့ဟာ . . . ကောင်လေးက အငယ်
အ,တ လေးမို့ သနားလို့ စောင့်ရှောက်ထားတာ"

သူတို့နှစ်ယောက် အချီအချ ပြောနေသော စကားများ
နားထောင်၍ အနားက လှိုင်လှိုင်ကလည်း ရယ်သည်။

တကယ်လည်း ဒီကိစ္စမျိုးက ဖြူနှင်း ဘယ်လိုမှ မစဉ်းစား
မိခဲ့သောကိစ္စမျိုး ဖြစ်သည်။

ဖြူနှင်း စိတ်ထဲမှာလည်း ဒါမျိုးတွေမရှိ၊ အိမ်မှာလည်း
အစ်ကိုတွေမောင်တွေနှင့် နေခဲ့သူမို့ ယောကျ်ားလေးတစ်ယောက်
အရောတဝင် ဆက်ဆံရခြင်းအပေါ် ဘာခံစားမှုမှ ထူးမဖြစ်။

ဖိုးသားကိုလည်း အစ်ကိုတွေ မောင်တွေနှင့် ဆက်ဆံ
သဘောထားသလိုပင် သဘောထားနေခဲ့သည်။

ရှင်းရှင်းပြောရလျှင် ကိုကိုတို့ မောင်လေးတို့ထက်တောင်
ဖိုးသားက အားကိုးရသည်။

ခုနောက်ပိုင်းဆို အန်တီစောဆီက အထည်ပို့ အထည်
လုပ်တာကအစ ကိုယ်တိုင် မသွားဖြစ်လျှင် ဖိုးသားကိုပဲ လွှတ်
လိုက်သည်။

အန်တီစောတို့ကလည်း ဖိုးသားကို မှတ်မိ စိတ်ချပြီး
ကြေးကအစ ယုံယုံကြည်ကြည် ထည့်ပေးလိုက်သည်။

သို့အတွက် ဖြူနှင်း ဖိုးသားကို အဖော်ပြုနေရုံမက ချုပ်
ပိုက်ဆံရလျှင် ကောင်လေးကို မုန့်ဖိုး၊ စာအုပ်ဖိုး ပေးသည်။ တစ်ခါ





တစ်ရံ လုံချည်လေး၊ အကျႌလေး ဝယ်ပေးသည်။

ဖိုးသားကလည်း ဒါလေးတွေရလျှင် ပျော်ပြီး၊ နောက်နေ့ဆို
လုံချည်အကျႌအသစ်လေးများဝတ်ဝတ်လာပြီး ဖြူနှင်းကို ကြွားသည်။

တစ်ခါတလေ စိတ်တိုလျှင် ခေါင်းခေါက်မိတာက လွဲ၍
ဖြူနှင်း ဖိုးသားကို နိုင်လိုမင်းထက်လုပ်တာမျိုး မရှိ။

ယခုကဲ့သို့ ဗိုလ်ချုပ်ဈေးမှာ ဇင်ဝေ တစ်ခါပြောဖူးတာက
လွဲလျှင် သူတို့နှစ်ယောက် ဆက်ဆံရေးကို ဘယ်သူကမှလည်း
အဟန့်အတား မလုပ်။

ဖြူနှင်း မှတ်မိသလောက် ဖိုးသားနှင့် ထိုသို့နေထိုင်ခဲ့ခြင်း
တ နှစ်နှစ်လောက်ကြာသည်။ ဖြူနှင်းကိုးတန်းမှာ ဖိုးသားနှင့် စတွေ့
ပြီး ဖြူနှင်းဆယ်တန်းအောင်ပြီးသည်အထိ။

ဖြူနှင်း တက္ကသိုလ်တက်သည့်အခါကျမှ တစ်ယောက်တကွဲ
စီဖြစ်သွားပြီး ဖိုးသားနှင့် အဆက်အသွယ်ဖြတ်သလို ဖြစ်သွားခြင်း
ဖြစ်သည်။

ထိုအချိန်မှာ ဖိုးသားက ရှစ်တန်းအောင်၍ ကိုးတန်းပင်
တက်နေပြီ။

တက္ကသိုလ်တက်ချိန်မှာ ဖိုးသားကို ဖြူနှင်း မေ့တော့တော့ပင်
ဖြစ်နေမိ၏။

အစကတည်းက ဘာမှမဟုတ်သဖြင့် ခွဲခွာခြင်း ဆိုသည်ကို
လည်း ဘာမှ တခမ်းတနား မှတ်မှတ်ရရတွေ လုပ်မထားမိကြ။



www.burmeseclassic.com

www.burmeseclassic.com



ခွဲမည်ဆိုပြီး သတ်သတ်မှတ်မှတ် ခွဲလိုက်တာမျိုးလည်း မဟုတ်။

ဖြူနှင်းက ကျောင်းတက်စရာ မလိုသဖြင့် မတက်။ ဖိုးသားက ကျောင်းတက်စရာ လို၍တက်။ ကျောင်းတက်ချိန် ပြန်ချိန် ဆုံစရာ မလိုတော့။

အရင်က ဆိုလျှင်တော့ ကျောင်းဆင်းပြီး နောက်ပိုင်းနှင့် ကျောင်းပိတ်ရက်များတွင် တစ်ခုခု ခိုင်းစရာရှိလျှင် အိမ်လာဖို့ မှာထားသည်။

ခုတော့လည်း ဖိုးသားက အတန်းကြီးလာပြီ၊ စာတွေက အရေးကြီးလာပြီ၊ လူကလည်း သူ့ဟာနှင့်သူ အရွယ်ရောက်လာပြီမို့ တောက်တိုမယ်ရလေးတွေ မခိုင်းချင်တော့။

ဆယ်တန်းဖြေပြီးသည်နှင့် ဖြူနှင်းကလည်း သူများ၏ လက်ဝေခံ သဘောမျိုး အလုပ်မလုပ်ချင်တော့သဖြင့် ကျွန်းတောလမ်းမကြီးဘက်မှာ အခန်းတစ်ခန်းငှားပြီး ကိုယ်ပိုင်ဆိုင်လေး ဖွင့်လိုက်သည်။

တက္ကသိုလ်တက်ချိန်အတွက် ရည်ရွယ်ပြီး အချုပ်သမား နှစ်ယောက် သုံးယောက်လည်း ခေါ်ထားလိုက်သည်။ ဖြူနှင်းက ကြီးကြပ်ရုံသာ ကြီးကြပ်သည်။

အရေးကြီး ချုပ်ထည်များမှအပ တော်ရုံတန်ရုံ အထည်ကို အချုပ်သမား မိန်းကလေးတွေနှင့်ပင် လွှဲထားလို့ရသည်။





အန်တီစောကလည်း ဖြူနှင်းကို ချစ်ရင်းစွဲရှိသည်မို့ သူ့ဆောက်သည်တွေထဲက အလျှင်လိုသူများရှိလျှင် ဖြူနှင်းဆီပဲ လွှတ်ပေးသည်။

သို့အတွက် ဖြူနှင်းဆိုင်လေးသည် စဖွင့်ကတည်းက စည်စည်ကားကားလေးနှင့် အလုပ်ဖြစ်သည်။

ထိုဆိုင်ကိစ္စလေးမှာလည်း အာရုံပို့ထားသဖြင့် ဖိုးသားကို အဆက်အသွယ်မလုပ်ဖြစ်တော့တာလည်း ပါသည်။

သည်လိုနှင့်ပင် အနေဝေးသလို ဖြစ်သွား၏။ ထူးထူးထွေထွေ ဘာအကြောင်းမရှိ။

သည်အပေါ်မှာလည်း ဘာမှ အမှတ်မထားဖြစ်။

သည်လိုနှင့် ဖြူနှင်းတက္ကသိုလ်မှာ ဒုတိယနှစ်ပင် ရောက်သွားသည်။

အကယ်၍သာ ဖြူနှင်း တက္ကသိုလ်ဒုတိယနှစ်ကျောင်းတက်နေဆဲ တစ်ညနေမှာ ဖိုးသားကို ဆိုက်ဆိုက်မြိုက်မြိုက် မဆုံတွေ့လျှင် သည်ဇာတ်လမ်းကလည်း ဘာမှဆက်ဖြစ်စရာ အကြောင်းမရှိတော့။

သည်လိုပဲ ပိုနေမြဲကျားနေမြဲနှင့် ပြီးသွားမည်ဖြစ်သည်။

သို့သော် ဖြူနှင်းကံကြမ္မာက သည်လောက်လွယ်ကူရှင်းလင်းဖြောင့်ဖြူးခြင်းမရှိ။ ဘဝတစ်ခုကို ပြေပြစ်ညင်သာစွာ ဖြတ်သန်းနိုင်သည့် အခွင့်အရေးမျိုး ဖြူနှင်း ပါရမီတွင် မပါ။

သို့အတွက် စောစောက ပြောသည့် တစ်ညနေမှာ ဖိုးသား



www.burmeseclassic.com

www.burmeseclassic.com



နှင့် အမှတ်မထင် ပြန်လည်ဆုံတွေ့ခဲ့ခြင်းဖြစ်၏။

တွေ့ခြင်းကောင်းသော တွေ့ဆုံခြင်းလည်းမဟုတ်။

❀❀❀



## အခန်း - ၈

"ဟင် . . .

ထိုနေ့က ကျောင်းဆင်းဆင်းချင်း ဆိုင်ကို တန်းမပြန်ဖြစ်။ မြို့ထဲ လှည့်ဝင်ပြီး ဝယ်စရာရှိတာ ဝယ်ပြီးမှ တက္ကစီအငှားကားဖြင့် ဆိုင်ကို ပြန်လာခဲ့ခြင်းဖြစ်သည်။

ဆိုင်ရှေ့မရောက်ခင် ခပ်လှမ်းလှမ်းကတည်းက ဆိုင်ရှေ့မှာ လူအုပ်စုတစ်စု စုရုံးနေသဖြင့် ဖြူနှင်းရင်ထဲ ထိတ်သွားသည်။

"ရပြီ ကားဆရာ . . . ဒီနားပဲ ရပ်ပေး"

ဖြူနှင်းစကားကြောင့် ကားဆရာက လမ်းဘေး ကပ်ရပ်ပေးလိုက်သည်။ ဖြူနှင်းက ကားခရှင်းပြီး ပါလာသော အထုပ်အပိုး



www.burmeseclassic.com

www.burmeseclassic.com



များဆွဲ၍ ကားပေါ်က ဆင်းလိုက်သည်။

"မမ"

ဖြူနှင်း ကားပေါ်က ဆင်းသည်ကို မြင်သည်နှင့် ဆိုင်မှ စက်ချုပ်ကောင်မလေး တစ်ယောက်က "မမ" ဟု ခေါ်ရင်း ပြေးချ လာသည်။

"ဘာဖြစ်လို့လဲ . . . ခင်မြဝင်း"

နဂိုကမှ ရင်ထိတ်ရသည့်အထဲ ကောင်မလေးက အမော တကော ပြေးချလာသည်မို့ ဖြူနှင်း အသက်ပင် မရှူနိုင်ဘဲ မေးလိုက် ပါသည်။

ခင်မြဝင်းက . . .

"ဆိုင်မှာ အရက်မူးသမား ကောင်တစ်ကောင် လာရမ်းနေ လို့ မမရဲ့ . . . ကျွန်မတို့ဖြင့် ကြောက်လိုက်တာ . . . တော်သေး တာပေါ့ . . . မမရောက်လာလို့ ကျွန်မတို့ချည်းပဲဆို ဘာလုပ်ရမှန်း မသိတော့ဘူး"

"ခုကော အဲဒီကောင် ဘယ်မှာလဲ"

"ရှိတယ် . . . ဟိုဘက်ဆိုင်က ကောင်လေးတွေ တားတာ ကို ထိုးမယ်ကြိတ်မယ် လုပ်လို့ ဟိုကောင်လေးတွေနဲ့ ရန်ဖြစ်ကြ တယ် . . . အခု ရဲစခန်း ပို့မလို့တဲ့ . . . ဘယ်ကလဲ ဘာညာ စိုင်းမေးနေကြတယ်"

"သြော် . . . ဒုက္ခပါပဲ"





ခင်မြဝင်းကို အထုပ်အပိုးများပေးခဲ့ပြီး၊ လူအုပ်ကြားထဲသို့ ဝင်လာခဲ့သည်။

"ဟေ့ကောင် . . . မင်း ဘယ်ကလဲလို့ မေးနေတယ် သေကွာ"

"မင်းနာမည် ဘယ်သူလဲ"

"ရှုပ်ပါတယ်ကွာ . . . မေးမနေပါနဲ့ . . . မှတ်လောက် အောင် ထပ်ရိုက်ပြီး ရဲစခန်းပဲ ပို့လိုက်"

ဘေးက လူအုပ်၏ အသံများ။

အရိုက်ခံထားရသော အမူးသမားကတော့ ခေါင်းပင် မမော့နိုင်အောင် ဖက်ကျိုးနေသည်။ ပြီးမှ လျှာလေးအာလေး အသံဖြင့် . . .

"ခင်ဗျားတို့ ကျုပ်ကို ဘာကိစ္စ မေးနေတာလဲ . . . ခင်ဗျား တို့နဲ့ ဘာဆိုင်လဲ . . . ကျုပ်ပြောပြီးပြီ . . . ကျုပ် ဒီဆိုင်က မမနဲ့ တွေ့ချင်လို့ . . . မမရှိလား . . . ရှိရင် ခေါ်ပေး ဖါပဲ . . . မကျေနပ်ရင် ခင်ဗျားတို့ ကျုပ်ကို ထပ်ရိုက်လို့ရတယ် . . . ကျုပ်ကို ဘယ်မှမပို့နဲ့ . . . ဒီမှာတင် သေအောင် ရိုက်ပစ်လိုက်"

ထိုအချိန်မှာ ဖြူနှင်းက ထိုအမူးသမားနားရောက်သွားပြီး ဖြစ်သည်။ ဖြူနှင်းရောက်လာသည်ကို မြင်သဖြင့် ဘေးကအသံများ တိတ်သွားသည်။

"နေပါဦး မင်းက ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို အခြေအနေမျိုးဖြစ်ဖြစ် ပြဿနာတစ်ခုကြုံလာလျှင် သိပ်ကြောက်လေ့ကြောက်ထ မရှိသော ဖြူနှင်းက ခပ်တည်တည်ပင် ခါးထောက်ရပ်ရင်း မေးလိုက်သည်။

"ဘယ်သူလဲ ကျုပ်ကို မေးတာ"

"အေး ငါပဲ . . . နင် ခုနပြောတဲ့ ဒီဆိုင်က မမ . . . ဘာကိစ္စ နင်က ငါနဲ့တွေ့ချင်တာလဲ"

"မမ . . . မမ မဟုတ်ပါဘူး . . . မမက စကားပြောရင် ဒီလေသံနဲ့ မပြောပါဘူး"

"အောင်မာ . . . လူးပါးဝလို့ ငါက ဒီလေသံနဲ့မပြောလို့ နင့်ကို ဘယ်လေသံနဲ့ ပြောရမှာလဲ . . . ဟော့ကောင် . . . မင်း မျက်နှာ မော့လိုက်စမ်း . . . မင်း ဘယ်သူလဲ ငါသိချင်တယ်"

"မမ သတိထားနော် . . . သူက မူးနေတာ"

အရေးထဲ ဆိုင်က ကောင်မလေး တစ်ယောက်က ထိတ်ထိတ်လန့်လန့်အသံနှင့် ဝင်ပြောသေးသည်။

"ဘာမှ သတိထားစရာ မလိုဘူး . . . သူ့ဟာသူ မူးရုံမကလို့ ရူးရူး . . . ဒီကောင်မျိုးတွေသာ ကြောက်နေရရင် လောကမှာ တစ်ယောက်တည်း ဘာမှ လုပ်စားလို့တောင် ရမှာမဟုတ်ဘူး ဟော့ကောင် ဒီမှာကြည့်စမ်း"

ပြောပြောဆိုဆိုနှင့် အမူးသမား၏ ဆံပင်ကို ဘယ်လက်ဖြင့် ဆုပ်ဆွဲရင်း ခေါင်းကို မ,တင်လိုက်သည်။ ထိုအချိန်မှာ ညာဘက်က





သည်း အမူးသမား၏ ပါးကို ရိုက်ရန် ရယ်ဒီ ဝမ်း၊ တူး၊ သရီးဟု အော်ရုံတမည် အဆင်သင့် ဖြစ်နေပြီ ဖြစ်သည်။

"ဟင် . . . "

ဖြူနှင်းရင်ထဲ ထိတ်ခနဲဖြစ်သွား၏။ အမူးသမား၏ မျက်နှာမှာ စောစောက ပုဂ္ဂိုလ်တွေ ဝိုင်းသမထား၍ အညိုအမဲတွေလည်း ခဲနေပြီ ဖြစ်သည်။ သို့သော် ထိုကြားထဲကပင် ထိုမျက်နှာကို ရိုပ်ခနဲ တ်မိသလို ဖြစ်သွားသဖြင့် ပါးနား ရောက်လုလု ဖြစ်နေသော က်ကို အရှိန်သတ်လိုက်သည်။

"မင်း . . . မင်း ဖိုးသား မဟုတ်လား"

အမူးသမား ကိုဖိုးသားကတော့ မျက်လုံးမဖွင့်၊ မျက်လုံးကြီးမှေး၊ ပါးစပ်ကြီး ဟောင်းလောင်းဖြင့် ဖြူနှင်းဆွဲထားသော ဆံပင် ခေါင်းကြီးတွဲခိုရင်း ဘယ်ညာခေါင်းခါရမ်းနေသည်။ ပါးစပ်ကည်း . . .

"ဖိုးသား . . . ဟုတ်တယ် . . . ကျုပ်နာမည် ဖိုးသား . . . အခု မေးတာ ဘယ်သူလဲ . . . မမလား"

"တောက်"

ဖိုးသားမျက်နှာ ထင်သည်ဟု မြင်လိုက်တုန်းက အံ့အားသင့်ရုံ သင့်သေးသည်။ အသံပါကြားပြီး ဖိုးသား သေချာသွားသော ခါကျမှ ဖြူနှင်း ဒေါသတွေ ထောင်းခနဲ ထွက်သည်။

ဆံပင်ကို တင်းတင်းကိုင်ဆုပ်၍ တောက်တစ်ချက် ခေါ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး . . .

"အဲဒါ . . . နင် ဘာလုပ်တာလဲ ဖိုးသား . . . နင်က အရက်တွေ သောက်ရအောင် နင့်ကိုယ်နင် ဘာမှတ်နေလဲ . . . နင် သေဖို့သာပြင်"

"ဖြန်း"

"အား"

"ဘာအားလဲ . . . အဲလိုမျိုး နာတတ်ရင် နင် ဘာလို့ ဒီ မျိုးလုပ်လာလဲ . . . နင့်ကို ငါသတ်မယ် ဖိုးသား သိရဲ့လား"

"ဖြန်း"

"အား"

"ကဲကဲ . . . တော်တော် ညီမလေး . . . ဒါဆို ညီမရေ က သူ့ကို သိတယ်ပေါ့ . . . ကဲ . . . အစ်ကိုကြီးတို့ ဘာလုပ်ပေး ရမလဲပြော . . . စခန်းပို့ဆို ပို့ပေးမယ် . . . ဒါမှမဟုတ် ဘယ် လိုဖြစ်ချင်လဲ"

အနားက လူတစ်ယောက်က ဝင်တားရင်း ပြောသည်။

ဖြူနှင်း စိတ်တိုတိုနှင့် ဖိုးသားဆံပင်များကို ဆွဲထားသည် ကို ဆောင့်တွန်းရင်း . . .

"ရတယ် . . . အားလုံးပဲ ပြန်လို့ရပါပြီ . . . ခုလို ကူညီ တာကို ကျေးဇူးအရမ်းတင်ပါတယ် . . . ဒီကောင့်ကို ရဲစခန်း ပို့စရာမလိုပါဘူး . . . ဒါ ကျွန်မမောင် ဝမ်းကွဲပါ . . . သူ





ကျွန်မပဲ ဆက်ဆုံးမလိုက်ပါမယ် . . . ဟော့ကောင် . . . ထ . . . သွား ဆိုင်ထဲဝင်"

ဘေးက လူအုပ်ကိုလည်းပြော . . . ဖိုးသားကိုလည်း အကျႌဂုတ်မှ ဆွဲမ၍ ဆိုင်ထဲတွန်းလွှတ်သည်။

ဖိုးသား မပါချင့်ပါချင် ပါလာပြီး၊ ဆိုင်ထဲသို့ စိုက်စိုက် တက်စိုက်နှင့် ရောက်သွားသည်။ ထို့နောက် အပ်ချုပ်စက်များဘေးရှိ ကြမ်းပြင်ပေါ်တွင် မှောက်ရက်ကြီး လဲကျသွားသည်။

ဖြူနှင်းက ဖိုးသားကို လှည့်တောင်မကြည့်ဘဲ ခင်မြဝင်းကို သာ လှမ်းကြည့်၍ . . .

"ခင်မြဝင်း ဆိုင်ပိတ်လိုက်တော့"

ဖြူနှင်း အမူအရာကိုကြည့်ပြီး ဆိုင်ရှေ့က လူအုပ်ကလည်း ဖြည်းဖြည်း ရှင်းသွားသည်။

လူအုပ်ထဲက အသံတစ်ခုကို ဖြူနှင်း ကြားဖြစ်အောင် ကြား လိုက်ရသေးသည်။

"မိန်းကလေးကတော့ အာဂပဲဟေ့ . . . ဟိုခွေးသူတောင်း သူ့မောင်ကတော့ သက်သာမယ့်ပုံ မပေါ်ဘူး"

ဟုတ်ကယ်လည်း ဖြူနှင်း ထိုအချိန်မှာ ဖိုးသားကို သတ်ချင် နေခဲ့၏။

❁❁❁



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်းနှစ်

ပြုံနှင်းဝေဝေ



## အခန်း - ၁

"အား . . ."

ဒီမနက် အိပ်ရာက နိုးချိန်လောက် အခံရခက်သည့် ဝေဒနာမျိုး ဘဝမှာ ဖိုးသား တစ်ခါမှ မကြုံဖူးခဲ့။

ခန္ဓာကိုယ်ထဲသို့ အသိတရား စတင်ဝင်ရောက်သည့်အချိန်မှာ ဖိုးသား ပထမဆုံး သတိပြုမိသည်က သူ့ခေါင်း တစ်ခုလုံး မူးနောက်ကိုက်ခဲနေခြင်းပဲ ဖြစ်သည်။

သူ့ဦးခေါင်းတစ်ခုလုံးကို နံဘေးမှနေ တင်းဘုတ်လို ဟာမျိုး လေးငါးဆယ်ခုဖြင့် ဝိုင်းရိုက်နှက်တာကို ခံနေရသလို ဝေဒနာ အတော်မခံမရပ်နိုင် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် မျက်နှာတစ်ခုလုံးလည်း တင်းမာနာကျင်နေသည်။ အထူးသဖြင့် မေးရိုး၊ ပါးစောင်ရိုးနှင့် မျက်ရိုးတစ်ဝိုက်က တင်းတင်းမာမာကြီးဖြစ်ပြီး တဆစ်ဆစ်ကိုက်နေသည်။

ဘယ်လိုဖြစ်လို့ ဒီမနက်မှာ ဒီလောက်ခံရခက်နေတာလဲ။

ညက ဘယ်မှာ ဘာတွေဖြစ်ခဲ့လဲ။

ဖိုးသား ဘာတစ်ခုမှ ပြန်စဉ်းစားမရ။

သူ မှတ်မိတာတစ်ခုပဲ ရှိသည်။ မနေ့ညနေက သူ စိတ်ညစ်ညစ်နှင့် ဘီအီးအရက်ဖြူဆိုင်ထဲဝင်ပြီး တစ်ခွက်ပြီးတစ်ခွက် သူသောက်ခဲ့ခြင်းသာ ဖြစ်သည်။

ထိုဆိုင်မှ အခု ဘယ်လိုပြန်ရောက်နေလဲ။

နာကျင်ကိုက်ခဲမှုအားလုံးကို ကြိတ်မှိတ်ခံရင်း သူ လူးလဲထကြည့်သည်။

မျက်နှာနှင့် ဦးခေါင်းသာမဟုတ်၊ တစ်ကိုယ်လုံးလည်း အရိုးတွေကော၊ အကြောတွေကော၊ ကြွက်သားနှင့် အရေပြားတွေကော နာကျင်ကိုက်ခဲနေပါလား။

ကြည့်ရတာ ညက အဖြစ်က အတော်ဆိုးခဲ့ပုံရသည်။

မျက်လုံးကို ဖွင့်လို့ရအောင်ပင် သူ မနည်းကြိုးစားနေရသည်။ ပွင့်သွားတော့ မျက်လုံးတွေက ချက်ချင်း မကြည်လင်လာ၊ ပတ်ဝန်းကျင်တစ်ခုလုံး မှုန်ဝါးဝါးဖြစ်နေသည်ကို ပီသပြတ်သားလာဖို့ အတော်အချိန်ယူ စောင့်ဆိုင်းနေရသည်။





ပတ်ဝန်းကျင်ကို ရှင်းလင်းစွာ မြင်ရတော့မှ သူရောက်နေသော နေရာသည် သူ့အိမ်ရှေ့က ဖိနပ်ချွတ်ကြမ်းပြင် ခွေးကတက်မှာဖြစ်ကြောင်း တွေ့ရသည်။

ဒါဆို သူ ညက တစ်ညလုံး သည်ခွေးကတက်မှာပဲ အိပ်နေခဲ့ရတာပေါ့။ ဘုရား . . . ဘုရား . . . ဘဝက ဆိုးလှချည်လား။

အဲ . . . ဆိုးတာ ခဏထားဦး၊ ဆိုးတဲ့ဘဝကို ရောက်ဖို့တောင် ဘယ်သူက ပို့ဆောင်ပေးသည့် ကျေးဇူးရှိပါလိမ့်။ ကိုယ့်ဟာကိုယ်တော့ ဘာဆိုဘာမှ သတိမရ။

"ဟေ့ကောင် နိုးပြီလား"

"ဟင် . . ."

ဖေဖေ့အသံကြောင့် ဖိုးသား ကပျာကယာ မော့ကြည့်လိုက်သည်။ တစ်ဆက်တည်း ခေါင်းညိတ်ပြလိုက်ပြီး . . .

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့ နိုးပါပြီ"

"အေး နိုးရင်လဲ မင်း ဘယ်နေရာမှာ ရောက်နေတယ်ဆိုတာရယ် . . . မင်းရုပ် ဘယ်လိုဖြစ်နေတယ်ဆိုတာရယ် လေ့လာဦး"

ရောက်နေတာကတော့ ခွေးကတက်ဆိုတာကို ခုနကပင် သိပြီးပြီ၊ ရုပ်က ဘယ်လိုဖြစ်နေလို့လဲ၊ သူက လက်နှင့်ထိကြည့်သည်။

"အ . . ."



www.burmeseclassic.com

www.burmeseclassic.com



အမယ်လေး ရုပ်ရည်ရူပကာ အဆင်းသဏ္ဍာန်က ဘယ်လို ဖြစ်နေပြီတော့မသိ။ လက်နှင့်ထိကြည့်တာတော့ အထိမခံ ရှေပန်း ကန်ဖြစ်နေသော နေရာတွေ တော်တော်များသည်။

ညက ဘာတွေဖြစ်ခဲ့လဲ။

ဖြည်းဖြည်းချင်း ကုန်းထပြီး အိမ်ထဲဝင်ခဲ့သည်။ အိမ်ထဲ ရောက်တော့ မှန်ထဲမှာ ကိုယ့်ရုပ်ကိုယ် ကြည့်လိုက်သည်။

"အား . . . လား လား . . . "

မျက်နှာအခြေအနေက အတော့်ကို ကျိုးတိုးကျဲတဲဖြစ်နေ သည်။ ညိုတာတွေကော၊ နီပြီး ယောင်နေတာတွေကော . . . ။

"ဟူး"

ညက ဖြစ်ပျက်စဉ်က အတော့်ကို ဆိုးရွားလိမ့်မည်ဟု ဗေဒင်မေးစရာမလိုဘဲ သိလိုက်သည်။

"ညက ကျွန်တော် ဘယ်လိုဖြစ်တာလဲ ဖေဖေ"

"အေး . . . ငါကလဲ မင်းကို အဲဒီမေးခွန်း မေးမလို့ စောင့် နေတာပဲ"

"ညက ကျွန်တော် ပြန်ရောက်လာတာ ဖေဖေ မသိဘူး လား"

"မသိရင် မင်း ခွေးကတက်မှာတောင် မအိပ်ရဘဲ မြေကြီး ပေါ် အိပ်နေရမှာပေါ့ကွာ . . . ဒါပေမယ့် မင်း ပြန်ရောက်တာပဲ သိတာပေါ့ . . . ဘာဖြစ်ပြီး ပြန်ရောက်လာတယ်ဆိုတာတော့ ငါလဲ





ဒီဇွစကျွဲရတဲ့ကောင်မှမဟုတ်ဘဲ . . . ဘယ်လိုလုပ်သိမလဲ"

"ကျွန်တော့်ကို ဘယ်သူပို့လဲ ဖေဖေ"

"ဆိုက်ကားသမား"

ကြည့်ရတာ အမြင်မတော်သူ တစ်ယောက်ယောက်က ဆိုက်ကားပေါ်တင်ပေးပြီး အိမ်ကို ပို့ခိုင်းလိုက်တာပဲ ဖြစ်မည်။

"အဲဒီဆိုက်ကားသမားကို ဖေဖေ မေးမကြည့်ဘူးလား"

"ဘာကိစ္စ ငါက မေးနေရမှာလဲ . . . စိတ်တောင်မကူးဘူး . . . သူ့ဟာသူ မနေနိုင်မထိုင်နိုင် ပြောသွားတာတော့ရှိတယ်"

"ဘာတဲ့လဲ ဖေဖေ"

"အသိတစ်ယောက်က ပို့ခိုင်းလိုက်လို့ . . . တဲ့"

"ဟင်း . . . "

သက်ပြင်း တစ်ချက်ချရင်း စိတ်ပျက်လက်ပျက်နှင့် ငုတ်တုတ်ထိုင်ချလိုက်သည်။

သူ့ဘဝ သူ့အခြေအနေက ဒီလိုတောင် ဖြစ်သွားပြီပေါ့။

"ဟောကောင် . . . ဘာထိုင်လုပ်နေတာလဲ . . . သွားစမ်း ကွာ . . . မျက်နှာသစ် ရေမိုးချိုးစမ်း . . . မင်းတစ်ကိုယ်လုံးမှာ ဘာကျက်သရေမှ မရှိတော့ဘူး"

ဖေဖေက သူ့ကိုကြည့်ပြီး လှမ်းဟောက်သည်။

ဟုတ်သည်။ ဘဝကိုက ဘာကျက်သရေမှ မရှိတော့သော ဘဝ။ အမှန်တော့ သူ့ဘဝသည် မျက်နှာသစ်၊ ရေမိုးချိုးရုံနှင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ ပြောင်းလဲ လာစရာမရှိသည်ကို ဖေဖေမသိပါလား။

"ဟော့ကောင် . . . သွားလို့ ပြောနေတယ်ကွာ"

"ဟူး . . . "

ဖိုးသား စိတ်ပျက်လက်ပျက်နှင့် လေးကန်စွာ ထလိုက်သည်။

တန်းပေါ်က မျက်နှာသုတ်ပုဝါကို ဆွဲယူရင်း ရေချိုး၊ မျက်နှာသစ်လုပ်မည့် နောက်ဖေးရေတိုင်ကီဘက် လျှောက်လာခဲ့သည်။

လမ်းတစ်ဝက်ရောက်မှ အင်္ကျီချွတ်ထားခဲ့ရန် သတိရသည်။ အင်္ကျီချွတ်ရင်းနှင့် ရင်ဘတ် အိတ်ကပ်ကို လက်နှင့်စမ်းလိုက်သည်။

"ဟင် . . . "

ဘာမှန်း သေချာမသိသော်လည်း အိတ်ကပ်ထဲမှာ ပိုက်ဆံလိုလို စာရွက်လိုလို တစ်ခုရှိနေသည်။

ပိုက်ဆံတော့ မဖြစ်နိုင်။ သူ့အိတ်ကပ်ထဲမှာ ပိုက်ဆံရှိနေစရာ အကြောင်းမရှိ။ အိတ်ထဲက အရာလေးကို ထုတ်ယူလိုက်သည်။

စာရွက်ခေါက်လေး။

ဖိုးသား ဘာလဲသိချင်စိတ်ဖြင့် ဖြန့်ကြည့်လိုက်သည်။





ဖိုးသား . . .

နင်လူစိတ်ပြန်ဝင်ပြီး လူလို ပြန်သိပြီဆိုရင် ငါ့ဆီချက်ချင်းလာခဲ့၊ ငါ ဆိုင်မှာ ရှိနေမယ်။

ဖြူနှင်း

"ဟင် . . . "

ခုမှ သူ့စိတ်က ပို၍ တုန်လှုပ်ချောက်ချားသွား၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း - ၂

ဖြူနှင်းက နာရီကို ငုံ့ကြည့်သည်။ ရှစ်နာရီခွဲသွားပြီ။

ဖိုးသား ဒီအချိန်ထိ မထနိုင်သေးတာလား။ ဒါမှမဟုတ် ညက အဖြစ်အပျက်ကို ပြန်သတိရပြီး မျက်နှာပူသဖြင့် မလာရဲတော့ တာလား။ ဘာမှန်းတော့ သေချာမသိ။

သို့သော် ညက အဖြစ်အပျက်ကြောင့် ဖြစ်ခဲ့ရသောဒေါသ များ၊ စိတ်မကောင်း ဝမ်းနည်းခြင်းများကတော့ ခုထိမကုန်ဆုံးနိုင် သေး။

ညက ဖြူနှင်း ဆိုင်ပိတ်ပြီးတာတောင် တော်တော်နှင့် အိမ်မပြန်။ ကြမ်းပေါ်မှာ မှောက်ခုံကြီးလဲ၍ သတိလစ် မူးအိပ်အိပ်





သွားသော ဖိုးသားကို ကြည့်ရင်း ဒေါသတွေလည်း ထွက်သည်။ မျက်ရည်လည်း ကျသည်။

အဆက်အသွယ်ပြတ်သလို ဖြစ်နေသည့် နှစ်နှစ်လောက် အတွင်းမှာ သည်ကောင်လေး ဘယ်လိုဖြစ်လို့ ဒီလောက်ပျက်စီးသွား ရတာလဲ။

ခု သူမ မျက်စိရှေ့မှာ ရုပ်ပျက်ဆင်းပျက် မူးရူးလဲကျနေ သော ဖိုးသားသည် သူမနှင့် နီးနီးကပ်ကပ်ရှိခဲ့စဉ် နောက်ဆုံးတွေ့ ခဲ့ရသော ဖိုးသားနှင့် ဘာကြောင့် အလွန်အမင်း ကွာခြားလွန်းသွား ရတာလဲ။

ထိုအဖြေကို သိချင်သည့်အတွက်ကြောင့်လည်း သတိလစ် နေသော ဖိုးသား၊ ပြန်မျှား သတိရ နိုးထလာမလား မျှော်လင့်ချက် ဖြင့် ထိုင်စောင့်ကြည့်နေခဲ့ခြင်း ဖြစ်သည်။

အတော်လေး မိုးချုပ်လာသည်အထိ ဖိုးသားဆီမှ အိပ်မော ကျနေသလို အသက်ရှူသံပြင်းပြင်းနှင့် ဟောက်သံတို့သာ ကြားနေ ရသည်။

နောက်ဆုံး ညတွင်းချင်း နိုးလာစရာ ဘယ်လိုမှ အကြောင်း မမြင်တော့သဖြင့် ဆိုက်ကားတစ်စီးခေါ်ပြီး လမ်းနှင့် အိမ်နံပါတ် ပေးကာ အသိတစ်ယောက်က ပြန်ပို့ပေးခိုင်းကြောင်းသာ ပြောရန် မှာ၍ ဖိုးသားကို တင်လွှတ်လိုက်သည်။

ဆိုက်ကားပေါ်ရောက်မှ သတိရ၍ ဖိုးသားအိတ်ထဲကို ဆ



www.burmeseclassic.com

www.burmeseclassic.com



တစ်စောင်ရေးပြီး ထည့်ပေးလိုက်သည်။

ဖိုးသား သူ့အိမ်ကို ဘယ်လိုပြန်ရောက်သွားမည်တော့ မသိ။ ဖြူနှင်းကတော့ အိမ်ရောက်တော့လည်း ထိုအကြောင်းအရာက ခေါင်းထဲမှာ ကြီးစိုးနေသည်။

ညအိပ်ရာဝင်သည့်တိုင် အိပ်ရာထဲမှာ ထိုကိစ္စကို တနုံ့နုံ့ ခံစားနေရသည်။

ဖိုးသား ဘယ်လိုလုပ် အရက်သမားဖြစ်သွားလဲ။

ညက မြင်ရသော ဖိုးသားပုံစံသည် တစ်ချိန်ချိန်မှာ သူ့ကို ဒီလိုပုံစံမျိုးနှင့် တွေ့ရလိမ့်မည်ဟု ဖြူနှင်း ဘယ်လိုမှ မျှော်လင့် မထားသောပုံစံ ဖြစ်သည်။

လူငယ်တို့၏ သဘာဝအတိုင်း သည်အချိန်ကာလအတွင်းမှာ ကိုယ်လုံးကိုယ်ထည်ကအစ ထွားကျိုင်းသန်မာ၍ လူကြီးလေး တစ်ယောက်ဖြစ်လာသည်က ဘာမှမဆန်း။

အရင်က တစ်ခါမှ မတွေ့ဖူးသည့် အဆင်အပြင်မျိုးဖြင့် စုတ်တီးစုတ်ဖတ် ဂျင်းဘောင်းဘီတွေ တီရှပ်တွေဝတ်ဆင်ထားတာလည်း ဘာမှ အံ့သြစရာမဟုတ်။

တကယ့်ကို လူမှန်းမသိအောင် မူးယစ်ရမ်းကား လေလွင့် ပျက်စီးသွားတာတော့ အံ့သြဖို့ကောင်းသလို နှမြောဖို့လည်း ကောင်းလှသည်။

ဘာကြောင့်ဆိုတာ ဖြူနှင်း အရမ်းသိချင်သည်။





သို့အတွက် သည်မနက်မှာ ကျောင်းပင်မတက်တော့ဘဲ ဖိုးသားကို ဆိုင်မှ ထိုင်စောင့်နေခဲ့ခြင်းဖြစ်၏။

❀ ❀ ❀

စောင့်တာကတော့ ဟုတ်ပါပြီ။ ဖိုးသားကတော့ သေချာ ပေါက် လာမှာမို့လားဟု မေးစရာရှိ၏။

ဒါကိုလည်း ညကတည်းက ဖြူနှင်း ထည့်စဉ်းစားပြီးသား။

စိတ်တိုတိုနှင့် ရေးလိုက်သောစာမို့ သူ့ကို ချော့မော့ခေါ်သားတာမျိုးမဟုတ်။ စိတ်တိုတိုနှင့် အရင်တုန်းကလိုပဲ ဆူဆူပေါက်ပေါက်၊ တိုတိုတောင်းတောင်း ရေးလွှတ်လိုက်တာ ဖြစ်သည်။

အရင်တုန်းကလို ဆိုရင်တော့ ဖိုးသား မလာစရာမရှိ။ ဒီလိုရေးလိုက်လျှင် ပိုတောင်လာရမည်။ ဟိုတုန်းက ဖိုးသားက သူမ စိတ်ဆိုးမှာကို သိပ်ကြောက်သည့် ဖိုးသား။

ခုတော့ ပြောလို့မရတော့။

အစစအရာရာ ပြောင်းလဲသွားပြီဖြစ်သည့် ဖိုးသား၏ အကျင့်စရိုက်၊ သွင်ပြင်၊ သဏ္ဌာန်အားလုံးထဲတွင် ဖြူနှင်းကို လေးစား ကြောက်ရွံ့တတ်မှုတွေလည်း ပါသွားနိုင်သည်။

ထို့အတူ ညက အဖြစ်အပျက်တွေကို တစ်စိတ်တစ်ပိုင်း မှ်သတိရပြီး အဆူခံရမှာရှက်၊ အခေါက်ခံရမှာကြောက်ပြီး မလာရဲ



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်တာမျိုးလည်း ဖြစ်နိုင်သည်။

ဖြူနှင်းက နာရီတစ်ခေါက် ထပ်ကြည့်သည်။

ကိုးနာရီကျော်ပြီ . . . ။

ဒါဆို မလာဖို့က များသွားပြီဟု ယတိပြတ်တွေးလိုက်ပြီး သည်အပေါ်မှာ အာရုံစိုက်နေမှုများ လျော့ပါးသွားရန် အလုပ်ဘက်သို့ အာရုံလှည့်လိုက်သည်။

ဟုတ်သည်လေ၊ သူလာရင်တော့လည်း ဘာကြောင့် ဒီလိုဖြစ်ရတာလဲ၊ ဒါမျိုး ဘယ်လိုမှ မဖြစ်သင့်ဘူး ဆိုတဲ့အကြောင်း ဖျောင်းဖျပြောဆိုပြီး သူ့ဘဝကို တည့်မတ်နိုင်သလောက် တည့်မတ်ပေးဖို့။

သူမလာဘူး ဆိုရင်တော့လည်း ကိုယ့်ဘက်က ဘာမှ မတတ်နိုင်တော့။ သံယောဇဉ်နှင့် စေတနာတွေအားလုံးကို ပစ္စုပ္ပန်မှာ လက်ခံမယားတော့ဘဲ အတိတ်ကိုသာ ပြန်ပို့ထားလိုက်ရုံရှိသည်။

ပုံစံပဲထုတ်ထားပြီး မညှပ်ရသေးသော ပိတ်စတစ်စကို စားပွဲပေါ် ဖြန့်ခင်းလိုက်၏။

❀❀❀

"မမ"

ခင်မြဝင်း အသံကြောင့် ပိတ်စပေါ် အာရုံပြုနေသော





နှင်းက ခေါင်းမမော့ဘဲ ပြန်ထူးလိုက်သည်။

"ဘာလဲ ခင်မြဝင်း"

"ဟို . . . ဟိုလေ ဆိုင်ရှေ့မှာ ညကလူ ရောက်နေတယ်"

"ဟင် . . . "

ဘာကြောင့်မှန်းမသိ။ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားပြီး ဟာကယာ ခေါင်းမတ်ကြည့်လိုက်သည်။

ဖိုးသား . . . ။

အပြစ်ရှိသူတစ်ယောက် သိသာသော သွင်ပြင်ဖြင့် ခေါင်းငုံ့ထားရင်း ဆိုင်ရှေ့မှာ လက်လေးနှစ်ဘက်ယှက်၍ တရားခံရပ်နေသည်။

ညကလို သောက်ထားပုံမရ။

သို့သော် ညက ဒဏ်ရာဒဏ်ချက်တွေတော့ မျက်နှာပေါ်မှာ ရှိနေကြောင်း ဘေးမှနေ တစ်စွန်းတစ်စ မြင်နေရသည်။

"ဟင်း . . . "

ဖြူနှင်း သက်ပြင်းချလိုက်၏။

သံယောဇဉ်နှင့် စေတနာတွေက ဘယ်လိုမှ ဖြတ်တောက်လျှော့ပစ်လို့ ရပြန်ဦးတော့မည်မထင်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း - ၃

"ကဲ . . . ပြောပါဦး ဖိုးသား . . . မင်းဘဝက ဘယ်
ဖြစ်ပြီး ဒီလောက်ဆိုးသွမ်း ယုတ်ညံ့သွားရတာလဲ . . . ငါ့ဆိုင်
မှာလာဖြစ်ပြီး ငါ့မျက်စိနဲ့ တပ်အပ်မြင်လိုက်ရလို့သာ ငါ ယုံမိ
. . . တစ်ဆင့်စကားဆိုရင် ဘယ်လိုမှ ယုံနိုင်မှာ မဟုတ်ဘူး"

ဆိုင်အတွင်းခန်းဘက်ကို ခေါ်သည်။

ဈေးပွဲမှာ ကုလားထိုင်တစ်ခု ပေး၍ ထိုင်ခိုင်းသ
ထို့နောက် မျက်နှာချင်းဆိုင်မှာ ကုလားထိုင်တစ်လုံးယူပြီး ဖြူနှ
မေးသည်။

ဖိုးသားဆီမှ ချက်ချင်းတုံ့ပြန်သံ ထွက်မလာ။ ခဏ





အောင် ခေါင်းငိုက်စိုက်ချမြဲ ချထားပြီးမှ ဖြည်းဖြည်းချင်း ခေါင်း မော့သည်။

"ညက ဘာတွေဖြစ်ကုန်တယ် ဆိုတာတော့ ကျွန်တော် မမှတ်မိတော့ဘူး မမရယ် . . . ဒါပေမယ့် . . . "

"အင်း . . . ပြောလေ . . . ဒါပေမယ့် ဘာဖြစ်လဲ"

"ဒါပေမယ့် ကျွန်တော် အရမ်းအမူးလွန်သွားတယ်ဆိုတာ တော့သိတယ် . . . နောက်ပြီးတော့ မျက်နှာပေါ်မှာရှိနေသေးတဲ့ ဒဏ်ရာတွေအရ ပြောရရင် ကျွန်တော် ဘာတွေ ရမ်းကားမိသွားလဲ မသိဘူး . . . ကျွန်တော့်ကို ဝိုင်းထိုးကြိတ်လိုက်ကြတဲ့ သဘောရှိ တယ်"

"သဘောမဟုတ်ပါဘူး ဖိုးသား . . . တကယ်ထိုးတာ ရိုက်တာ . . . ဒါတောင် ငါ ရောက်တာမြန်လို့ . . . နို့မို့ နင် ညက ဒီထက်နာပြီး ရဲစခန်းမှာ အိပ်ရမှာ . . . ဒါပေမယ့် ငါ ရောက်လာတဲ့အတွက် နင့်မှာ ဒဏ်ရာ နှစ်ချက်တော့ ထပ်ပိုသွား တာပေါ့"

"ဘာဖြစ်လို့လဲ မမ"

"နင့်ကို ငါ ပါးနှစ်ချက် ထပ်ရိုက်လိုက်လို့ပေါ့"

"တော်သေးတာပေါ့ မမရယ် . . . မမက ကျွန်တော့်ပါး ကို လက်ဝါးနဲ့ထိချင်စိတ် ရှိနေသေးတယ်ဆိုတော့ ကျွန်တော့်အပြ ဘ ကျွန်တော် မုန်းသလောက် မကြီးမားသေးဘူးလို့ ဖြေသွား



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့ . . . ဒါပေမယ့် အဲဒါတွေ မမဆိုင်ရှေ့မှာ လာဖြစ်ရတာကိုတော့ ကျွန်တော် တကယ်စိတ်မကောင်းဘူး . . . မမကို ကျွန်တော် ရှိခိုးပြီး တောင်းပန်ပါ့မယ် . . . အပြစ်မကျေသေးရင် မမ ကျွန်တော့်ကို ထပ်ရိုက်ဆုံးမပါဦး . . . ဒီမနက် အမူးပြေပြီး နိုးလာတော့ မမစာကို တွေ့တယ် . . . ကျွန်တော့်ခေါင်းကို မိုးကြိုးပစ်ချတာ ခံလိုက်ရသလိုပဲ"

"အဲဒါတွေထက် အရေးကြီးတာ ပြောစမ်းဖိုးသား . . . ကျန်တာတွေ ငါ သိပ်စိတ်မဝင်စားဘူး . . . နင် ရှိခိုးတာကိုလဲ ငါ မလိုချင်ဘူး"

"ကျွန်တော် ဘာပြောရမှာလဲ မမ"

"မင်း ဘာလို့ ဒီလိုဖြစ်သွားတာလဲ . . . မယုံနိုင်လောက်အောင် မင်း ဘာဖြစ်လို့ ဒီလောက် အသုံးမကျဖြစ်သွားဟာလဲ"

"ဟင်း . . ."

ဖိုးသားက သက်ပြင်းအရင်ချသည်။ တော်တော်နှင့်မဖြေသေး၊ ပြီးမှ သက်ပြင်းတစ်ခါ ထပ်ချ၍ . . .

"အသေးစိတ်တွေတော့ ကျွန်တော် မပြောချင်တော့ဘူး မမရယ် . . . မမနားလည်အောင် လိုရင်းချုပ်ပြောရရင် ကျွန်တော့်ဘဝ ကျွန်တော် မကျေနပ်လို့ စိတ်ညစ်တာကအစပဲ . . . အဲဒီဒဏ်မခံနိုင်တော့ ကျွန်တော် အရက်သောက်ဖြစ်တယ်"

"ဘယ်အချိန်က စသောက်တာလဲ"





"တစ်နှစ်လောက်ရှိပြီ"

"တစ်နှစ် ဟုတ်လား . . . အဲဒါဆို . . . "

"ဟုတ်တယ် မမ . . . ကျွန်တော် ဆယ်တန်းမဖြေတော့ဘူး . . . နှစ်တစ်ဝက်နဲ့ ကျွန်တော် ကျောင်းထွက်လိုက်တယ် . . . ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် စာထဲမှာ စိတ်မဝင်စားတော့လို့ပဲ . . . ကျတော့မယ်မှန်းသိရက်နဲ့လဲ ကျွန်တော် စာမေးပွဲကို ဝင်မဖြေချင်တော့ဘူး"

"ဘာဖြစ်လို့ စာထဲ စိတ်မဝင်စားတော့တာလဲ"

"ခုနပြောတဲ့ ဘဝကိစ္စပါပဲ"

"နေပါဦးကွာ . . . မင်းက အဲလောက်တောင်ဖြစ်သွားရအောင် မင်းဘဝက ဘာဖြစ်သွားလို့လဲ . . . ငါနဲ့ မတွေ့တော့တဲ့ နောက်ပိုင်း ဘာတွေ ဆိုးဆိုးဝါးဝါး ဖြစ်သေးလို့လဲ"

"အစုံပါပဲ မမရယ် . . . မသိချင်ပါနဲ့တော့"

"ဘာလို့ မသိချင်ရတာလဲ . . . သိချင်တယ်ပြော"

"နားထောင်ပြီး မမ စိတ်ညစ်တာပဲ အဖတ်တင်မှာပေါ့"

"မရှည်နဲ့ဖိုးသား . . . ငါက ပြောဆိုရင်ပြော . . . ဘာလဲ မင်းက ငါ့တောင် မပြောပြချင်ဘူးလား"

"မဟုတ်ပါဘူး . . . အင်းလေ . . . မမသိချင်ရင် ပြောပြပါ့မယ် . . . စုံနေတဲ့ အထဲမှာ မိသားစု စီးပွားရေးလဲ ပါပါတယ် . . . မမနဲ့ မတွေ့တော့တဲ့ နောက်ပိုင်း လေးငါးခြောက်လမှာ



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာဘူး . . . ဖေဖေ လေဖြတ်သွားတယ်"

"ဟင် . . . ခုကော"

"ခုတော့ နည်းနည်းပါးပါး လှုပ်ရှားသွားလာလို့တော့ ရပါပြီ . . . ဒါပေမယ့် အဲဒီလိုဖြစ်ပြီးကတည်းက ဖေဖေ တယောထိုးလို့ မရတော့ဘူး . . . အဲဒီတော့ အိမ်မှာ ဘာဝင်ငွေမှ မရှိတော့ဘူး . . . အဲဒါနဲ့ ကျောင်းက ကျောင်းအုပ်ဆရာကြီးသွားပြောပြီး ကျောင်းမှာ ညစောင့်ဝင်လုပ်တယ် . . . အဲဒီက ရတဲ့ပိုက်ဆံနဲ့ တီးဝိုင်းက ဖေဖေ့သူငယ်ချင်း အလှူငွေသင့်သလိုပေးကြတဲ့ ပိုက်ဆံနဲ့ ပေါင်းပြီး ဖေဖေလဲ ဆေးကု . . . အိမ်မှာလဲ စားပေါ့"

"လောက်ကော လောက်လား"

"လောက်တာတော့ ဘယ်လောက်မလဲ မမရယ် . . . ဒါပေမယ့် လုံးလုံးမရှိတာထက်တော့ တော်သေးတာပေါ့ . . . အဲဒီလို မနေရင်းကနေ မေမေနဲ့ ညီမလေးကလဲ နှစ်ယောက်စလုံး တပြိုင်တည်း ဆုံးသွားတယ်"

"အို . . . "

မှန်တာပြောရလျှင် ဖြူနှင်း ဆက်နားထောင်ချင်စိတ်ပင် မရှိတော့။

ခုပြောသလောက်နှင့်ပင် ဖိုးသား စိတ်ညစ်၊ စိတ်ဓာတ်ကျရခြင်းအကြောင်း လုံလောက်နေပြီ ဖြစ်သည်။

လောကဓံတရားသည် တစ်ခါတစ်ရံ လူတစ်ယောက်ကို





သတ္တဝါနဲ့လက်နက် မမျှအောင် တရားလွန်ညှင်းပန်းနှိပ်စက်တတ်ပါလား။

"ဟင်း . . . "

ရင်မောမောနှင့် သက်ပြင်းချမိသည်။

ညက သည်ကောင်လေး၏ ပါးကို ချမိသောလက်ကိုပင် ချက်ချင်း စဉ်းတီတုန်းပေါ်တင်၍ ဖြတ်ပစ်ချင်စိတ် ပေါက်သွား၏။

"မေမေနဲ့ ညီမလေးက ဘာဖြစ်လို့ ဆုံးသွားရတာလဲ"

"မော်တော်နစ်လို့မမ . . . မေမေက ဖေဖေနဲ့ကွဲပြီး ကျိုက်လတ်က အမျိုးတွေဆီမှာ သွားနေတာ . . . အဲဒီရက်ကျတော့ အိမ်မဲဘက်လားမသိဘူး . . . သွားရင်းနဲ့ မော်တော်နစ်တာ မေမေက ရေကူးတတ်ပါတယ် . . . ကြည့်ရတာ ရေမကူးတတ်တဲ့ ညီမလေးကို ကယ်ရင်း သူပါ နစ်တာဖြစ်မယ် . . . အလောင်းတွေတော့ သားအမိနှစ်ယောက် ဖက်ရက်သားလေး . . . တဲ့"

"ဖြစ်မှဖြစ်ရလေကွယ် . . . အဲဒါနဲ့"

"အဲဒါနဲ့ အသုဘကို ကျွန်တော်သွားတယ် . . . ဟိုရောက်တော့ ရုပ်ရှင်မင်းသား ဇော်ထက်နဲ့သွားတွေ့တယ် . . . ဦးဇော်ကကျွန်တော်နဲ့ အမေ့ဘက်က အမျိုးတော်မှန်း အဲဒီကျမှသိတယ် . . .



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို မေမေ့သားမှန်းသိတော့ ဘာလုပ်လဲ ... ဘာ
မေးရင်း ကျွန်တော်တို့ အခြေပျက်နေမှန်းသိသွားတယ် ... သူ
မှာ အလုပ်လုပ်ဖို့ပြောတယ်"

"ဘာအလုပ်လဲ"

"ဘာအလုပ်လဲဆိုတော့ ... သူ့ဆီမှာ ဝေယျာဝစ္စလု
ပေးဖို့ပေါ့ မမရယ် ... မင်းသားနောက်တော်ပါတွေထဲက တ
ယောက်ပေါ့ ... ပထမတော့ ကျွန်တော် မလုပ်ချင်ပါဘူး ...
နောက်တော့ ကျွန်တော့်အနေအထားနဲ့ ကျောင်းဆက်တက်နေလ
အရာရောက်မှာ မဟုတ်ဘူး ... သူ့ဆီမှာဆို ကျွန်တော်လ
နေစရာ ... စားစရာရမယ် ... ဖေဖေ့လဲ ငွေလေးကြေးလေ
ထောက်ပံ့နိုင်တယ်ဆိုပြီး ကျောင်းထွက်လိုက်တယ် ... သူ့နောက်
ပဲ လိုက်နေတယ်"

"အဲဒါနဲ့ အရက်သောက်တာက ... "

"ကျွန်တော် စိတ်ဓာတ်တွေ အရမ်းကျနေတယ် မမရယ်
... နောက်ပြီး ဦးဇော်တို့အဖွဲ့မှာလဲ အရက်သောက်တတ်တဲ့လူ
တွေချည်းဖြစ်နေတော့ ကျွန်တော်လဲ လိုက်သောက်တော့တာပေါ့"

"အခုကော ... မင်း အဲဒီမှာပဲ လုပ်နေလား"

"ကျွန်တော် ခဏပြန်လာတာပါ ... မှန်တာပြောရရင်
အဲဒီမှာလဲ ကျွန်တော် မလုပ်ချင်တော့ဘူး ... ဘယ်လိုပြောရမလဲ
ဦးဇော်က ရက်စက်တယ် ... ဆွေမျိုးပေမယ့် မညှာဘူး ...





အောက်ခြေသိမ်း အလုပ်တွေ ပက်ပက်စက်စက်ခိုင်းတယ် ...
ဒီကြားထဲက သူမူးလာတဲ့အခါတို့ ... သူစိတ်တိုင်းမကျတဲ့အခါ
တို့မှာ ကန်ကြောက်ထိုးကြိတ်လုပ်တာ ... ဒါပေမယ့် ... "

"ဒါပေမယ့် ဘာဖြစ်လဲ"

"ဒါပေမယ့် ... သူ့ဆီလည်း ကျွန်တော်ပြန်သွားရမှာ
ပါ ... နို့မို့ ကျွန်တော်က ဘာသွားလုပ်မလဲ ... ဟိုမှာက
အနှိပ်စက်ခံရပေမယ့် ဖေဖေ့ကို ကျွန်တော် ပြန်ပေးနိုင်တယ်"

ဖြူနှင်း ရင်ထဲမှာ "သူမနှင့် ဝေးနေချိန်တွင်းမှာ နဂိုကမှ
ထုံထုံအအ ရှိလှသည့်ဖိုးသား သည်လောက်စိတ်ညစ်စရာတွေ ကြုံမှ
တော့ ဒီလောက်ဖြစ်တာ အများကြီးတော်သေးတာပေါ့" ဟု တွေးမိ
သည်။

"ဟင်း ... "

ဖြူနှင်း သက်ပြင်းတစ်ချက် အရင်ချသည်။ ပြီးမှ ...
ပင့်သက်တစ်ချက်ပါ ရှိုက်လျက် ...

"ဒါဖြင့်လည်း မင်းလည်း မင်းအဖေလိုပဲ တစ်သက်လုံး
အရက်သမားကြီး လုပ်သွားတော့မယ်ပေါ့ ... "

ဖိုးသားက ဖြူနှင်းကို တစ်ချက်လှမ်းကြည့်သည်။

ထိုအမူအရာကို အားမရသူက ဖြူနှင်း ...။

"ဟုတ်လား ဖိုးသား ... ငါမေးတာ ဖြေလေ"

ဖိုးသားကလည်း ပင့်သက်တစ်ချက် ရှိုက်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အရက်သမား မလုပ်ချင်ပါဘူး မမရယ် . . . အဲဒီအရက်ကိုလည်း ကျွန်တော် ကြိုက်လို့သောက်နေတာ မဟုတ်ပါဘူး"

"ဒါဖြင့် ဒီနေ့ကစပြီး အဲဒီအရက်ကို မသောက်တော့ပါဘူးလို့ မမကို ကတိပေးမလား"

"အရက်ကို ကြိုက်လို့ သောက်တာမျိုး . . . ပျော်လို့ သောက်တာမျိုး . . . အပျင်းပြေသောက်တာမျိုး ဘယ်တော့မှ မလုပ်ပါဘူးလို့တော့ ကတိပေးနိုင်ပါတယ်"

"ဒီလိုဆို . . . ဘယ်လိုဖြစ်လို့ သောက်တာမျိုးတော့ သောက်ဦးမှာလဲ"

"စိတ်ညစ်ရင် ဆေးအဖြစ်သောက်တာမျိုးတော့ ကျွန်တော် အာမ မခံရဲဘူး"

ဖြူနှင်း ခဏငြိမ်သွားသည်။

ပြီးမှ . . .

"မင်း ဘယ်နေ့ မင်းအမျိုး မင်းသားဆီ ပြန်မှာလဲ"

"နဂိုတုန်းကတော့ သုံးလေးရက် နေပြီးမှ ပြန်မလို့ပါမမ . . . ဒါပေမယ့် ခုတော့ ဒီနေ့ပဲ ပြန်လိုက်တော့မလားလို့ စဉ်းစားတယ်"

"ဘာဖြစ်လို့လဲ"

"မနေ့ညတုန်းက ဖြစ်ခဲ့တဲ့ကိစ္စကြောင့်ပါ . . . အထူး





သဖြင့် မမဆိုင်ရှေ့မှာ လာဖြစ်ခဲ့တာ ပိုဆိုးတာပေါ့ . . . ကျွန်တော် ဒီမှာ ရှိမနေချင်တော့ဘူး"

"တစ်ခုခုတော့ မှားနေတယ် ဖိုးသား"

"ဗျာ . . . ဘာမှားလဲ"

"မမ ဆိုင်ရှေ့မှာလာပြီး မင်းမူးနေတာ မဟုတ်ဘူး . . . ညက ဖြစ်တာက မင်းမူးပြီး မမဆိုင်ကို လာတာ"

"မမပြောတာ ကျွန်တော် နားမလည်ဘူး"

"ရှင်းပါတယ် . . . ညက ပြဿနာဖြစ်တာက မင်းမူးလာပြီး ဒီဆိုင်ကမမနဲ့ တွေ့ချင်တယ်ဆိုပြီး မမ မရှိတဲ့အချိန် လာပြောလို့ဖြစ်တာ"

"ကျွန်တော် အဲလို ပြောသတဲ့လား"

"မမ ဆိုင်ကိုရောက်လာတဲ့ အချိန်မှာ မင်းဆီက ပထမဆုံး ကြားရတဲ့စကားဟာ အဲဒီစကားပဲ"

"ကျွန်တော် တောင်းပန်ပါတယ် မမရယ် . . . မမပြောတာ ဖြစ်နိုင်ပါတယ် . . . ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ဘဝမှာ တစ်ခုခုကို အရမ်းစိတ်ညစ်အားငယ်လာရင် မမကို သိပ်သတိရတယ် . . . မမသာရှိနေရင် သိပ်ကောင်းမှာပဲလို့ ကျွန်တော် တမ်းတမိတယ် မမရယ် . . . အဲဒါကြောင့်များ ကျွန်တော် သတိလက်လွတ်ဖြစ်နေချိန်မှာ မမဆီရောက်လာလား မသိဘူး"

"ဖိုးသား"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ"

"မင်း ဒီနေ့ ဟိုမင်းသားဆီ မပြန်နဲ့ဦး"

"ဟို . . . ဟို"

"မဟိုနဲ့ . . . နောက်ပြီး မင်းဒီနေ့ အရက်လဲမသော နဲ့ . . . ဒီည ရှစ်နာရီတိတိ . . . မမအိမ်ကို လာခဲ့ . . . အရ တော့ သောက်မလာနဲ့နော် . . . အရက်သောက်လာရင် မ မင်းကို အရမ်းမုန်းသွားမယ် . . . ဒီတစ်သက် မင်းမျက်နှာ ကြည့်ချင်တော့မှာ မဟုတ်ဘူး ဖြစ်သွားမယ်"

"မမ . . . ကျွန်တော် ပြောပါရစေဦး"

"အခု မင်းပြန်တော့ ဖိုးသား . . . မမကို ဘာမှပြောမနေ နဲ့တော့ . . . ညကျမှ မင်းနဲ့တွေ့ချင်တယ်"

ဖိုးသား ပင်ပန်းကြီးစွာ သက်ပြင်းချသည်ကို ဖြူနှင်းမြင် တွေ့လိုက်ရ၏။

" ဘာအတွက် ဒီလောက်စိတ်ပင်ပန်းနေတာလဲ ဆိုတာ တော့ ဖြူနှင်းမတွေ့နိုင်ပေ။

❀❀❀



BURMESE CLASSIC .com

## အခန်း - ၄

ထိုနေ့ည ရှစ်နာရီမှာ ဖိုးသားတစ်ယောက် ဖြူနှင်းဆီ ရောက်မလာ။

သို့သော် ဖိုးသားအစား စာအုပ်လေးတစ်အုပ် ရောက်လာ သည်။

ရှစ်နာရီ မထိုးခင် ဆယ်မိနစ်လောက် အလိုမှာ ဖိုးသားက နှင်းတို့အိမ်မှ အိမ်ဖော်ကောင်မလေးမှတစ်ဆင့် ပေးသွားခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မမ . . .

ကျွန်တော် ရိုးသေစွာ စာရေးခဲ့ပါတယ် . . .

ကျွန်တော့်ကို ခွင့်လွှတ်ပါ မမ . . .

မမကို ညာဖို့ဆိုတာ ကျွန်တော့်ဘဝမှာ တကယ့်ကို မလုပ်ချင်ဆုံးအလုပ်ပါ . . . အဲဒီအရင်ကလဲ ဘယ်တုန်းကမှ မမကို မညာခဲ့ဖူးပါဘူး . . .

ဒါပေမယ့် ဒီမနက်မှာတော့ မမကို ကျွန်တော် မညာချင်ဘဲ ညာခဲ့ရတယ် . . .

မမက မေးတယ် မဟုတ်လား . . .

"မင်း ဘာဖြစ်လို့ ဒီလိုဖြစ်သွားရတာလဲ . . . မယုံနိုင်လောက်အောင် မင်းဘာဖြစ်လို့ ဒီလောက် အသုံးမကျဖြစ်သွားတာ လဲ . . . " လို့ . . . ။

ကျွန်တော် မဖြေချင်ဘူး မမရယ် . . . တကယ့် အမှန်တရားကို ဖြေရဲတဲ့ သတ္တိလဲ မရှိဘူး . . . ဖြေလိုက်လို့ဖြစ်လာမယ့် အမှားအယွင်း ဒဏ်ကိုလဲ ကျွန်တော် မခံနိုင်ဘူး . . .

ဒါပေမယ့် မမက အတင်းမေးတယ် . . .

မဖြေလို့ မဖြစ်တော့ဘူးလို့ ကျွန်တော် သဘောပေါက်တဲ့အခါမှာ မမကို ဖေဖေလေဖြတ်တဲ့အကြောင်းနဲ့ မေမေနဲ့ ညီမလေးတို့ ဆုံးသွားတဲ့အကြောင်းတွေကို ပြောပြလိုက်





တယ် . . .

ဒီအကြောင်းအရာတွေဟာ မှားတော့မမှားပါဘူး . . . မမနဲ့ ကွဲကွာသွားတဲ့ကာလတွေမှာ ကျွန်တော် ကြုံခဲ့ရတဲ့ တကယ့်အဖြစ်အပျက်တွေပါပဲ . . .

ဒါပေမယ့် တစ်ခုတော့မှားတယ် . . .

အဲဒါက ဘာလဲဆိုတော့ အဲဒီအကြောင်းအရာတွေဟာ ကျွန်တော် ခုလိုဖြစ်သွားရခြင်းရဲ့ အဓိကအကြောင်းတွေ မဟုတ်ဘူးဆိုတာပါပဲ . . .

ဒါတွေဟာ ဘဝမှာ စိတ်ညစ်စရာတွေပါ . . . လူတစ်ယောက်ရဲ့ ခံနိုင်ရည်စိတ်ဓာတ်ကို ပျက်ပြားသွားအောင် လုပ်ချင်လဲလုပ်နိုင်မှာပါ . . . ဒါပေမယ့် ဖိုးသားဟာ ယောကျ်ား ပါ မမရယ် . . .

ဒီလိုမျိုး လောကဓံတရားကို ရင်ဆိုင်ရဲလောက်အောင် မညံ့ဖျင်းပါဘူး . . . ဒါတွေကို ခံနိုင်ရည်ရှိရှိနဲ့ ကျွန်တော် ဖြတ်သန်း ရင်ဆိုင်နိုင်ပါတယ် . . . ။

ကျွန်တော့် ခံနိုင်ရည်နဲ့ စိတ်ဓာတ်တွေ ယိုင်နဲ့ပျက်ပြားသွားရတဲ့ တကယ့်အဓိကအကြောင်းက ဒါတွေမဟုတ်ပါဘူး . . . တကယ့်အကြောင်းရင်းခံစစ်စစ်က "အချစ်" ပါ . . . ။

"ဟုတ်တယ် မမ . . . ကျွန်တော့်ဘဝ ခုလိုဖြစ်သွားအောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့တဲ့ တရားခံအစစ်က "မမ" ပါ . . .

မမနဲ့ နီးနီးကပ်ကပ် အတူတကွ ရှိနေခဲ့စဉ်တစ်လျှောက်လုံးမှာ ကျွန်တော့်ရဲ့ ငယ်နုတဲ့နှလုံးသားဟာ မမကို စွဲစွဲလန်းလန်း ကိုးကိုးကွယ်ကွယ်နဲ့ အမြတ်တနိုးချစ်နေခဲ့မယ်လို့ ဘယ်သူသိမှာလဲ . . .

မမလဲ မသိဘူး . . .

မမ မသိတာလဲ အဆန်းမဟုတ်ပါဘူး . . ဘာဖြစ်လို့လဲဆိုတော့ ကာယကံရှင်ဖြစ်တဲ့ ကျွန်တော်တောင် ကျွန်တော့်ကိုယ် ကျွန်တော် ဒီလိုဖြစ်နေတယ်လို့ သိမှမသိခဲ့ပဲ . . .

မမနဲ့ အတူရှိနေတဲ့အချိန်က မမနား မှာနေရတာ ကျွန်တော်ပျော်နေခဲ့တယ် . . မမအတွက် လိုအပ်တဲ့အရာတွေ ကျွန်တော်လုပ်ပေးနေရတာ . . မမ ခေါင်းခေါက်လိုက်ကျောရိုက်လိုက် လုပ်ပြီး ဆုံးမသွန်သင်ပေးတာကို ကျွန်တော် လိုက်နာနေရတာ ကျွန်တော် စိတ်ချမ်းသာနေတာပဲ ကျွန်တော် သိတယ် . . အမှန်တော့ အဲဒီအချိန်ကတည်းက မမကို ကျွန်တော် ချစ်တဲ့အချစ်ဟာ ရင်ထဲမှာ ရှိနေခဲ့တာပဲဖြစ်မယ် မမ . . .

ကျွန်တော် မသိခဲ့တာပဲ ဖြစ်မယ် . . .

ဒါပေမယ့် ဆယ်တန်းအောင်ပြီးတဲ့အခါကျတော့ မမက ဘာမပြောညာမပြော ကျွန်တော်နဲ့ဝေးသွားတယ် . . .





တမင် ဝေးစေ . . . ကွဲစေဆိုပြီး မမလုပ်တာ မဟုတ်မှန်းတော့ ကျွန်တော် သိပါတယ် . . .॥

ဘယ်လိုပြောမလဲ . . . မမကတော့ မမလုပ်စရာရှိတဲ့ အလုပ်တွေ ကိုယ့်ဖာသာကိုယ် လုပ်သွားတာပဲ . . . ဘယ်သူ့ကိုမှ ဘာမှ ထိခိုက်နစ်နာအောင် လုပ်ခဲ့တာ မဟုတ်ပါဘူး . . .

သို့ပေမယ့် အဲဒီအချိန်မှာ ကျွန်တော့်အတွက်ကျတော့ ကမ္ဘာပျက်သလို ဖြစ်သွားတယ် . . .

တင်စားပြောတာပေါ့ မမရယ် . . . တကယ်တော့ ယူဇနာတစ်သိန်းလေးသောင်း အထုရှိပါတယ်ဆိုတဲ့ မဟာပထဝီမြေကြီးနဲ့ တည်ဆောက်ထားတဲ့ ကမ္ဘာကြီးတစ်ခုလုံး ခြေထောက်အောက်က ပျောက်ကွယ်သွားတာတော့ ဘယ်ဟုတ်မလဲ . . . ဒါပေမယ့် အဲဒီ ပထဝီမြေကြီးပေါ် ရပ်နေရင်းနဲ့ ကျွန်တော့်မှာ ရပ်တည်ခိုနားစရာ နေရာမရှိတော့သလို ဖြစ်နေမိတယ် . . .

မမအိမ်ကို ကျွန်တော် သွားတယ် . . မမ အလုပ်လုပ်နေပြီလို့ ပြောတယ် . . . မမ ဘာမှာသွားသေးလဲလို့ မေးတယ်၊ ဘာမှ မမှာဘူးလို့ ပြောတယ် . . .

အဲဒီတော့ မမ ဘယ်မှာ အလုပ်လုပ်နေလဲ . . . ဘယ်အချိန် ပြန်လာမှာလဲ ဆိုတာတွေ ကျွန်တော် မမေး



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး . . . ကျွန်တော့်ကို မလိုအပ်လို့ မခေါ်တာပဲ တစ်ခုခုမှာမသွားတာဘဲလို့ ကျွန်တော် အောက်မေ့လိုက်ပါတယ် . . .

အင်းပေါ့ . . . ဆယ်တန်းအောင်ပြီးလို့ အလုပ်လုပ်တဲ့ဘဝအတွက် နေရာမျိုးမှာ ကျွန်တော့်လို ဘာမှအရေးမပါ အရာမရောက်တဲ့ ကောင်လေးတစ်ယောက်က ဘာအသုံးဝင်မှာလဲ . . ကျွန်တော်ဆိုတဲ့ကောင်က မမကျောင်းတက်နေချိန် . . . ဘာမှ အရေးတကြီးလုပ်ငန်းတွေဘာတွေ မရှိတဲ့အချိန် . . . လက်တိုလက်တောင်းခိုင်းဖို့လောက်ပဲ အသုံးဝင်မှာပေါ့ . . . စသဖြင့် ဘာညာတွေးပြီး မှန်တာ ပြောရရင် ကျွန်တော် အားငယ်မိတယ် မမရယ် . . .

အဲဒီလို ရက်တွေကြာလာလေ၊ မမဘဝမှာ ကျွန်တော့်အတွက် အခန်းကဏ္ဍဟာ လုံးဝမရှိတော့ဘူးဆိုတာ သိလာလေဖြစ်ပြီး ကျွန်တော့်အတွက် လောကသုံးပါးလုံး ဘာမှ အဓိပ္ပာယ် မရှိတော့ဘူး . . .

တစ်ခါမှ မရောက်ဘူးတဲ့ အရပ်ဒေသက တောနက်ကြီးထဲမှာ အမေ့လက်ထဲက လက်လွှတ်ကျန်ခဲ့ပြီး ယောင်ချာချာ မျက်စိလည်နေတဲ့ လူမမယ်ကလေးတစ်ယောက်လို ကျွန်တော် ဖြစ်သွားတယ် . . .

မမကို အိပ်မက်တွေမက်တယ် . . . အိပ်မက်တွေထဲမှာ





မမက ခေါင်းခေါက်တယ် . . . မုန့်တွေကျွေးတယ် . . . ခါတိုင်းလိုပဲ ကျောင်းသွားရင် မမထမင်းဘူး နွေးနွေးလေးကို ကျွန်တော် ကိုင်ပေးရတယ် . . . မမက ကျွန်တော့်ကို မောင်လေးတစ်ယောက်လို ယုယတယ် . . .

အိပ်မက်တွေမက်တိုင်းလည်း အိပ်မက်ထဲမှာ ပျော်လိုက်ရတာ . . . ဒါပေမယ့် အိပ်မက်ကနိုးတော့ ကျွန်တော် ယောက်ျားတန်မဲ့ မျက်ရည်ကျမိတယ် . . . အဲဒီ မမက ကျွန်တော့် အနားမှာမှ မရှိတော့ဘဲ . . .

ဘယ်တော့အထိ မရှိတာလဲဆိုရင် ဘယ်တော့မှန်းမသိတော့တဲ့ ဟိုးအဝေးကြီး အကြာကြီးအထိ မရှိတော့မှာလေ . . .

ဘယ်တော့မှ မမနဲ့ကျွန်တော် ပြန်ဆုံခွင့်ရမှာ မဟုတ်တော့ဘဲ . . အဲဒီတော့ ကျွန်တော် အသက်ရှင်နေရတာကြီးက ဘာအဓိပ္ပာယ် ရှိတော့မှာလဲ . . . အဲဒါတွေ တွေးမိရင် ကျွန်တော် ရူးချင်လာတယ် . . .။

ဒါကြောင့် ကျွန်တော် ကိုးတန်းအောင်တဲ့ အထိတော့ ဆောက်တည်ရာမရ ဖြစ်နေတဲ့ကြားကပဲ ဖြေခဲ့ပါသေးတယ် . . . ကျွန်တော့်စိတ်ထဲမှာလဲ မျှော်လင့်ချက်တွေက သိပ်မကုန်ချင်သေးဘူး . . . မမနဲ့ တစ်ခါက အတူနေခဲ့ဖူးတဲ့ ကျောင်းကြီးထဲမှာ အခန်းတစ်ခန်းထဲကဖြစ်ဖြစ်၊



www.burmeseclassic.com

www.burmeseclassic.com



အခန်းထောင့်အကွယ် အချိုးတစ်ခုခုကဖြစ်ဖြစ်၊ လှေကားအဆင်းအတက် တစ်နေရာရာ . . . နောက်ဆုံး သစ်ပင်တစ်ပင်ရဲ့ အောက်တစ်ခုခုကဖြစ်ဖြစ်ပေါ့ မမရယ်။ မမတစ်ယောက် ဘွားခနဲ ပေါ်ထွက်လာဦး မလား . . . တစ်နေ့ပြီးတစ်နေ့ စောင့်မျှော်ကြည့်နေခဲ့ သေးတယ် . . .

"မင်းကွာ . . . အပင်ပန်းခံလိုက်တာ . . . . မမနဲ့ တွေ့ချင်တာများ မမတို့အိမ်ရှေ့က သွားစောင့်ကြည့်နေ ရင် တစ်ချိန်မဟုတ် တစ်ချိန်တော့ တွေ့မှာပဲပေါ့" လို့ ပြောစရာရှိတယ် . . .

ကျွန်တော် စောင့်ကြည့်ပါတယ် မမရယ် . . . မမကို ရိပ်ကနဲ တွေ့တဲ့အခါလဲ တွေ့ပါတယ် . . . ဒါပေမယ့် အဲဒီအချိန်တွေက မမရှိနေတာ မမအာရုံနဲ့ မမရှိနေတာပဲ မတော်တဆ ကျွန်တော့်ကို လှမ်းတွေ့သွားရင်တောင် မမက ကျွန်တော့် ကို "ဖိုးသား . . ." လို့ လှမ်းခေါ်ချင်မှ ခေါ်တော့မှာ . . .

အဲဒီလို မခေါ်ဘဲ မသိချင်ယောင်ဆောင်သွားမှ ကျွန်တော် ပိုရင်ကွဲရမှာ . . .

နောက်ပိုင်းတော့ ကျွန်တော့်ကိုယ်ကျွန်တော် သိသွားပါ တယ်လေ . . . မမကို ကျွန်တော် ချစ်နေမိတာပါ . . .





တစ်ချိန်တည်းမှာ အဲဒါဟာ ကျွန်တော် ရူးတာပဲဆိုတာ လဲ သဘောပေါက်လိုက်ပါတယ် . . .

ဒီကြားထဲ ဖေဖေက လေဖြတ် . . .

အဲဒီတော့ ကျွန်တော့်ဘဝအနေအထားက ပိုပြီးနိမ့်ကျ ကြပ်တည်းသွားတယ် . . .

မမနဲ့ ပိုပြီးတော့တောင် အလှမ်းဝေးသွားမှန်းလည်း နား လည်လိုက်တယ် . . . အဲဒီနောက် မေမေနဲ့ညီမလေးကလဲ ဆုံးသွားပြန်တော့ ကျွန်တော့် အထီးကျန်အားငယ်စိတ်က အဆုံးစွန်ကို ရောက်သွားတယ် . . .

အဲဒါကြောင့် ဦးဇော်ဆီ ကျွန်တော် ရောက်သွားတာပါ။ ဦးဇော်ဆီမှာ ကျွန်တော် မပျော်ပါဘူး . . . ဒါပေမယ့် မမရှိတဲ့ နေရာကိုလဲ ကျွန်တော် ပြန်မလာရဲဘူး . . . ပြန်လာရင် မမနဲ့ ပတ်သက်ပြီး ကျွန်တော် တစ်ခုခု မှားသွားမှာ စိုးရိမ်တယ် . . .

ထင်တဲ့အတိုင်းပဲ မနေ့က တစ်ခေါက်ပြန်လာတာ . . . ရောက်တဲ့နေ့ပဲ ပြဿနာဖြစ်တာပဲ . . .

ကျွန်တော် မမကို အရမ်းအားနာတယ် . . . ဒါပေမယ့် ကျွန်တော်သိပါတယ် . . . ဒီမှာ ကျွန်တော် ဆက်ရှိနေရင် မနေ့ညကလို အဖြစ်အပျက်မျိုးတွေ မကြာခဏ ထပ်မ ဖြစ်ဘူးလို့ ကျွန်တော် အာမ မခံနိုင်ဘူး . . .



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ဒီနေ့မနက်မှာ ကျွန်တော့်အဖြစ်အပျက်တွေ ပြောပြတော့ မမဆီက ကရုဏာမျက်လုံးတွေ . . . ကြင်နာတဲ့အသံတွေ မြင်ရကြားရတဲ့အခါ ကျွန်တော် ပိုပြီး ဆောက်တည်ရာမရ ဖြစ်ရတယ် . . .

ကျွန်တော့်ဘဝအတွက် အရေးတကြီး လိုအပ်နေတဲ့အရာတွေဟာ ဒါတွေပါလား ဆိုတာကို တိတိကျကျ သိလိုက်ရတာကိုး . . .

ဒါတွေဟာ မတွေ့မမြင်ရရင် လွမ်းရုံပဲရှိတယ် . . မြင်တွေ့ရတဲ့အခါကျတော့ လိုချင်လာမိလိမ့်မယ် . . မတန်မရာကို လိုချင်မိရင် ကျွန်တော်ပဲ ဒုက္ခရောက်မယ် . . .

အဲဒါကြောင့် ဒီနေ့ ညရှစ်နာရီမှာ မမနဲ့ မတွေ့တော့ဘူးလို့ ကျွန်တော် ဆုံးဖြတ်လိုက်တာပါ မမ . . .

မနက်က မမရဲ့ အမူအယာအရ ဒီညရှစ်နာရီတွေ့တဲ့အခါ မမ ကျွန်တော့်အတွက် တစ်ခုခု စီစဉ်ပေးတော့မယ်ဆိုတာ ကျွန်တော် ရိပ်မိပါတယ် . . .

မမရဲ့ စေတနာကို ကျွန်တော် တန်ဖိုးမထားလို့ မဟုတ်ပါဘူး . . . အရမ်းကို တန်ဖိုးထားပါတယ် . . ဒါပေမယ့် ကျွန်တော် အာသာငန်းငန်း လိုချင်တောင့်တနေတာက မမရဲ့အချစ် မမရဲ့မေတ္တာ ဖြစ်နေတယ် မမရယ် . . .

အဲဒါ မပါဘဲ မမဆီက ကျွန်တော် တခြားဘာတစ်ခုမှ





မယူရဲဘူး . . .

မမရဲ့ စေတနာရိပ်မှာနေပြီး မမကို အမိုက်စော်ကားမိတာမျိုး ဒီဘဝမှာ ထပ်မဖြစ်ချင်တော့ဘူး . . .

မမနဲ့တွေ့လို့ မမက ဒါလုပ် . . . မင်းအတွက် ဒီလို စီစဉ်ပေးထားမယ် ဆိုတာမျိုးတွေ ပြောရင်လဲ မမစကားကို ကျွန်တော် ဘယ်လိုမှ ငြင်းနိုင်မှာ မဟုတ်ဘူး။

အဲလိုလဲ မမကိုလဲ ကျွန်တော် မညာချင်တော့ဘူး . . .

ဒါကြောင့်လဲ ဒီစာအုပ်ထဲမှာ ကျွန်တော့်ရင်ထဲက စကားတွေကို အကုန် ဖွင့်ထုတ်ရေးခဲ့ပြီး . . . ကျွန်တော် ဒီအရပ်ကနေ ဦးအောင်ထွက်သွားဖို့ ကြိုးစားလိုက်တာပါ။

ကျွန်တော် ဒီနေ့ လုံးဝအရက်မသောက်ပါဘူး မမ . . .

ကျွန်တော် ဒီနေ့ အချစ်မူးနေတာပါ . . . ပြောသင့်သလား မပြောသင့်သလားတော့ ကျွန်တော် မသိဘူး။

မမကို ကျွန်တော့်ရင်ထဲက စကားတွေကိုတော့ ပြောခဲ့မိပြီ။

ကျွန်တော့်ကို ခွင့်လွှတ်ပါလို့ပဲ တောင်းပန်ရင်းနဲ့ ကျွန်တော် နှုတ်ဆက်သွားပါတယ် မမ . . .။

ဖိုးသား



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"မမ"

"ဟင် . . . ဘာလဲ ခင်မြဝင်း"

"မမ ပင်ပန်းရင် ခဏနားလိုက်ပါလား . . . ကျွန်မ ညှပ်လိုက်မယ်"

"ဘာဖြစ်လို့ . . . အို . . . ဟုတ်ပါရဲ့ . . . လာ . . . လာ ခင်မြဝင်း မင်းပဲ ဆက်ညှပ်လိုက်တော့"

တစ်မနက်လုံး ဘာအလုပ် တစ်ခုကိုမှ ဖြူနှင်း အဆင်ပြေအောင် လုပ်လို့မရဖြစ်နေသည်။ ခုလည်း ခင်မြဝင်း တားလိုက်ပေလို့ မတားမျှား မတားမိရင် သူများအပ်ထားသည့် အဖိုးတန်ပါတိတ်စ





ကို အသစ်ပြန်ဝယ်ပေးပြီး လျော်ရတော့မည် ဖြစ်သည်။

ဖြူနှင်း ကပ်ကြေးဦးတည်ပြီး စညှပ်ရန် ပြင်နေသည့်နေရာက ညှပ်ရမည့်နေရာနှင့် တခြားစီ ဖြစ်နေသည်။

"ဟင်း . . . "

ဖြူနှင်း သက်ပြင်းချရင်း ကုလားထိုင်မှာ ထိုင်ချလိုက်၏။

"မင်း တော်တော်ဒုက္ခပေးတာပဲ ဖိုးသား . . . မင်းဟာ တကယ့်ကို အန္တရာယ်ကောင်ပဲ"

စိတ်ထဲမှနေလည်း ဖိုးသားကို မကျေမနပ်နှင့် ပြောလိုက်သည်။ ဖိုးသား ဒုက္ခပေးခဲ့သည်မှာ ညကတည်းက ဖြစ်သည်။ ညကလည်း တစ်ညလုံး အိပ်လို့မရ။ အတွေးထဲမှာ ဖိုးသား စာအုပ်ထဲက စာတွေက နေရာယူနေသည်။

မှန်တာပြောရလျှင် ဖိုးသားဆီက သည်လိုအကြောင်းအရာမျိုးနှင့် ပတ်သက်သောစကားတွေ ကြားရလိမ့်မည်ဟု ဘယ်တုန်းကမှ မမျှော်လင့်ထားခဲ့။ မနေ့က ညရှစ်နာရီမှာ တွေ့ဆုံဖို့ချိန်းခဲ့သည်ကလည်း ဖိုးသားပြောသောစကားကို နားထောင်ဖို့မဟုတ်။ သူမပြောသောစကားကိုသာ ဖိုးသားက နားထောင်ပြီး သူမ လုပ်ခိုင်းတာကို ဖိုးသားက လိုက်လုပ်ဖို့ပင်။

မနက်ပိုင်း စကားပြောရင်း ဖိုးသားကိုကြည့်၍ ဖြူနှင်း စိတ်ထဲမှာ သနားလာသည်။ သည်ချာတိတ်ကို ဘဝမှာ သည်လိုပဲ ရေစုန်မျှောခိုင်းမည့်အစား တစ်ခုခုတော့ စီစဉ်ဖန်တီးပေးရမှ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမည်ဟု ဆုံးဖြတ်ခဲ့သည်။

သို့သော် လတ်လောကြီး ဘာလုပ်ပေးရမည်မှန်းမသိသဖြင့် ညဘက် အေးအေးဆေးဆေး ဆိုင်လာမိပြီးမှ တွေ့ဆုံရန် ချိန်းခဲ့ခြင်းဖြစ်သည်။ သို့အတွက် တစ်နေ့လုံး စဉ်းစားပြီးသောအခါ ဖိုးသားနှင့်တွေ့လျှင် ပြောရမည့်စကားများ ဖြူနှင်းမှာ အဆင်သင့်ဖြစ်သွား၏။ သူမ ပြောမည့်စကားများက . . .

"ဖိုးသား နင် ဟိုမင်းသားဆီ ပြန်မသွားနဲ့တော့ . . . အိမ်မှာပဲနေ . . . ကျောင်းပြန်တက် . . . အဲဒီအတွက် လိုအပ်တဲ့စရိတ် ငါထောက်မယ် . . . အရေးကြီးတာက ဒီနေ့ကစပြီး နင် အရက်ဖြတ်ဖို့ပဲ . . ." ဘာညာအစချီ၍ ဖိုးသား၏ ယိုင်နဲ့ပြိုလဲစ ပြုနေသော ဘဝကြီးကို တစ်နည်းနည်းနှင့် ပြန်တည့်မတ်ပေးဖို့သာဖြစ်သည်။

ဘာပဲပြောပြော သည်ချာတိတ်အတွက် သည်လောက်တော့ အကုန်ခံပြီး စောင့်ရှောက်ပေးသင့်သည်ဟုလည်း ထင်မိသည်။ မနက်က သူပြောသွားသည့် စကားတစ်ခုက ဖြူနှင်းရင်ကို ထိခိုက်စေခဲ့သည်။

"ကျွန်တော့်ဘဝမှာ တစ်ခုခုကို အရမ်းစိတ်ညစ်အားငယ်လာရင် မမကို သိပ်သတိရတယ် . . . မမသာရှိနေရင် သိပ်ကောင်းမှာပဲလို့လဲ ကျွန်တော် တမ်းတမိတတ်တယ် မမရယ်"

ဆိုသော စကားဖြစ်သည်။





သို့အတွက် ညရှစ်နာရီမတိုင်ခင်မှာ ဖိုးသားအတွက် အနာဂတ် အစီအစဉ်များကို အတော်လေး ပြည့်ပြည့်စုံစုံ စဉ်းစားပြီးနေသည်။

စဉ်းစားရုံမက လတ်တလော လိုအပ်သည်များကို စတင်ရှင်းရန် ဖိုးသားကိုပေးဖို့ ငွေတစ်သောင်းထုပ်လေး တစ်ထုပ်ပင် အဆင်သင့်ပြင်ဆင်ထားခဲ့၏။

❀❀❀

"ဟင်း"

ညရှစ်နာရီတွင် လှုအစားရောက်လာသော ဖိုးသား စာကို ဖတ်ပြီးသည်နှင့် ဖြူနှင်း ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။

သူမ ရင်ဆိုင်ရမည့် ပြဿနာက မထင်မှတ်ဘဲ နက်ရှိုင်းနေခဲ့နေပါလား။ ဖြူနှင်း ဖိုးသားကို ထောက်ပံ့ရမည့်အရာက တိုင်းဆို စေတနာနှင့် ငွေကြေးမဟုတ်တော့။

"အချစ်"

ပြဿနာက သိပ်လေးနက်သွားပြီ။

နောက်ပြီး သည်အကြောင်းအရာနှင့်ပတ်သက်၍ ဖြူနှင်းမှာ တစ်ခါမှ လေးလေးနက်နက် မစဉ်းစားခဲ့ဖူး။

အရွယ်ရောက်ချိန်ကစပြီး ဖြူနှင်းကို ရည်းစားစကားပြော



www.burmeseclassic.com

www.burmeseclassic.com



သူတွေ၊ စာပေးသူတွေ၊ မထိတထိ ရိသဲ့သဲ့လုပ်သူတွေ အများအပြား ကြုံခဲ့ဖူးသော်လည်း သူတို့ကိစ္စကို ဖြူနှင်း တစ်စက်ကလေးတော အရေးမလုပ်ခဲ့။

အဘက်ဘက်က ရှုန်းကန်ပြီး မနည်းထက်မြက်ထူးချွန် ရှိအောင် ကြိုးစားနေရသော ဘဝမှာ ဖြူနှင်း ထို "အချစ်" ဆိုသော အရာကို မစားကောင်းသော အသီးအဖြစ် သတ်မှတ်ထားခဲ့သည်။

ခုလည်း ဖိုးသား၏ စာလုံးများမှတစ်ဆင့် "အချစ်" ဆိုတာ ကို မြင်တွေ့လိုက်သောအခါ ဖြူနှင်း ခါးသီးသွားမိသည်။

"မဖြစ်ဘူး . . . ဒီပြင်ကိစ္စနဲ့ပတ်သက်လို့ကတော့ ဖိုးသားကို အစစကူညီနိုင်ပါတယ် . . . ဒါပေမယ့် ဒီကိစ္စကိုတော့ ငါဘယ်လိုမှ ထည့်မစဉ်းစားနိုင်ဘူး"

ဖိုးသားပြောသည့် မတူမတန်တို့ အဆင့်အတန်းတို့ ကိစ္စ တွေကို ဖြူနှင်း စိတ်မဝင်စားပါ။ အဲလို ခွဲခြားတတ်သည့်စိတ်မျိုး ရှိခဲ့လျှင်လည်း အရင်ကတည်းက အဖက်လုပ်ဆက်ဆံခဲ့မည်မဟုတ်

ခုကိစ္စက ဖြူနှင်း၏ မူလကိုယ်ပိုင်ရပ်တည်ချက်ဖြစ်ခဲ့သော "အချစ်" နှင့် မပတ်သက်ချင်ခြင်းသာ ဖြစ်သည်။

ထိုအချစ်မပါဘဲ အခြားနည်းဖြင့် ဖိုးသားကိစ္စကို ဘယ်လို ဆောင်ရွက်လို့ ရနိုင်မလဲ စဉ်းစားကြည့်သည်။

မရနိုင်ပါ။ ဖိုးသားက သူ့စာထဲမှာ စကားကုန်ပြောထား ပြီပဲ၊ သူ့ဘာသာ အာသာငန်းငန်း လိုချင်တောင့်တနေတာ





ဖြူနှင်းရဲ့ အချစ်ပဲလို့။

"အဲဒါမပါဘဲ ဖြူနှင်းဆီက သူ တခြားဘာတစ်ခုမှ မယူရဲ ဘူး" လို့ . . . ။

ဟုတ်တော့လည်း ဟုတ်ပါသည်။ သည်စိတ်ကြီးနှင့် သူ အနားမှာ ရှိနေတော့ သူပဲ စိတ်ဆင်းရဲရမှာပဲ။

ဖြူနှင်း လက်လျှော့ ဆုံးဖြတ်လိုက်သည်။

"မတတ်နိုင်တော့ဘူးကွာ . . မင်း ဒီလိုဖြစ်နေတာကို မကြည့်ချင် မကြည့်ရက်ပေမယ့်လဲ မင်းတောင်းဆိုချက်က သိပ် များလွန်းအားကြီးတယ် . . . အဲဒီအထိတော့ ငါလဲ လိုက်မထောက် ပံ့နိုင်ဘူး . . . မင်းထိုက်နဲ့မင်းကံသာ ရှိပစေတော့ပေါ့"

ထိုဆုံးဖြတ်ချက်ကိုလည်း သည်ကိစ္စအတွက် အပြီးအပိုင် ဆုံးဖြတ်ချက်ပင်ဖြစ်သည်ဟု အောက်မေ့ခဲ့သည်။

သို့ဖြင့် ညကတော့ အတော်လေး ညဉ့်နက်အမှာ ဖြူနှင်း အိပ်ပျော်သွားခဲ့သည်။

သည်မနက်ကျမှ စိတ်တွေက ပြန်တစ်မျိုးဖြစ်လာခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၆

သည်မနက်မှာ ထိုကိစ္စ အစပြန်ပေါ်အောင် လှုံ့ဆော်ပေးလိုက်သည်သည့်အရာက ပိုက်ဆံအိတ်ထဲမှ ငွေတစ်သောင်းထုပ်ဖြစ်သည်။

ပုံမှန်အတိုင်းသာ သွားခဲ့လျှင် မနေ့ညက သည်ငွေတစ်သောင်းသည် ဖိုးသားဆီ ရောက်သွားပြီဖြစ်သည်။

သို့အတွက် သည်မနက်ဆို ဖိုးသား ဟိုရုပ်ရှင်မင်းသားဆီလည်း သွားဖြစ်တော့မှာမဟုတ်။ သူမ၏ စီမံခန့်ခွဲမှုအောက်မှာ ဖိုးသားလည်း ကျောင်းပြန်တက်ဖို့ ပြင်ဆင်ရနေလောက်ပြီ ဖြစ်သည်။

သို့သော် ဖြူနှင်း၏ အစီအစဉ်များကို ဖိုးသားထဲတွင် ရှိနေ





သည့် "အချစ်" ဆိုသောအရာက ဖျက်ဆီးပစ်လိုက်သည်။

ဖြူနှင်း၏ သန့်ရှင်းမွန်မြတ်သော အစီအစဉ်များ ပျက်စီးသွားရသည့်အတွက် ဖိုးသားတစ်ယောက် သူ မပျော်ပိုက်သည့် ပတ်ဝန်းကျင်တစ်ခုဆီ ပြန်သွားရပြီ။ ရှေ့ဆက်၍လည်း ပျောက်ဆုံးနေသည့် အနာဂတ်မျှော်လင့်ချက်များဖြင့် အမှားသံသရာထဲမှာ နစ်မွန်းပျက်စီးသွားရပေဦးတော့မည်။

ဖိုးသားက သူ့ဘဝသူ နှမျောချင်မှ နှမျောမည်ဖြစ်သော်လည်း ဖြူနှင်းကတော့ နှမျောနေမိသည်။

ဘာမဟုတ်သည့် အဖွဲ့အလမ်းလေး တစ်ခုဖြင့် ဘာကိစ္စ ဖိုးသား ကိုယ့်ဘဝကိုယ် ဖျက်ဆီးပစ်ရတာလဲ။ အဲဒါမရလို့ ဒီပြင်ဟာတွေ အကုန်လုံး စွန့်လွှတ်ပစ်ရအောင် "အချစ်" ဆိုသောအရာက ဘယ်လောက်များ အရေးပါ အရာရောက်နေလို့လဲ။

အချစ် ဆိုတာက ဘယ်အချိန် ဘယ်ကာလမှာဖြစ်ဖြစ် ဖန်တီးလို့ရသည်။ ခုအရွယ်မှာ ကိုယ့်ဘဝကိုယ် ထူထောင်တဲ့အချိန်မှာ ဒါတွေကို မစဉ်းစားလည်း ပြီးနေတဲ့ကိစ္စ။

ဟုတ်တယ်၊ ဒီကိစ္စ ဖိုးသား နားလည်သွားရင် ကောင်းမယ်ဟု စဉ်းစားမိသည်။

ဘာကိစ္စဖြစ်ဖြစ်၊ တစ်ခုခုလုပ်မည်ဟု စဉ်းစားဆုံးဖြတ်ပြီးလျှင် ဖွဲ့မလျှော့တတ်သော၊ မဖြစ်ဖြစ်အောင်လုပ်တတ်သော ဖြူနှင်း၏ ဉာဏ်ကလေးက အပြီးအပြတ်ဟု ဆုံးဖြတ်ပြီးခဲ့သော ညက



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချက်ကို ပြန်လည်ပြင်ဆင်ဖို့ ညှိနှိုင်းစေ့ဆော်သည်။

ဖိုးသားနှင့် မသချာတွေ့ဆုံပြီး ရှင်းပြဖျောင်းဖျလိုက်လျှင် သူမ စကားကို နားထောင်မှာပဲဟု ဖြူနှင်း တွေးလိုက်၏။

❀ ❀ ❀

"ဟယ်လို"

"ကျွန်မ ကိုဇော်ထက်နဲ့ စကားပြောချင်လို့ပါ"

"ဇော်ထက်ပါ ပြောပါ"

ဟူးခနဲ လေပူတစ်ချက် ဖြူနှင်း မှုတ်ထုတ်မိသည်။

သည်ဖုန်း၊ သည်အဆက်အသွယ်ရဖို့ လွယ်လွယ်ကူကူ ဖန်တီးခဲ့ရသည်မဟုတ်။ ဇော်ထက်၏ အိမ်ဖုန်းနံပါတ်ရှာရတာ လွယ်သည်။ မဂ္ဂဇင်း၊ စာစောင်၊ ဂျာနယ်တွေမှာ မကြာခဏပါ တတ်သည်။ သို့သော် ထိုဖုန်းကိုဆက်တိုင်း ဇော်ထက်မရှိ၊ အပြင် သွားသည်၊ ကားရိုက်သွားသည် စသည်ဖြင့် တစ်ခါမှ ဇော်ထက်နှင့် ပြောခွင့်မရ။

နောက်ဆုံးမှ စိတ်ကူးရ၍ ဖုန်းလာကိုင်သူ အမျိုးသမီး ကို . . .

"ကျွန်မ ကိုဇော်ထက်ရဲ့တပည့် ဖိုးသားရဲ့အိမ်က ဆက်ခိုင်း လို့ပါ . . . ဖိုးသားအဖေ နေမကောင်းဖြစ်နေလို့ ကိုဇော်ထက်ကို





ဘယ်လိုဆက်သွယ်ပြီး ပြောရမယ်ဆိုတာ ပြောပါရှင် . . . ဒါမှ မဟုတ် ဘယ်မှာ ကားရိုက်နေတာလဲဆိုတာ ပြောပါ . . . ကျွန်မ လိုက်သွားပါ့မယ်"

. . . ဆိုမှ အမျိုးသမီးက ဇော်ထက်၏ ဆယ်လူလာဖုန်းနံ ပါတ်ကိုပြောသည်။

ထိုအခါမှ အဆက်အသွယ်ရခြင်း ဖြစ်၏။

သည်ဖုန်းလေးရဖို့ ဖြူနှင်း လေးငါးရက်လောက် ပင်ပန်းခဲ့ ရသည်လေ။

"ကျွန်မ ကိုဇော်ထက်တပည့် ဖိုးသားနဲ့ စကားပြောချင် လို့ပါ"

"ဘာကိစ္စရှိလို့လဲ"

"သူ့အဖေနေမကောင်းတဲ့အကြောင်း ပြောချင်လို့ပါ"

"ကျွန်တော် ပြောလိုက်ပါ့မယ် . . . ဒီဖုန်းကို သူတို့ပြော ခွင့်မရှိပါဘူး"

"ဟာ . . . ခဏနေဦး"

အပြေးအလွှား လိုက်တားသော်လည်း မမီလိုက်တော့။

ဇော်ထက်က သူ့စကားအဆုံးမှာပင် ဖုန်းကို ပိတ်သွား သည်။

"တောက်"

ဖြူနှင်း တောက်တစ်ချက်ခတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

ဖြူနှင်း ဒေါသကို တော်တော်နှင့် ဖျောက်မရနိုင်အောင် ဖြစ်နေမိသည်။

လှပါးဝလိုက်တာဟုလည်း ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ စိတ်ထဲကနေ ပြောနေမိ၏။

ဖိုးသားပြောသည့် ရက်စက်သည် ဆိုသည်မှာ ဒါပဲ ဖြစ်မည်။ သာမန်ကိုယ်ရေးကိုယ်တာ ကိစ္စဆိုလျှင် အရေးမလုပ်မှာစိုး၍ သူ့အဖေနေမကောင်းသည့်ကိစ္စဟု ပြောသည့်ကြားကပင် သည်လို ပုံလုပ်သွားသေးသည်။

ပြီးတော့ ပြောပုံကို ကြည့်ပါဦး။ "ဒီဖုန်းက သူတို့ပြောခွင့် မရှိပါဘူး" တဲ့။ သူ့ဖုန်းက ဘာမို့လို့လဲ။ လောကကြီးမှာ သည်လောက် ရိုင်းစိုင်းသည့် အမူအကျင့်မျိုး ဖြူနှင်း တစ်ခါမှ မကြုံဖူးခဲ့။

သို့အတွက် ဒေါသကလည်း မခံချင်စိတ်နှင့်အတူ မကြုံစဖူး ထွက်နေမိသည်။

"တွေ့မယ် ဇော်ထက် . . . ရှင်က ဘာမို့လို့လဲ . . . ဖြူနှင်းကို ဒါမျိုးလုပ်လို့မရဘူး ဆိုတာ ရှင် အခု သိစေရမယ်"

သည်နေ့အဖို့ ဇော်ထက်ကို တစ်ခုခု ပြန်မလုပ်ရလျှင် သူမ ဘယ်လိုမှ နေ၍ရတော့မည် မဟုတ်မှန်း ဖြူနှင်း သဘောပေါက် သည်။

သို့အတွက် အခြားဖုန်းနံပါတ်တစ်ခုခုကို ကောက်လှည့်





လိုက်သည်။ အန်တီစောဖုန်း။

"ဟုတ်ကဲ့ အမိန့်ရှိပါ"

"အန်တီစောလား"

"ဟုတ်ပါတယ်"

"အန်တီစော ဖြူနှင်းပါ"

"အော် . . . အေး . . . ဖြူနှင်းပြော . . . ဘာကိစ္စရှိ လို့လဲ"

"ဖြူနှင်း တစ်ခုအကူအညီတောင်းမလို့ပါ . . . အန်တီစော သိတဲ့ မင်းသမီးတစ်ယောက်ဆီကို ဒီနေ့ ဇော်ထက် ရှူတင်ဘယ်မှာ ရှိတယ်ဆိုတာ မေးပေးစမ်းပါ အန်တီစောရယ် . . . ဖြူနှင်း အရေး ကြီးတဲ့ ကိစ္စတစ်ခုရှိလို့ပါ . . . အဲဒီသွားချင်လို့"

"ရတယ် ဖြူနှင်း . . . အန်တီစော လှမ်းမေးပေးမယ် . . . ခဏနေကျရင် ဖြူနှင်း ပြန်ဆက်လိုက်လေ"

"ဟုတ်ကဲ့ အန်တီစော . . . သွားရမယ့် လိပ်စာကို သေချာ မေးပေးနော်"

"စိတ်ချ . . . စိတ်ချ . . . အန်တီစော မေးပေးမယ်"

အမှန်က စောစောကသာ ဒီအကြံရလျှင် သည်လောက် တော်တွေကြာပြီးတောင် ဇော်ထက်နဲ့ အဆက်အသွယ်ရဖို့ စောင့်စ ရာမလို။ ဒီအကြံကလည်း စောစောပိုင်းရက်တွေ့တာမထွက်။

ခုကျမှ ဒေါသနှင့်ပေါင်းပြီး သူ့အလိုလို ထိုအကြံက



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာခြင်းဖြစ်သည်။

တကယ့်ကို ဘာမှ မခက်သည့်အလုပ်။

နောက်ငါးမိနစ်လောက်ကြာသောအခါ အန်တီစောသို့ ဖုန်းထပ်ဆက်သည်။

ဇော်ထက်ရှိသည့်နေရာကို လိပ်စာနှင့်တကွ အတိအကျရ၏။ အန်တီစောနှင့် ဖုန်းဆက်ပြီးနောက် နှစ်မိနစ်လောက် အကြာမှာ ဖြူနှင်း တက္ကစီအငှားကား တစ်စီးပေါ် ရောက်နေပြီဖြစ်၏။

❀❀❀



## အခန်း - ၇

"ကိုဇော်ထက် ဘယ်မှာရှိလဲ"

"ဟိုအခန်းထဲမှာ . . . ဘာကိစ္စရှိလို့လဲ အစ်မ"

"ဘာကိစ္စရှိရှိ နင့်အလုပ် မဟုတ်ဘူး"

သူတို့ ရုပ်ရှင်ရိုက်နေသောနေရာက ဗဟန်းငါးထပ်ကြီး ဘုရားလမ်းထဲရှိ ခြံကြီးတစ်ခြံ ဖြစ်သည်။

ရိုက်ကူးရေးနားသည့်အချိန်မို့လား မပြောတတ်၊ လူခပ်ရှင်း ရှင်းပဲရှိပြီး ကိုယ့်အစုလေးတွေနှင့်ကိုယ် နားနေကြသည်။

ခြံဝင်းအတွင်းရှိ အိမ်ကြီးအတွင်းသို့ ဖြူနှင်း ခပ်တည်တည် ပင်ဝင်သွားသည်။ ထို့နောက် သူမနားက ဖြတ်လျှောက်သွားသည့်



www.burmeseclassic.com

www.burmeseclassic.com



ခပ်ယိုင်ယိုင် ကောင်လေးကို အမှတ်မထင် မေးလိုက်သဖြင့် ဇော်ထက်ရှိနေသည့် နေရာကို သိလိုက်ရသည်။

ထို့နောက် ကောင်လေးကို ဘုတောပြီး ဇော်ထက်ရှိရာ အခန်းဘက်သို့ လျှောက်လာခဲ့သည်။ အခန်းထဲသို့ ဝင်လိုက်သည်တွင် စိတ်မသက်သာစရာ မြင်ကွင်းကို လှမ်းမြင်လိုက်ရ၏။

"တင် ... "

"ဟာ ... မမ"

မြင်လိုက်ရသော မြင်ကွင်းက တကယ့်ကို စိတ်မသက်သာစရာဖြစ်သည်။

ရိုက်ကွင်းနားချိန်မှာ စားသောက်ပြီး အပြုတ်ဇိမ်ယူနေဟန်ရှိသော ဇော်ထက်က ဒရင်းဘက် ကုလားထိုင်အိပ်ရာကြီးပေါ်မှာ အပေါ်ပိုင်း ကိုယ်တုံးလုံးနှင့် ပက်လက်စန့်စန့်ကြီး မှိန်းတော်မူနေသည်။

ခြေရင်းမှာ ကြမ်းပေါ်ထိုင်လျက် ဇော်ထက်၏ ခြေသလုံးပေါင်များကို နှိပ်နယ်ပေးနေသူက ဖိုးသား။

ဖြူနှင်းက ဖိုးသားကို လှမ်းမြင်သလို ဖိုးသားကလည်း ဖြူနှင်းကို လှမ်းမြင်သွားသည်။

ဖိုးသားက ဖြူနှင်းကို မြင်သည်နှင့် အနှိပ်ရပ်ပြီး ကသောကမျော ထပြေးလာ၏။

"မမ ဘယ်လာတာလဲ ... ဘာကိစ္စရှိလို့လဲ"





"မင်းကို ဇော်ထက် ဘာမှ မပြောဘူးလား"

"ဦးဇော်က ... ဦးဇော်က ဘာနဲ့ပတ်သက်လို့ ပြောရမှာလဲ မမ"

"လွန်ခဲ့တဲ့ နာရီဝက်ကျော်ကျော်လောက်က ငါဖုန်းဆက်တယ် ... အဲဒါ မင်းကို သူပြောပေးမယ်လို့ ပြောတယ် ... အဲဒါ ဘာပြောလဲ"

"ဟင့်အင်း ... ဦးဇော် ဘာမှ မပြောဘူး"

"အေး ... သူ ဘာမှမပြောရင် အခု ငါပြောတယ် ... မင်း ပစ္စည်းတွေ သွားသိမ်း ... အခု ငါနဲ့ ပြန်လိုက်ခဲ့"

"ဟာ ... မမကလဲ"

"ဖိုးသား ငါပြောနေတယ်နော် ... ငါပြောတာ နင်မကြားဘူးလား ... သွား ပစ္စည်းတွေ သွားယူ ... နင် ဒီမှာ နောက်ထပ် တစ်စက္ကန့်တောင် အလုပ်ဆက်မလုပ်ရဘူး"

"ဟော့ကောင် ဖိုးသား ... ဘာလဲ ... ဘာကိစ္စတဲ့လဲ"

သည်မှာ အချီအချပြောနေစဉ် အိပ်ရာပေါ်တွင် မှိန်းနေသည့် ဇော်ထက်က အသံမာမာဖြင့် စီးစီးမိုးမိုး လှမ်းမေးသည်။

"ဟို ... ဟို ... ဦးဇော် ဒီမှာ ကျွန်တော် ... "

"ဟော့ကောင် ... ငါ့ကို မလိုအပ်တာတွေ လျှောက်မပြောနဲ့ ... ဒါအလုပ်ချိန် ... အပိုကိစ္စတွေ လာမရှုပ်နဲ့ ... မင်းပြန်လာ ... မင်းအလုပ်ကို မင်းဆက်လုပ်"



www.burmeseclassic.com

www.burmeseclassic.com



အောင်မာ လူးပါးဝလှချည်လား တု ဖြူနှင်း စိတ်ထဲ ထောင်းခနဲ ဖြစ်သွားရပြန်သည်။

"ဒီမှာ ကိုဇော်ထက် . . . ရှင့်ဟာရှင် အလုပ်ချိန်မကလို့ သေပြီးတော့ ပုတ်နေတဲ့ အပုတ်အချိန်ဖြစ်ဖြစ် . . . ကျွန်မ စိတ်မဝင်စားဘူး . . . ခုလာတာ ဖိုးသားကို လာခေါ်တာ . . . ခုချိန်ကစပြီး ဖိုးသား ရှင့်ဆီက အလုပ်ထွက်ပြီးပြီ . . . ရှင်နဲ့သူ ပတ်သက်စရာ ဘာအကြောင်းမှ မရှိတော့ဘူး . . . ဖိုးသား သွားငါပြောတာလုပ်"

"နေပါဦး မမရယ် . . . ခဏလေးနေပါဦး"

"မနေနိုင်ဘူး . . . ဒီလောက်အောက်ကျပြီး လူရာမဝင်တဲ့ အလုပ်ကို နင် လုံးဝလုပ်စရာမလိုဘူး ဖိုးသား . . . ငါ့ဒေါသတွေ နင့်အပေါ် မရောက်ချင်ဘူးနော် . . . ငါပြောတာလုပ် . . . ပစ္စည်းတွေသွားယူ . . . ယူစရာပစ္စည်းမရှိဘူးလား . . . မရှိရင် ဒီအတိုင်းလိုက်ခဲ့"

ထိုအချိန်မှာ ဇော်ထက်က ဒရင်းဘက်ပေါ်မှ ရှန်းခနဲ ထရပ်သည်။

"နေပါဦး . . . မင်းက ဘယ်သူလဲ . . . ဘာကိစ္စ ငါ့လူကို ပိုင်စိုးပိုင်နင်း လာခေါ်နေရတာလဲ"

"အဲဒါ ရှင့်အလုပ်မဟုတ်ဘူး . . . ရှင်ဘာမှ ဝင်မပါနဲ့"

"ဦးဇော် ခဏလေးနော် . . . ကျွန်တော် မမနဲ့ ခဏလေး





စကားပြောလိုက်မယ် . . . မမလာ . . . ကျွန်တော်တို့ အပြင်သွားရအောင်"

"မလိုဘူး ပေါကောင် . . . မင်း ဘာမှ သွားစရာအကြောင်းမရှိဘူး . . . ငါ့ခွင့်ပြုချက်မရဘဲ မင်း ဘယ်သူနဲ့မှ တွေ့ခွင့်မရှိဘူး"

"မဟုတ်ဘူး ဦးဇော် . . . ခဏလေးပါ"

"ခဏလေးလဲ မသွားရဘူး"

"ဟာ . . . ဦးဇော် အဲလို မလုပ်ပါနဲ့"

"ဘာလဲ ဖိုးသား . . . မင်းက ငါ့စကားနားမထောင်ဘူးလား . . . ငါ့စကားတောင် နားမထောင်ရအောင် သူက ဘယ်သူလဲ . . . မင်း ရည်းစားလား . . . မင်း မိန်းမလား"

"တောက်"

သူတို့ချင်း ပြောနေသည်ကို နားထောင်ရင်း ဖြူနှင်း တောက်ခေါက်သည်။ စိတ်လည်း မရှည်တော့သဖြင့် ဖိုးသား လက်မောင်းအကျီစကို ကိုင်၍ သူမဘက်ဆွဲလိုက်ရင်း . . .

"ဟုတ်တယ်လို့ ပြောလိုက်စမ်း ဖိုးသား . . . မမဟာ ကျွန်တော့် ရည်းစားလို့ . . . ကျွန်တော် ဘယ်လိုမှ လိုက်မသွားလို့ မဖြစ်ဘူးလို့"

"ဟုတ်တယ် ဦးဇော် . . . ကျွန်တော် မလိုက်လို့မဖြစ်ဘူး"

"အေး . . . မင်းသဘောပဲ . . . ဒါပေမယ့် မင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားရင်တော့ ငါ့ဆီ ဘယ်တော့မှ ပြန်မလာနဲ့တော့"

"စိတ်ချ ကိုဇော်ထက် . . . ဖိုးသား ရှင့်ဆီ ဒီပုံစံမျိုးနဲ့ ဘယ်တော့မှ ပြန်မလာစေရဘူး . . . ပြန်လာပြီ ဆိုရင်လဲ ရှင့်ထက် သားတဲ့ အနေအထားမျိုးရောက်နေပြီလို့ မှတ်လိုက် . . . ကဲ . . . ကိစ္စပြီးပြီ ဖိုးသား . . . ပစ္စည်းယူ လိုက်ခဲ့"

"ဟုတ် . . . ဟုတ်ကဲ့ မမ"

ဖိုးသား ပျာပျာသလဲနှင့် သူ့လွယ်အိတ်ကလေးကို အခန်းထောင့်မှ သွားယူပြီး ကုတ်ကုတ်ကုတ်ကုတ်နှင့် လိုက်လာသည်။

"တောက်"

သည်တစ်ခါ တက်ခေါက်သံက ရုပ်ရှင်မင်းသား အကယ်ဒမီ ဇော်ထက်ဆီမှ ထွက်လာသောအသံ ဖြစ်၏။

❀❀❀

နှစ်ယောက်သား စောစောက ဖြူနှင်းစောင့်နိုင်းထားသော အငှားကားနှင့်ပင် ပြန်လာခဲ့သည်။

ဗဟန်းမှနေ စမ်းချောင်းရောက်သည်အထိ ဘာစကားမှ မပြောဖြစ်ကြ။ ဖြူနှင်းက ဘယ်လိုဖြစ်ပြီး ဒီလောက်ဒေါသတွေဖြစ်၊ မခံချင်စိတ်တွေဝင်၊ ပြောချင်တာတွေ ပြောလာခဲ့မှန်းမသိသောကိုယ့်အဖြစ်ကိုယ် ပြန်သုံးသပ်နေသလို ဖိုးသားကလည်း ဖြူနှင်းကို





ဘာမှ မပြောရဲသဖြင့် အသာငြိမ်လိုက်လာခဲ့သည်။

ဆိုင်ရှေ့ရောက်မှ ကားပေါ်ကဆင်းပြီး ဆိုင်ထဲဝင်လာခဲ့သည်။ ဆိုင်ထဲမှာ ထိုင်မိမှ ဖြူနှင်းက စကားစသည်။

"ကဲ . . . ဖိုးသား ပြောတော့ . . . ရှင် ဘာပြောစရာရှိလဲ"

ဖိုးသားက ရယ်သည်။ ရယ်ပြီးမှ . . .

"မရှိပါဘူး မမ"

"အောင်မာ နင်က ဘာရယ်တာလဲ"

"မဟုတ်ပါဘူး . . . ဦးဇော်ဆီမှာ မမပွဲကြမ်းခဲ့တာကို သဘောကျလို့ပါ . . . သူ့ပတ်ဝန်းကျင်မှာ သူ့ကို ဘယ်သူမှ အဲလို မလုပ်ရဲဘူး မမရဲ့ . . . အားလုံးကို သူကပဲ ဗိုလ်ကျနေကျ"

"အင်း . . . အဲဒီတော့ နင်ပြောချင်တာက အခု သူ့ထက်ဗိုလ်ကျတဲ့ ဘီလူးမနဲ့တွေ့မှ သူခံလိုက်ရတယ်ပေါ့ . . . ဟုတ်လား . . . အဲလို ပြောချင်တာလား"

"ဟာ . . . မဟုတ်ပါဘူး မမကလဲ . . . မမက ပိုသတ္တိကောင်းတယ်လို့ ပြောချင်တာပါ"

"အေး . . . အဲဒါဆို နင်လဲ ငါ့အကြောင်းကို သဘောပေါက် . . . ခုလဲ ရှည်ရှည်ဝေးဝေး မပြောတော့ဘူး . . . မင်းအခု တခြားဘာအလုပ်လုပ်ဖို့မှ မစဉ်းစားနဲ့တော့ . . . ကျောင်းပြန်တက်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမ"

"ဘာလဲ"

"ကျောင်းက နှစ်တစ်ဝက်ကြီးမှာ"

"နှစ်တစ်ဝက်မကလို့ နှစ်တစ်စိတ်ပဲဖြစ်ဖြစ် မီတဲ့နေ့ရက်တက် . . . စာတွေကို ရအောင်ပြန်လိုက် . . . လိုအပ်ရင် ကျူရှင်ယူ . . . ဒီနှစ် မအောင် အောင်အောင်ဖြေရမယ် . . . အဲဒီအတွက် လိုအပ်တာတွေဝယ်ဖို့ စီစဉ်ဖို့ မင်းကို ငါ ပိုက်ဆံတစ်သောင်းပေးထားမယ် . . . လိုရင်လဲ ထပ်ပေးမယ် . . . ရော့ . . . ဒါယူထား"

မနက်ကတည်းက ကြည့်ပြီး အသည်းယားနေသော ပိုက်ဆံတစ်သောင်းထုပ်ကို ခုမှ စိတ်ကျေကျေနပ်နပ်နှင့် ထုတ်ပေးလိုက်နိုင်သည်။

ဖိုးသားက သက်ပြင်းတစ်ချက်ချရင်း လှမ်းယူသည်။

ဖြူနှင်းက ဖိုးသားကို ကြည့်ရင်း . . .

"ကဲ . . . ဒါဆိုရပြီ . . . သွားတော့"

ဖိုးသားက နောက် သက်ပြင်းတစ်ချက်ချသည်။

ပြီးမှ . . .

"မမ"

"ဘာလဲ"

"မမ ကျွန်တော့် ဟိုတစ်နေ့က ပေးခဲ့တဲ့ စာအုပ်ထဲက





စာတွေ ဖတ်ပြီးပြီနော်"

ရှားရှားပါးပါး ကြုံတောင့်ကြုံခဲ အဖြစ်အပျက်အဖြစ် ဖြူနှင်း ပါးပေါ်တွင် သွေးရောင်လေးများ သမ်းသွားသည်။

"ဖတ်ပြီးပြီ . . . လောလောဆယ် အဲဒီကိစ္စတွေ ငါ့ကို ဘာမှ လာမပြောနဲ့ . . . ဆယ်တန်းအောင်တဲ့နေ့ကျမှ အဲဒီအကြောင်း စကားပြောမယ် . . . ခု မင်းလုပ်ရမယ့်တာဝန်က ဆယ်တန်းအောင်အောင် ဖြေဖို့ပဲ . . . ကြားလား ဖိုးသား"

"ဟုတ်ကဲ့ ကြားပါတယ်"

"အဲဒါဆို အိမ်ပြန်တော့ . . . မင်းအဖေကိုလဲ အကျိုးအကြောင်းပြောပြလိုက် . . . ကျောင်းတက်တဲ့နေ့ကျရင် မနက်စောစော ငါ့ဆီလာခဲ့"

"ဟုတ်ကဲ့"

ပြောရင်းနှင့်ပင် ဖိုးသားက သူမရှေ့မှနေ အသာအယာ ထွက်ခွာသွားသည်။

"ဟူး"

ခုမှပဲ ဖြူနှင်း စိတ်လက်ပေါ့ပါးသွားတော့၏။

မူလ သူမရည်မှန်းထားသလိုပင် အချစ်ကိစ္စကို ခဏဘေးဖယ်ပြီး လုပ်သင့်လုပ်ထိုက်တာတွေ အောင်မြင်အောင်လုပ်နိုင်ခဲ့သည် မဟုတ်ပါလား။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၈

"မမ ကျွန်တော် ဒီနေ့ ကျောင်းစတက်တယ်"

"ဟင် . . . "

သုံးလေးရက်လောက် စုတ်စမြုပ်စပျောက်သွားပြီး ဖိုးသား တစ်ယောက် ညနေ ငါးနာရီခွဲလောက်ကြီးမှာ ဆိုင်ကို ပေါက်ချလာသည်။

လူကလည်း အင်္ကျီဖြူ ကျောင်းစိမ်းလုံချည်၊ လွယ်အိတ်တွေ ဘာတွေနှင့် ဖြစ်သည်။

သည်လိုကျတော့လည်း ဖိုးသားက တကယ့်အပြစ်ကင်းစင်သော ကျောင်းသားလေး ပြန်ဖြစ်နေပြန်သည်။





"အခု ဘယ်က ပြန်လာတာလဲ"

"ကျောင်းကလေ မမရဲ့ . . . ကျွန်တော် အရင်ကျောင်းမှာ မတက်တော့ဘူး . . . အရင်ကျောင်းက ထွက်လက်မှတ်ယူပြီး ခမဲမောင်လေး အောင်အောင်ရှိတဲ့ နှစ်ခိုန်ကျောင်းကို ပြောင်းတက်လိုက်တယ်"

"ဘာဖြစ်လို့လဲ"

"ဟာ မမကလဲ ကျွန်တော်က နှစ်ဝက်ကနေ ဖြတ်လိုက်ရမှာဆိုတော့ ရှေ့က မမီလိုက်တဲ့စာတွေ ပြန်လိုက်ဖို့ မနက်ပိုင်းမှာ ကျူရှင်တက်ရမှာပေါ့ . . . တစ်နေ့ကုန် ကျောင်းသွားတက်နေရင် ကျူရှင်ယူရတာ ခက်တယ် . . . မနက်ပိုင်းမှာ ခုနစ်နာရီက ဆယ့်တစ်နာရီအထိ ကျူရှင်တက်တယ် . . . နေ့လည်ပိုင်း ကျောင်းတက်တယ် . . . ခုညနေခင်းကျတော့ မမဆိုင်မှာ ကျွန်တော် ကူလုပ်ပေးမယ်"

"ဟင့်အင်း . . . နင့်ဟာနင် ကျောင်းပဲတက် ဖိုးသား . . . ဆိုင်မှာက ငါ့ဟာသာငါဖြစ်တယ်"

"မဟုတ်ဘူး မမ . . . အဲဒီအစီအစဉ်ကို ဖေဖေက လုပ်ခိုင်းတာ . . . ဖေဖေ့ကို အကုန်ပြောပြလိုက်တယ် . . . အဲဒီတော့ ဖေဖေက အရမ်းလဲ ဝမ်းသာတယ် . . . မမကိုလဲ သိပ်ကျေးဇူးတင်တဲ့အကြောင်း ပြောခိုင်းလိုက်တယ် . . . ပြီးတော့ ကျွန်တော့်ကိုလဲ မမအလုပ်တွေ စိုင်းကူလုပ်ပေးနိုင်သလောက် လုပ်ပေး



www.burmeseclassic.com

www.burmeseclassic.com



မှာတယ်"

"မင်းအဖေကို ပြန်ပြောလိုက် . . . အရေးကြီးတာက စာမေးပွဲအောင်ဖို့ပဲလို့ . . . စက်ချုပ်ဆိုင်မှာ ယောကျ်ားလေးအလုပ်လဲ ဘာမှမရှိဘူး . . . ဒီမှာ လာကူနေမယ့်အစား စာကျက်ချိန်များများရလေ အောင်ဖို့ နီးစပ်လေ"

"အဲဒါ မပူပါနဲ့ မမရယ် . . . ကျွန်တော် ကတိပေးတယ် . . . ဒီနှစ် အောင်ကို အောင်ရမယ် . . . ရိုးရိုးအောင်ရုံမဟုတ်ဘူး ဂုဏ်ထူးပါရမယ် . . . ကျွန်တော် အာမခံတယ် . . . ဒါပေမယ့် ဖေဖေပြောသလိုပဲ ကျွန်တော် ဒီတိုင်းငုတ်တုတ်ကြီးထိုင်ပြီးတော့ မမပေးတဲ့ ပိုက်ဆံလက်ဖြန့်မယူချင်ဘူး . . . ကျွန်တော် ကျောင်းအားတဲ့အချိန်လေးတွေကျရင် မမဆိုင်မှာ ကျွန်တော် လာထိုင်ပေးမယ် . . . ဘာပဲဖြစ်ဖြစ်ပေါ့ မမရယ် . . . လက်တိုလက်တောင်းလေးဖြစ်ဖြစ်တော့ မမမှာ ကူဖော်လောင်ဖက်ရတာပေါ့"

"နင် တော်တော် ပြောရခက်ပါလား ဖိုးသား"

"မခက်ပါဘူး မမကလဲ . . . မမ မခိုင်းချင်ရင် နေပေါ့ . . . ကျွန်တော့်ဟာ ကျွန်တော် ကူလုပ်လို့ရတာလေးတွေ ဝင်လုပ်ပေးမှာပေါ့"

ထိုအချိန်တွင် စက်ချုပ်သမား မိန်းကလေးတစ်ယောက်က ဖြူနွင်းနား ရောက်လာသည်။





"မမ ကော်ကုန်သွားလို့ လမ်းထိပ်မှာ သွားဝယ်လိုက်ဦးမယ်"

ဖိုးသား လက်ဖျောက်တစ်ချက် တီးသည်။

"ဟော . . . တွေ့လား မမ အလုပ်ပေါ်ပြီ . . . ကော်လေးတစ်ထုပ်နှစ်ထုပ်နဲ့ မိန်းကလေးတွေ ဟိုသွား ဒီသွား သွားနေရတာ ဘယ်ကောင်းမလဲ . . . ဒါ ကျွန်တော့်အလုပ်ပေါ့ . . . ပေးညီမ ဘာအမျိုးအစားကော်ဝယ်ရမှာလဲ . . . ဘယ်နားကဆိုင်မှာရှိလဲ . . . မမ ကျွန်တော့်ကို ပိုက်ဆံပေးခိုင်းလိုက်၊ ကျွန်တော် သွားဝယ်ပေးမယ်"

ဖြူနွင်း ပင့်သက်တစ်ချက်ရှိုက်ပြီး ကောင်မလေးကို ပိုက်ဆံပေးခိုင်းလိုက်သည်။ ကောင်မလေး ပိုက်ဆံထုတ်ပေးသောအခါ ဖိုးသားက ကောင်မလေးသို့ပြုံးလိုက်သည့် ဆိုင်ဘက်သို့ တချိုးတည်းလစ်၏။

ဆိုင်က ကောင်မလေးတွေက ဖိုးသားကို ကြည့်ပြီး ရယ်သည်။

ခင်မြဝင်းကတော့ . . .

"သူ ဒီလောက် အလုပ်လုပ်ပေးချင်နေရင်လဲ လုပ်ပါစေ မမရယ် . . . ဆိုင်မှာလာပြီး မူးရမ်းနေတာမှ မဟုတ်ဘဲ . . . နောက်ကျတော့ မမ မအားရင် မြို့ထဲ ဘာဝယ်စရာဝယ်လဲ သူ့ကို ခိုင်းလို့ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ဖိုးသားတစ်ယောက် ဖြူနှင်းအနား ပြန်ရောက်လာရပြန်၏။

❀ ❀ ❀

အုံ့ဩစရာကောင်းစွာပင် ထိုနှစ်က ဖိုးသား ဆယ်တန်းအောင်သွားသည်။

အောင်သည်မှာ ရိုးရိုးအောင်ရုံသက်သက်သာမဟုတ် သင်္ချာနှင့်ရူပဗေဒမှာ ဂုဏ်ထူးပါသည်။

အောင်စာရင်းထွက်သည့်နေ့မနက်အစောကြီး ဖိုးသား ဖြူနှင်းတို့အိမ်သို့ ရောက်လာသည်။

အောင်စာရင်း သည်နေ့ထွက်မည် ဆိုသည်ကို မနေ့ညကပင် ကြိုသိထားသည်မို့ ဖြူနှင်းလည်း မအိပ်နိုင်၊ အစောကြီးထပြီး အိမ်ရှေ့ဒန်းမှာ ထိုင်စောင့်နေ၏။

မနက် ငါးနာရီလောက်မှာ ဖိုးသား ရောက်လာသည်။

"မမ ကျွန်တော် အောင်တယ် . . . ဂုဏ်ထူး နှစ်ဘာသာပါတယ်"

"ဟယ် . . . ဟုတ်တယ် . . . တကယ်ပြောတာလား ဖိုးသား"

"ဟာ . . . တကယ်ပြောတာပေါ့ မမရဲ့ . . . မယုံရင်





မမ ကျောင်းလိုက်ကြည့် . . . ဒီအချိန်ဆို ဘယ်သူဝင်ကြည့်ကြည့်ရပြီ"

"အေးဟယ် . . . ငါကြည့်ချင်လိုက်တာ . . . ငါလိုက်ခဲ့မယ်"

တကယ်လည်း ဖြူနှင်း ကျောင်းအထိ လိုက်သွားကြည့်သည်။

မယုံနိုင်စရာ ကောင်းအောင်ပင် နှစ်တစ်ဝက်ကနေ ကျောင်းတက်သော ဖိုးသားက ဂုဏ်ထူးနှစ်ဘာသာနှင့်အောင်သည်။

"ဟယ် . . . ဝမ်းသာလိုက်တာ ဖိုးသားရယ် . . . ငါတော့ မျက်စိနဲ့မတွေ့ခင်က ယုံတောင်မယုံဘူး . . . မင်း တော်တော်တော်တာပဲ"

"မဟုတ်ဘူး မမရဲ့ . . . အဲဒါ ကျွန်တော် တော်တာ မဟုတ်ဘူး မမတော်တာ"

"ဟာ ဘာဆိုင်လို့လဲ . . . စာမေးပွဲက ငါဖြေတာမှ မဟုတ်တာ"

"မမဖြေတာ မဟုတ်ပေမယ့် မမက ကျွန်တော် မအောင်လို့ မဖြစ်အောင် လုပ်ပေးထားတာကိုး"

"မအောင်လို့မဖြစ်အောင် လုပ်ပေးထားတယ် ဟုတ်လား"

"ဟုတ်တယ်လေ မမကလဲ . . . မမပဲ ကျွန်တော့်ကို ပြောထားပြီး . . . ကျွန်တော့်စာအုပ်ထဲမှာပါတဲ့ကိစ္စကို ဆယ်တန်း



www.burmeseclassic.com

www.burmeseclassic.com



အောင်မှ စကားပြောမယ်ဆို . . . အဲဒီတော့ ကျွန်တော် မအောင်လို့ဖြစ်မလား"

"ဟာင် . . . "

ဖြူနှင်းရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

ဟုတ်သားပဲ၊ သူ့ကို ငါ ဒီလိုပြောထားခဲ့တာပဲ၊ ခုမှ ဒုက္ခဟု ဖြူနှင်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။

မှန်တာပြောရလျှင် သည်ကြားထဲမှာ ထိုကိစ္စကို ဖြူနှင်း သိပ်သတိမရတော့။ ဖိုးသားကလည်း သည်ကာလ တစ်လျှောက်လုံးမှာ ထိုအကြောင်းအရာနှင့် ပတ်သက်၍ ဘာတစ်ခုမှ စကားမစ

သို့အတွက် သည်ကိစ္စ ပြီးပြီးပျောက်ပျောက် ဖြစ်သလို ဖြစ်ပြီး သည်အချိန်မှာ ဘာလုပ်ရမည်ဆိုသော ကိစ္စအတွက် ဘာတစ်ခုမှ ပြင်ဆင်စဉ်းစားထားခြင်းမရှိ။

"ဟုတ်တယ်နော် မမ . . . မမ အဲလိုပြောထားခဲ့တယ်နော်"

"အင်း . . . "

"ဟဲ . . . အခု ကျွန်တော် စာမေးပွဲအောင်ပြီ . . . မမ တစ်ခုခု ကျွန်တော့်ကို ပြောတော့ . . . နော် . . . မမနော်"

မနက်စောစော ချမ်းစိမ့်စိမ့်ကြီးထဲမှာ ဖြူနှင်းကျောတွင် ချွေးများစို့လာသည်။ ခေါင်းထဲမှာလည်း အကြံထုတ်သော စက် ခလုတ်များကို တစ်ခုပြီးတစ်ခုနှိပ်၍ ဘာလုပ်ရမလဲ စဉ်းစားနေမိ





သည်။

ခဏကြာတော့ ဖြူနှင်း နည်းနည်း တည်ငြိမ်လာသည်။

"အင်း . . . ဒီလိုလုပ်လေ . . . မမက ကတိတစ်ခုပေးပြီးရင် ပေးတဲ့ကတိအတိုင်း တည်တတ်တာ မင်းသိတာပဲ . . . ဒီကိစ္စကိုလဲ မမ ကတိပေးထားတဲ့အတိုင်း စကားပြန်မှာပါ . . . တစ်ခုတော့ရှိတယ်"

"လုပ်ပြန်ပြီ မမကလဲ . . . ပြောဗျာ . . . အဲဒီတစ်ခုက ဘာလဲ"

"မင်း သိပ်ဂျီကျမနေနဲ့နော် ဖိုးသား . . . မင်း ဆယ်တန်းအောင်တာ ခုမှ နာရီပိုင်းပဲ ရှိသေးတယ် . . . မမ မင်းကို စကားပြန်ရမှာက တစ်ဘဝလုံးစာကိစ္စ . . . မမ ဘာလုပ်ရမယ်ဆိုတာ စဉ်းစားဖို့ မင်းအချိန်တော့ ပေးရမှာပေါ့"

"မမ . . . "

"ဘာလဲ"

"မမ အချိန်ယူစဉ်းစားတာကို ကျွန်တော် ဘာမှ ပြောစရာမရှိပါဘူး . . . ဒါပေမယ့် . . . "

"ဒါပေမယ့် ဘာဖြစ်လဲ"

"ဒါပေမယ့် ကျွန်တော် တစ်ခုတော့ ကြိုတောင်းပန်ပါတယ် မမရယ် . . . ကျွန်တော် အခုလို တည်ငြိမ်ပြီး ကြိုးစားခဲ့တာ မမအတွက်ပါ . . . မမပေးတဲ့ မျှော်လင့်ချက်ကလေးကို အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မြှုပြီး ကျွန်တော် ခုလိုနေနိုင်တာပါ . . . မမ ကျွန်တော့်ကို လှည့်တော့ မလှည့်စားပါနဲ့နော်"

"မင်း ဘာကို ဆိုလိုချင်တာလဲ ဖိုးသား"

"ကျွန်တော့် မျှော်လင့်ချက်ကို ပျက်စီးသွားအောင် မလုပ်ပါနဲ့လို့ ကျွန်တော် တောင်းပန်တာပါ . . . မမက ဒီအချိန်မှာ အဖြေပေးမယ်ဆိုပြီး တကယ်တမ်းကျတော့ မပေးမှာ ကျွန်တော် စိုးရိမ်လို့ပါ"

"ဟင် . . . "

ဖြူနှင်း သက်ပြင်းချသည်။

ခုအတိုင်း ဆိုလျှင်တော့ သည်ကိစ္စကို သေသေချာချာ မစဉ်းစား၍ မဖြစ်တော့ ဟု သူမ သဘောပေါက်လိုက်သည်။ ကရော်ကမယ်လုပ်ပြီး လျှောက်လှည့်ပတ်နေ၍ မဖြစ်တော့ကြောင်း ဖိုးသား မျက်နှာက သက်သေပြနေသည်။

"ကောင်းပြီလေ . . . မမ သေချာစဉ်းစားပြီး အဖြေပေးပါ့မယ် . . . မင်းတစ်နှစ်ရက်ထက် ပိုမစောင့်စေရဘူး . . . ကျေနပ်သလား"

"ကျေနပ်ပါတယ် မမ . . . မမ ကျွန်တော့်ကို အဲလောက်ဂရုစိုက်တာကိုပဲ ကျွန်တော် ဝမ်းသာလှပါပြီ . . . မမဆီက အဖြေကလဲ ကျွန်တော် ဝမ်းသာရမယ့်အဖြေမျိုးပဲ ဖြစ်ချင်ပါတယ်"

"ဒါတော့ ကြိုမပြောနိုင်သေးဘူးကွာ . . . အချိန်တန်မှပဲ





ပြောနိုင်မှာပဲ"

ထိုအချိန်မှာ အရုဏ်ဦး၏ ရောင်နီများက မလင်းတလင်းနှင့် မြင်ကွင်းကို မရှင်းတရှင်း လုပ်နေဆဲပင် ရှိသေး၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၉

ထိုနေ့က မနက်ပိုင်း ဆိုင်မှာ ဖြစ်ပျက်နေပုံများကတော့ ပြောတောင် မပြောချင်။

ဖိုးသား စာမေးပွဲအောင်သည့်ကိစ္စ တစ်ဆိုင်လုံး အုန်းအုန်းကြွက်ကြွက်ညံနေသည်။ အရေးထဲ ဖိုးသားဆိုသည့် ဖိုးသားကလည်း မနက်ဆိုင်ဖွင့်ကတည်းက ဖြူနှင်းနှင့် ပါလာသည်။

"ကိုဖိုးသား ဘာကျွေးမလဲ ... စာမေးပွဲအောင်တာ သိပြီးပြီနော် ... ဂုဏ်ထူးနှစ်ဘာသာတောင်ပါတာ ... ညီမတို့က အစောကြီး သွားကြည့်ပြီးနေပြီ ဘာမှတ်လဲ"

ဆိုတာကတစ်မျိုး။





"ဟယ် ... ကိုဖိုးသားကြီးက တော်လိုက်တာ ... မရဘူး မရဘူး ... ဒီနေ့ အဝကျွေးရမယ် ... ကိုဖိုးသား မကျွေးလို့ကတော့ ထွေးတို့က အိမ်ကိုမပြန်ဘူး"

ဆိုတာက တစ်ဖုံ။

တစ်ယောက်ပြီးတစ်ယောက် ရောက်လာသော ဆိုင်က ပုဂ္ဂိုလ်မတွေက ဖိုးသားကို သူတို့လင်များ သဘောထားနေလားမသိ။ အောင်စာရင်း သွားကြည့်ပေးသူပေး၊ အဝကျွေးခိုင်းသူကခိုင်း၊ ဝမ်းသာလွန်းလို့ဆိုပြီး ဖက်မတတ် ယက်မတတ် လက်ဆွဲနှုတ်ဆက်သူကဆက်။

သည်လောက်နှင့် ပြီးပလားဆိုတော့ မပြီးသေး။

ဘယ်က ဘယ်က ရောက်လာကြမှန်း မသိသော ပုဂ္ဂိုလ်မလေးတွေကလည်း ဖိုးသားကို ဆိုင်ထဲမှာ ဝိုင်းနေကြသည်။

သူတို့ကလည်း အရင်ကတည်းက ဖိုးသား ခုံနံပါတ်ကို မှတ်ထားပြီး၊ မနက်သုံးနာရီ၊ လေးနာရီကတည်းက အောင်စာရင်း ထကြည့်ပေးကြသည်တဲ့။

သည်ကြားထဲ ...

"ကိုဖိုးသား ဒီလောက်တော်တာ သမီးတို့က ဂုဏ်ပြုရမှာပေါ့ ... ကိုဖိုးသား ကျွေးစရာမလိုဘူး ... သမီးတို့ကျွေးမယ် ... ကိုဖိုးသား ဘယ်ဆိုင်သွားမလဲ ... ကြိုက်တဲ့ဆိုင်သွား ... သမီးတို့ကားငှားပြီး ပို့ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး အတင်းအဓမ္မ လက်ဆွဲခေါ်သူတွေကလည်း ခေါ်ကြသည်။

ဖိုးသား ဒီလောက် ဆူပါပြစ်နေခဲ့တာကို အစက ဖြူနှင်း တကယ်သတိမထားမိ။ ကိုယ့်အလုပ်နှင့်ကိုယ်ရှုပ်နေပြီး သူတို့ဇာတ်လမ်း ဇာတ်ကွက်တွေကိုလည်း သတိထားမိဖို့ အချိန်မရှိ။

ခု သတိထားကြည့်တော့မှ ဇာတ်ရည်က လည်လာခြင်း ဖြစ်သည်။

ဆယ်တန်းစာမေးပွဲဖြေပြီးကတည်းက အချိန်အားရသွားပြီမို့ ဖိုးသားက တစ်နေကုန် ဆိုင်လာထိုင်သည်။

သည်ကတည်းက ဆိုင်မှာ အင်္ကျီလာချုပ်သည့် ဖောက်သည်ကောင်မလေး အသစ်ကလေးများ တစ်နေ့တခြား ဒီရေအလား တိုးပွားနေသည်ကို သတိထားမိဖို့ကောင်းသည်။

အမှန် သတိမမူမိ၍သာ ရှုမမြင်ခြင်း ဖြစ်သည်။

"ကိုဖိုးသား အပ်ချုပ်ဆိုင်မှာထိုင်ပြီး ဘာမှ မချုပ်ဘူးလား ... လုပ်စမ်းပါ ကိုဖိုးသားရာ ... စက်ချုပ်လေး ဘာလေး သင်စမ်းပါ ... ကိုဖိုးသား ချုပ်ပေးတဲ့ အင်္ကျီဝတ်ချင်လို့" ဆိုပြီး ပေါ်ပေါ်ထင်ထင်ကြီး ချွဲနေတာမျိုးကို နားနှင့်ဆတ်ဆတ် ကြားဖူးသည်။

"ဟင်း ..."

ကောင်မလေးတွေကြည့်ပြီး ဖြူနှင်း သက်ပြင်းချသည်။





"ဟိုကောင်ကလည်း ငါ့ကိုသာ ကပ်ပြီးချွဲနေတာ ... အဒီဟာမတွေထဲက ဘယ်နှစ်ကောင်မကို ဒီကောင်က ချိတ်တိတ်တိတ်လုပ်ထားပြီးနေလဲ မသိဘူး ... သူမချိတ်ရင် မိန်းကလေးတွေက ဒီလောက်ကဲစရာ အကြောင်းကို မရှိဘူး"

"ဟုတ်ချင်မှလဲ ဟုတ်မှာပါ ... ဖိုးသားကလဲ ရုပ်ကလေးချောချော ... ပညာလေးကလဲတတ်လာ ... စိတ်ကလေးကလဲ ရိုးဖြောင့်ဖြောင့်ဆိုတော့ ဟိုကောင်မတွေ အရမ်းအကြိုက်တွေ့ မိန်းမနောက်ပိုး လုပ်နေကြတာလဲ ဖြစ်ဖို့များတယ် ... ဖိုးသား ရမ်းကားနေတုန်းကတော့ အနားတောင် မကပ်ရဲဘဲ သူတို့အသားနဲ့ထိရင် သေမတတ်ဖြစ်နေကြပြီးတော့ ... ခုမှ ..."

တစ်ဆိုင်လုံးကို ပိုင်ဆိုင်သော ဆိုင်ရှင်စားပွဲမှာ ထိုင်ပြီး ဖြစ်ပျက်နေသမျှကိုကြည့်၍ ဖြူနှင်း ဒေါသတွေ ဖြစ်နေမိသည်။

အကုန်လုံးကို တစ်ယောက်တည်းက ပိုင်ခံ၍ ...

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ... ကျွေးမှာပေါ့ ... ရပါတယ် ... ခုတော့ မကျွေးနိုင်ဦး ... နောက်မှ ... ဟုတ်ကဲ့ ... ဟဲဟဲ ဒီလိုလဲ မဟုတ်ပါဘူးဗျာ ..." စသဖြင့် သွားဖြီလေးနှင့် ဧည့်ခံနေသော ဖိုးသားကိုလည်း ကြည့်မရ။

"အစတုန်းကတော့ ရိုးပုံရိုးလက်နဲ့ ... ဘာရိုးတာလဲ ... ဘာအေးတာလဲ ... အလကားကောင် ... နင့်လဲ ကြည့်ရေဘူး"



www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် တစ်နေကုန် အသည်းယားနေသည်။

အိမ်ပြန်ရောက်တော့လည်း ပြဿနာ မကုန်သေး။

မေမေက မခေါ်စဖူးခေါ်၍ . . .

"မိဖြူ . . . နင် ဒီလမ်းထဲက ဖိုးသားဆိုတဲ့ ကောင်လေးကို ပိုက်ဆံထောက်ပြီး ဆယ်တန်းဖြေခိုင်းတယ်ဆို . . . ပြီးတော့ ဆိုင်မှာလဲ တစ်နေကုန် ခေါ်ခေါ်ထားတယ်တဲ့ . . . အဲဒါ ဟုတ်သလား" မေးသည်။

"ဟုတ်တယ်"

"အဲဒါ ဘာလုပ်တာလဲ သမီး . . . မိန်းကလေးဖြစ်ပြီး အဲလိုတွေ လျှောက်လုပ်တော့ လူ ပြောစရာ ဖြစ်မနေဘူးလား"

"လူတွေက ဘာပြောမှာလဲ"

"ဩော် . . . ကိုယ်ကလဲ သူ့ကို ကြိုက်လွန်းလို့ ဣန္ဒြေမဆောင်နိုင်ဘဲ မြှောက်စားပေး . . . အနားမှာ ခေါ်ထားသလေး ပြောကြမှာပေါ့ . . . မေမေ သမီးကို အပြစ်ပြောတာ မဟုတ်ဘူးနော် . . . သမီးကို လူပြောခံရမှာစိုးလို့ ပြောတာ"

ဖြူနှင်း သက်ပြင်းတစ်ချက် ရှိုက်သည်။

"ခုကော လူတွေ ပြောနေကြပြီလား မေမေ"

"ပြောမှာပေါ့သမီးရယ် . . . ဒီကိစ္စနဲ့ပတ်သက်ပြီး မေမေ့ကိုတောင် အသိပေးထားဖို့ လာတိုင်တဲ့သူက တိုင်နေပြီပဲ"

"အဲဒါဆိုလဲ မထူးတော့ပါဘူး . . . နောက်တစ်ခါလာ





တိုင်ရင် ပြောလိုက် မေမေရယ် . . . ဟုတ်တယ် သမီးက ဖိုးသားကို ယူမှာမို့လို့ အဆင့်အတန်းမြင့်လာအောင် ပညာသင်ပေး . . . အလုပ်အကိုင်ရှာပေးနဲ့ သူကော ကိုယ်ကော ဂုဏ်မငယ်အောင် လုပ်ပေးနေတာလို့ . . . သူ ပညာတွေတတ်တာ . . . အလုပ်အကိုင်တော်လာမှ သူ့လုပ်စာ တစ်လုည်ပြန်ထိုင်စားမှာလို့"

"ဘာလဲ သမီးက မေမေ့ကို စိတ်ဆိုးလို့ ရွဲ့ပြောနေတာလား"

"မဟုတ်ဘူး မေမေ . . . သမီး တကယ်ပြောနေဘာ . . . မေမေတို့ သဘောမတူရင်လဲပြော . . . သမီး အခုကတည်းက အိမ်ခန်းငှားပြီး အိမ်ပေါ်က ဆင်းပေးထားနှင့်မယ် . . . ဒါပေမယ့် ဒီကိစ္စကိုတော့ မတားနဲ့ . . . သမီး လုံးဝနောက်မဆုတ်ဘူး . . . ဆုံးဖြတ်ပြီးပြီ"

ဤသို့ဖြင့် နောက်တစ်နေ့မနက် မိုးလင်းသည့်အချိန်မှာ ဖိုးသားကိုခေါ်ပြီး အပြေပေးလိုက်တော့၏။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်းသုံး

ဖြူနှင်းမွှေးရီ



## အခန်း - ၁

ဟိုတစ်ချိန်တုန်းကတော့ ထိုသို့ စိတ်လိုက်မာန်ပါ ချက်ချင်းဆုံးဖြတ်၊ ချက်ချင်းထလုပ်တာမျိုးကို ဖြူနှင်း ကိုယ့်ကိုကိုယ် ဟုတ်လှပြီထင်ပြီး ဂုဏ်ယူကျေနပ်ခဲ့သည်။

ကိုယ်လုပ်တာမှန်ရင် ပြီးရော၊ ဘယ်သူ့မှ ဂရုစိုက်စရာမလိုဘူးဆိုသော အယူအဆဖြင့် ထင်ရာစိုင်းတတ်သောစိတ်ကြောင့် မိဘအထူးသဖြင့် မေမေ့ကိုလည်း ဖြူနှင်း မထီမဲ့မြင်ပြုခဲ့တာလည်း အကြိမ်ကြိမ်။

ခုကျမှ ဒါတွေဟာ မလုပ်သင့် မလုပ်ထိုက်သော အမှားအယွင်းကိစ္စများဟု နောင်တရသည်။ မိဘကို စော်ကားခဲ့ဖူးသေး



www.burmeseclassic.com

www.burmeseclassic.com



အကုသိုလ်ကံကြီးများထိုက်၍ ခုလိုခံစားနေရတာပဲဖြစ်မည်ဟုလည်း ယူကျုံးမရဖြစ်မိသည်။

ခုချိန်မှာ အောင်မြင်သော ရုပ်ရှင်မင်းသား "ကင်း" ဖြစ်နေပြီ။ "ကင်း" ဖြစ်လာမှ ထင်သလိုကျဲနေသော ဖိုးသား၏ နှိပ်စက်မှုကို ကောင်းကောင်းခံစားနေရခြင်းမှာလည်း ထိုအကုသိုလ်များ၏ အကျိုးဆက်များသာ ဖြစ်ပေလိမ့်မည်။

မြနှင်းက အတိတ်ကို ပြန်တွေးတောနေရာကနေ ကောက်ချက်ချမိသည်။

သို့မဟုတ်လျှင်လည်း တစ်ချိန်က နိုင်ချင်တိုင်းနိုင်ခဲ့မိသဖြင့် ခုချိန်မှာ ဝဋ်ကြွေးတာတစ်ပြန်ကျော့ပြီး ဖိုးသားကို ကြွေးပြန်ဆပ်နေရတာပဲလားလည်း မပြောတတ်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီဘဝရောက်အောင် ဘယ်လိုကြိုးစားဖြတ်သန်းခဲ့ရတယ် ဆိုတာကိုတော့ ဖိုးသား မေ့ပစ်ဖို့ မကောင်းပါ။

"ကင်း" အဖြစ် အောင်မြင်သည့်ကိစ္စက သူ့အနုပညာသွေးစွမ်းကြောင့် ဖြစ်တယ်လို့ အလွတ်ရုန်း ပြောချင်ရင်တောင်မှ ဒီလမ်းကြောင်းပေါ် ရောက်အောင် ဘယ်လိုရှာဖွေခဲ့ရတယ်ဆိုတာကိုတော့ သတိရသင့်ပါသည်။

အင်းလေ . . . ခုချိန်မှာ ကင်းက ဖိုးသားမှ မဟုတ်တော့ဘဲ၊ ဒါတွေကို သတိရချင်မှ သတိရတော့မှာပေါ့၊ ဒါမှ မဟုတ်ရင်လည်း သူ့ဘဝမှာ တစ်ချိန်လုံး နိုင်ချင်တိုင်းနိုင်ခဲ့တဲ့ မမဆိုတဲ့





မိန်းမရိုင်းကြီးတစ်ယောက်ကို နာကျည်းမေ့ပျောက်ဖို့ ကြိုးစားချင်လည်း ကြိုးစားနေတော့မှာပေါ့။

ဟုတ်ပါတယ်လေ။ "ကင်း" ဘဝရောက်မှ မင်းတွေ့ခဲ့တဲ့ မိုးနန္ဒာတို့ မကြည်ပြာတို့ကတော့ မမ မင်းကို ဆက်ဆံသလို ကြမ်းကြမ်းတမ်းတမ်းနဲ့ အနိုင်ယူ၊ အတင်းအဓမ္မ စေခိုင်းတာမျိုး ဘယ်လိုကြပါ့မလဲ။

မမကတော့ မင်းကို နိုင်ခဲ့ပါတယ်။

ဒါပေမယ့် ဖိုးသားရယ်၊ တို့တတွေ ဖြတ်သန်းခဲ့ရတဲ့ ခရီးမှာ ကကယ်. အတူတကွ ဖြတ်သန်းခဲ့ရတာက မင်းနဲ့ မမ နှစ်ယောက်ဘည်းပါ။ ဒီခရီးမှာ ဘာတွေဖြစ်ခဲ့တယ်။ ဘယ်လို အခက်အခဲပြဿနာတွေ ရင်ဆိုင်ဖြေရှင်းခဲ့ရတယ်။ ဘယ်သူက ဘယ်သူ့ကို ဘယ်လို စေတနာမေတ္တာထားခဲ့တယ်ဆိုတာ မင်းနဲ့ငါပဲ အသိဆုံးပါ။

ခုချိန်မှာ မင်း မမကို အလိုမရှိတော့ဘူး ဆိုရင်တောင်မှ ဒီအဖြစ်လေးတွေကို မင်း ပြန်သတိရရင် မင်းရှေ့ကို လှမ်းမယ့် ခြေတစ်လှမ်း နောက်တွန့်သွားနိုင်ပါတယ်။

မမ မင်းအပေါ်မှာ မင်း အခုရက်စက်သလိုမျိုး တစ်ခါမှ မရက်စက်ခဲ့ပါဘူး။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၂

"မမ ကျွန်တော့်ကို ခေါ်တယ်ဆို"

"ဟုတ်တယ် ဖိုးသား . . . မနေ့က မင်းပြောတဲ့ကိစ္စ အဖြေပေးမလို့"

"ဟင် . . . အဖြေပေးမယ် ဟုတ်လား . . . မမ စဉ်းစားလို့ ပြီးသွားလို့လား"

"ပြီးသွားပြီ"

"ကျွန်တော်တော့ ကံဆိုးပြီ ထင်တယ်"

"ဘာဖြစ်လို့လဲ"

"မမ မျက်နှာနဲ့ အသံတွေက ချစ်သူတစ်ယောက်ကို ချစ်





အဖြေပေးတဲ့ အချိန်မှာ ရှိနေရမယ့် မျက်နှာ . . . အမူအယာနဲ့ အသံတွေမှ မဟုတ်တဲ့"

ဖိုးသား၏ ကတ်သီးကတ်သတ်စကားကြောင့် ဖြူနှင်းက ရယ်လိုက်သည်။ ရယ်ရင်းနှင့်မှ . . .

"အဲဒါဆို မင်း မှားသွားပြီ ဖိုးသား . . . မမ မင်းကို ပေးမယ့်အဖြေက မင်းအချစ်ကို လက်ခံလိုက်ပြီဆိုတဲ့ အဖြေ . . . ဒါပေမယ့် အဲဒီအဖြေနဲ့ လိုက်ဖက်တဲ့ မျက်နှာတွေ အမူအယာတွေ . . . အသံတွေတော့ မမ မလုပ်တတ်ဘူး"

"မမ တကယ်ပြောတာလား"

"ဘာကိုလဲ"

"မမ ကျွန်တော့် အချစ်ကို လက်ခံလိုက်ပြီ ဆိုတာလေ"

"တကယ်ပေါ့"

"ဟာဗျာ ကျွန်တော် ဝမ်းသာလိုက်တာ"

"နေဦး ဖိုးသား . . . အရမ်းကြီးတော့ ဝမ်းမသာနဲ့ဦး . . . အဲဒီ အဖြေအပြင် မင်းကို ပြောစရာစကားတွေ ရှိသေးတယ်"

"ပြောလေ . . . မမ ဘာပြောစရာလဲ"

"မင်းကို မမ အဖြေတော့ ပေးထားပြီ . . . ဒါပေမယ့် မင်း မျှော်လင့်ထားသလို သမီးရည်းစားဘဝမျိုးနဲ့ ဒွေးရောယှက်တင်တော့ မမ မနေချင်သေးဘူး"

"ရတယ်လေ . . . မမ နေချင်တဲ့ပုံစံ ပြောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ခုလိုပဲ နေချင်တယ် . . . ဘယ်အချိန်အထိလဲဆိုတော့ မင်းနဲ့ လက်ထပ်တဲ့အချိန်ထိပဲ"

"ဘယ်အချိန်မှာ လက်ထပ်မယ်လို့ကော မမ စဉ်းစားထားလဲ"

"အကြမ်းဖျဉ်း လျာထားထားတာကတော့ မင်းဘွဲ့ရတဲ့အချိန်ပဲ . . . တက္ကသိုလ်က ဘွဲ့တစ်ခုရအောင်တော့ မင်းကို မမ ပံ့ပိုးပေးလိုက်ချင်သေးတယ် . . . မင်းဘက်ကလဲ ခုလိုပဲ ဆက်ကြိုးစားလိုက်စေချင်သေးတယ်"

"မမ ကျွန်တော့်ကို ဘာဘွဲ့ယူစေချင်လို့လဲ"

"ဘာဘွဲ့ဖြစ်ဖြစ် . . . တက္ကသိုလ်က ဘွဲ့တစ်ခုခုရရင်ပြီးရော . . . နောက်ပြီး အဲဒီဘွဲ့က မမယူချင်တာ မဟုတ်ဘူး . . . မင်းကို ရစေချင်တာ . . . မမလိုချင်တဲ့ဘွဲ့က မမဖာသာယူမယ် . . . အဓိကက မင်းကို လူအထင်မသေးစေချင်လို့ပဲ . . . မမရွေးလိုက်တဲ့ အိမ်ထောင်ဘက်က ဘွဲ့လေးတစ်ခုတောင် မရတဲ့သူ . . . မမ ညံ့လိုက် တုံးလိုက်တာလို့ သူများတွေကပြောရင် အဲဒါ မင်းအထင်သေးခံရတာပဲ . . . မမ အဲလို အဖြစ်မခံနိုင်ဘူး"

"ကျွန်တော် သဘောပေါက်ပါတယ် . . . ဘွဲ့ရတာ ဘာများခက်လို့လဲ မမရယ် . . . နောက်ထပ် လေးနှစ်စာ ဆက်ကြိုးစားလိုက်ရင် ဘွဲ့တစ်ခုရတာပဲ"

"အဲဒီ မခက်တဲ့အလုပ်ကိုပဲ မင်း နည်းနည်း သည်းညည်းခံပြီး ကြိုးစားလိုက်လေ"

"မမ ကျွန်တော့်ကို ယူမှာတော့ သေချာတယ် မဟုတ်လား"

"သေချာပါတယ် . . . မမ မင်းကို ကတိပေးတယ်"

"ရတယ် မမ . . . ကျေနပ်ပြီလား . . . မမ ဖြစ်ချင်တဲ့ပုံစံဖြစ်အောင် ကျွန်တော် ကြိုးစားပေးမယ် . . . ကျွန်တော်လဲ ကတိပေးပါတယ်"

ဖြူနှင်း ပြုံးလိုက်၏။

❀❀❀

သို့သော် တကယ်တမ်းကျတော့ ဖြူနှင်း ရည်မှန်းသည့်အတိုင်း ဖြစ်မလာ။

ဖြူနှင်း တက္ကသိုလ်နောက်ဆုံးနှစ်ဖြေအပြီး ဖိုးသား ဒုတိယနှစ် အရောက်မှာ အခြေအနေက တစ်မျိုးဖြစ်လာသည်။

လေဖြတ်ပြီးကတည်းက ကျန်းမာရေး မကောင်းခဲ့သော ဖိုးသားအဖေ ဆုံးသွားသည်။ ထိုအခါ အခန်းတစ်ခန်းနှင့် သူတစ်ယောက်တည်း ဖြစ်သွားသော ဖိုးသားက ငှားထားသော အခန်းကို ပြန်အပ်ပြီး ဘုန်းကြီးကျောင်း သွားနေသည်။

သူ့ရည်ရွယ်ချက်ကတော့ လစဉ် အိမ်ခန်းငှားခပါ ထုတ်ပေးနေရသော ဖြူနှင်းအတွက် သက်သာစေရန် ဖြစ်သည်။ ဘုန်းကြီး







www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာ သွားနေတော့ ဘုန်းကြီးဝေယျာဝစ္စ လုပ်ပေးရင် မနက်စာ ညစာပါ ဆွမ်းကျန်ဟင်းကျန်များဖြင့် ဖြေရှင်းနိုင်သည်။

သို့သော် ပြဿနာက ဖြူနှင်းဘက်မှာ တက်လာသည်။

ဖြူနှင်းကလည်း ကျောင်းလည်း ပြီးသွားပြီမို့ သည်တိုင်း လွှတ်ပေးထား၍မဖြစ်။ ဖြူနှင်းနှင့် ကြိုက်နေသော ကောင်လေးကလည်း မိမရှိဖမရှိ ဘုန်းကြီးကျောင်းမှာ ကပ်နေရသူ။ ဖြူနှင်းအတွက် တစ်ခုခု စီစဉ်ပေးပါဆိုသည့်အကြောင်းကို မေမေက ကိုကို့ကို လွှတ်၍ ဖေဖေ့ဆီ အကြောင်းကြားသည်။

ထိုအခါ ဖြူနှင်းဆီ ဖေဖေ ရောက်လာသည်။

ဖေဖေက အိမ်ကိုမလာဘဲ ဆိုင်ကိုလာသောကြောင့် ဖိုးသားကိုပါ တစ်ခါတည်း တွေ့မြင်သွားသည်။

"သမီးပြောတဲ့ ကောင်လေးဆိုတာ ခုနဆိုင်မှာ တွေ့ခဲ့တဲ့ ကောင်လေးလား သမီး"

"ဟုတ်ပါတယ် ဖေဖေ"

"သမီးမေမေပြောသလို သမီးက သူနဲ့ ရည်ရွယ်ထားတယ်ဆိုတာကော ဟုတ်လား"

ဖေဖေက ဆိုင်မှာ ထိုင်မေးနေတာတော့မဟုတ်။ ခဏတဖြုတ်ပဲ ဆိုင်မှာနေပြီး ဖြူနှင်းကို အပြင်ခေါ်ထုတ်သွား၍ စားသောက်ဆိုင်တစ်ဆိုင်မှာ စားရင်းသောက်ရင်း မေးခြင်း ဖြစ်သည်။





ဖြူနှင်းကလည်း မခြွင်းမချန်ပင် အားလုံး ပြောပြလိုက်သည်။

ဖေဖေက အစအဆုံး နားထောင်ပြီး . . .

"အင်း . . . ခက်တော့ခက်နေပြီ သမီး . . . သမီးကလဲ သမီးဆုံးဖြတ်ချက်နဲ့သမီး ခိုင်မာနေတယ် . . . အဲဒီတော့ ဖေဖေ သမီးကို တစ်ခုမေးမယ် . . . တကယ်လို့ ဖေဖေက ဒီကိစ္စဟာ မသင့်တော်ဘူးလို့ အကျိုးအကြောင်းပြပြီးတားရင် သမီး ဒီကိစ္စကို နောက်ဆုတ်နိုင်မလား"

"ဘာအတွက် ဖေဖေက တားမှာလဲ"

"သမီးဘဝအတွက်ပေါ့ . . . သမီးရဲ့ ဘဝရှေ့ရေးမှာ သမီး စဉ်းစားထားတာထက် ပိုကောင်းနိုင်မယ့် လမ်းတစ်လမ်း ဖေဖေ ရွေးပေးချင်တာပေါ့"

ဖြူနှင်း ခေါင်းခါလိုက်သည်။

"သမီးဘဝအတွက်ဆိုရင်တော့ မတားပါနဲ့တော့ ဖေဖေ . . . သမီးက ဆုံးဖြတ်ချက်တစ်ခုချပြီးရင် နောက်မဆုတ်တတ်တာ ဖေဖေ သိသားပဲ"

"ကောင်းပြီလေ . . . အဲဒါဆိုရင်တော့ ပြောလဲအပိုပဲဖြစ်မယ့်စကားတွေ ဖေဖေ မပြောချင်တော့ဘူး . . . တစ်ခုပဲရှိတယ် . . . သမီးစိတ်ကြိုက်ရွေးတဲ့လမ်းကို လျှောက်ရင်တော့ သမီးတာဝန် သမီးယူရလိမ့်မယ် . . . ဖေဖေတို့မှာ ဘာတာဝန်မှ



www.burmeseclassic.com

www.burmeseclassic.com



ရှိတော့ဘူး”

“ရတယ် ဖေဖေ . . . သမီးတာဝန်ကို သမီးပဲ ယူမှာပါ”

ဖေဖေ ပြန်သွားပြီး နောက်ပိုင်း ဖြူနှင်း ထိုစကား၏ အနက်အဓိပ္ပါယ်ကို ကိုယ့်ဖာသာ စဉ်းစားသည်။

ဖြူနှင်းမှာ အခုကော အိမ်က ဘာတာဝန်ယူထားတာရှိလဲ။ ပြောရလျှင် စားဝတ်နေရေး တာဝန်သုံးခုမှာ စားမှုနှင့် ဝတ်မှုက ကိုယ့်တာဝန်ကိုယ်ယူထားပြီးသား။ နောက်ထပ် ကိုယ့်တာဝန်ကိုယ်ယူစရာဟူ၍ နေရေးတစ်ခုပဲ ကျန်တော့သည်။

ဆိုလိုတဲ့သဘောက ယူပြီးရင် အိမ်မှာမနေနဲ့လို့ ပြောတာပေါ့။ ဒီစကားပြောချင်လို့ မေမေက ဖေဖေ့ကို တစ်ဆင့်ပြောခိုင်းတာလား။

ဖြူနှင်းရင်ထဲမှာ ကလိကလိ ဖြစ်လာသည်။

မေမေ့စိတ်ထဲမှာ ဖြူနှင်းက ဖိုးသားကို ယူပြီး အိမ်ပေါ်တက်လာ၊ အိမ်ကို အပိုင်စီးမည်ဟုများ ယူဆနေလားမသိ။ (ထိုစဉ်က တွေးခဲ့သော အတွေးများ ဖြစ်သည်။)

သည်လိုမျိုးတော့ ဖြူနှင်းကို အထင်သေးဖို့မသင့်။ ကိုယ့်နေစရာ ကိုယ့်ဟာကိုယ်ရှာရတာ ဘာမှ ခက်စရာမရှိ။ နောက်နှစ်နှစ်မပြောနှင့် ခုဆင်းပြီး၊ ခု ကိုယ့်ဟာကိုယ် နေလို့ရသည်။

အိမ်ပိုင်ဝယ်နိုင်စရာမလို၊ အလုပ်လုပ်ဖို့ တိုက်ခန်းငှားနေရသည့်အတူတူ အလုပ်နှင့်တွဲလျက်၊ တစ်ခန်းလုံး တောက်လျှောက်



ငှားလိုက်လျှင် ပြီးနေသည့်ကိစ္စ။

ခု အလုပ်လုပ်နေသည့် ဆိုင်ခန်းကတော့ အိမ်ရှေ့တစ်ခြမ်းဖြတ်ငှားထားတာမို့ နေလို့မရ။

ခု အခန်း၏ အပေါ်ထပ်အခန်းက တစ်ခန်းလုံး ငှားလို့ရသည်။ အပေါ်ထပ်ဖြစ်သွား၍ အောက်ထပ်မြေညီထပ်ထက်ပင် ဈေးချိုသေးသည်။ ပြီးတော့ အဲဒီအခန်းက တယ်လီဖုန်းလည်း ပါသေးသည်။

စက်ချုပ်ဆိုင်အနေနှင့်လည်း နာမည်ကော၊ ဖောက်သည်ကော ရပြီးသား၊ ကိုယ့်ချုပ်ထည်နှင့်ကိုယ်ပင်မနိုင်၊ မြေညီထပ်မှမဟုတ်၊ ဘယ်အထပ်သွားနေနေ ဘာမှ ပြဿနာမရှိ။

ရှုပ်ပါတယ်၊ နောက်နှစ်တွေ ဘာတွေ စောင့်မနေတော့ဘူး၊ ခုကတည်းက အခန်းပြောင်း၊ အိမ်ခွဲနေ၊ ကိုယ့်စီးပွားကိုယ်လုပ်၊ ဘယ်သူ့မျက်နှာမှ ကြည့်နေစရာမလို။

ထို့အတူပင် ဖိုးသားနှင့် ယူတာလည်း နောက်လဲယူရမည့်အတူတူ ခုယူလိုက်တော့လည်း ဘာမှမဖြစ်။ အဲဒီအခန်းမှာ အတူတူနေလိုက်ရုံပဲ။

နို့မို့ဆို ဖိုးသားက သူ့ဟာသူ ဘုန်းကြီးကျောင်းသွားနေတာကအစ လိုက်ခလုတ်တိုက်နေသည်။

ဒါပဲ ကောင်းတယ်၊ အခန်းပြောင်းဖို့ကိစ္စ ခုထဲက လုပ်ထားမယ်။

www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်နှစ်ချပ်နှင့် ငှားထားတာလည်း ဒီလကုန် ရက်စေ့၍ စာချုပ်ထပ်ချုပ်ရမှာ၊ မချုပ်တော့၊ အပေါ်ထပ်ပဲ ငှားလိုက်တော့မယ်။

တစ်ထိုင်တည်းနှင့် ဖြူနှင်း ဆုံးဖြတ်ချက်များ များပြားသွားသည်။

ခဏနေတော့ ဖိုးသားကိုခေါ်၍ ပြောလိုက်သည်။

"ဒီလကုန် အိမ်ပြောင်းပြီးရင် နင်နဲ့ ငါနဲ့ ယူတော့မယ် ဖိုးသား . . . အိမ်တက်နဲ့ မင်္ဂလာဆောင်နဲ့ တစ်ခါတည်း တွဲလုပ်မယ် . . . ဖိတ်စာရိုက်ရင် ဘယ်လောက်ကုန်မလဲဆိုတာ ပုံနှိပ်စက်ကို နင် သွားဈေးမေးစမ်း" ဟု။

❀❀❀



## အခန်း - ၇

အိမ်တက်နှင့် မင်္ဂလာဆောင် နှစ်ခုပေါင်းလုပ်သည့် အခမ်းအနားလေးသို့ ဖြူနှင်းဘက်မှ မိဘဆွေမျိုး ညီအစ်ကို မောင်နှမဘယ်သူမှမလာ။

ဖြူနှင်းကလည်း ဖိတ်စာပို့ပေးပြီးကတည်းက မိမိဘက်က တာဝန်ကျေပြီဟု ယူဆထားခဲ့သည့်မို့ ဘာမှမဖြစ်။

အပေါ်ထပ် အခန်းကျဉ်းလေးထဲမှာ ဘမင်းစား စားပွဲနှစ်ဝိုင်းလောက်ချပြီး မြေနီကုန်းက အော်ဒါမှာကျွေးသည့် ဒန်ပေါက်နှင့် ကြပ်ကြပ်ညပ်ညပ် မင်္ဂလာပွဲလေးက စည်တော့စည်ကားသည်။

အံ့ဩစရာကောင်းသည်က ဖိတ်စာထဲ ထည့်ဖိတ်ထား



www.burmeseclassic.com

www.burmeseclassic.com



သည့် အချိန်ကုန်သွားမှ လုံးဝမမျှော်လင့်သော ဧည့်သည်တစ်ယောက် ရောက်လာသည်။

ဖိုးသားအမျိုး၊ မင်းသား ဇော်ထက်ဖြစ်၏။

"ဦးဇော် ဘယ်လိုလုပ်သိပြီး ရောက်လာတာလဲ ဖိုးသား"

ဇော်ထက် ရောက်လာသည်ဆိုသော သတင်းကြောင့် အိမ်ရှေ့နှင့် လှေခါးများမှာပင် လူတွေ စုရုံးစုရုံး ဖြစ်သွားသည်။ အံ့သြနေသော ဖြူနှင်းက ကမန်းကတန်း ဒန်ပေါက်ပွဲ ပြေးပြင်ရင်း ဖိုးသားကို ကြိတ်မေးရသည်။

ဖိုးသားက . . .

"ကျွန်တော် စိတ်စာပို့လိုက်တာ မမ . . . ဘာရယ်မဟုတ်ပါဘူး . . . အသိပေးတဲ့သဘောပါပဲ . . . လာမယ်လဲ မထင်ဘူး . . . ခုတော့ သူက ပေါက်ချလာတယ်"

ပေါက်ချလာရုံတင်မဟုတ်။ ကျွတ်ကျွတ်အိတ်နှင့်ထုပ်ထားသော ငွေတစ်သိန်းကို လက်ဖွဲ့လိုက်သေးသည်။ ပြီးတော့ သူက တဟားဟားရယ်ရင်း . . .

"မင်းကိုချစ်လွန်းလို့ လက်ဖွဲ့တာ မဟုတ်ဘူးနော် ဖိုးသား . . . ဖြူနှင်းသတ္တိကို လေးစားလို့ . . . မဖြူနှင်းတို့ သတ္တိတော့ တကယ့်ရှာမှရှားပဲ . . . တကယ်ပြောတာပါ . . . မိဖြူ နင် ငါ့ကို စိတ်ဆိုးနေတုန်းပဲလား"

"မဆိုးပါဘူး ဦးဇော် . . . ဖြူနှင်း စကားအတိုင်း ဖြစ်





အောင်မလုပ်နိုင်ဘဲ ပျက်သွားတာပဲ စိတ်မကောင်းတာပါ"

"ဘာလဲ နောက်တစ်ခါလာရင် ငါ့ထက်သာတဲ့ ဖိုးသား အနေနဲ့ပဲ လာမယ်ဆိုတဲ့ စကားလား . . . ဟား ဟား . . . နင့် စကား မပျက်ပါဘူး . . . ခုဟာက နင် ငါ့ဆီလာတာမှ မဟုတ်ဘဲ . . . နင့်ဆီ ငါလာတာပဲ"

ဖြူနှင်း ရယ်နေချိန်မှာ ဖိုးသားဘက်လှည့်၍ . . .

"ဖိုးသား မင်းကတော့ ကုသိုလ်ကံ မှီစားတဲ့အကောင်ပဲ . . . ခုလဲ မိန်းမကိုမှီပြီး ကြီးပွားဦးမယ် . . . ခုလဲ လူကြီးတစ်ယောက်အနေနဲ့ ဆုံးမစကားပြောခဲ့ဦးမယ် . . . ဖြူနှင်းကို ရှိရှိသေသေဆက်ဆံ ကြားလား . . . ညအိပ်ရာဝင်တိုင်း ဦးသုံးကြိမ်ချပြီးမှအိပ် . . . ဖြူနှင်းထက် ကြီးကျယ်တဲ့ ကျေးဇူးရှင် မင်းဘဝမှာ မရှိတော့ဘူး"

တဟားဟားနှင့် ရယ်စရာတွေပြောပြီး ဇော်ထက် ပြန်သွားသည်။ သူ ပြန်သွားမှ ဖြူနှင်းက . . .

"ဦးဇော် ဘာစိတ်ကူးပေါက်ပြီး လာတာလဲ မသိဘူးနော်"

ဟု ဖိုးသားကို မေးသည်။ ပြီးတော့ . . .

"သူပြောတာ တကယ်ဖြစ်လိမ့်မယ် မမ . . . မမကို သူ တကယ်လေးစားသွားတာဖြစ်မယ် . . . ဦးဇော်က လူတစ်မျိုး . . . သူ့စိတ်ကို မှန်းဆရတာ ခက်တယ် . . . မမနဲ့ သိပ်တူတာပဲ . . . မထင်ရင် မထင်သလို လုပ်တတ်တဲ့လူမျိုး"



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဘာပဲဖြစ်ဖြစ် ခုချိန်မှာ နှော်ထက်ပေးသွားသည့် ငွေတစ်သိန်းက ဖြူနှင်းတို့အတွက် အတော်လေးတန်ဖိုးရှိသည်။

ဆင်းပြီဆိုမှတော့ ဘာတစ်ခုမှ တွယ်တာစရာမလိုဆိုပြီး တော်သင့်ရုံအဝတ်အစား အနည်းငယ်ကလွဲ၍ တခြား ဘာတစ်ခုမှ ဖြူနှင်း မယူခဲ့။

စုဆောင်းထားသည့် ပိုက်ဆံလေးကလည်း မရှိမဖြစ် အိမ်ထောင် ပရိဘောဂများနှင့် မင်္ဂလာစရိတ်အတွက် သုံးလိုက်၍ ကုန်နေပြီ။

ဘဝမှာ ပထမအကြိမ် ဦးဇော်ကို ကျေးဇူးတင်မိခြင်း ဖြစ်၏။

❀❀❀

ဒုတိယအကြိမ်နှင့် အကြီးမားဆုံးအဖြစ် ဦးဇော်ကို ကျေးဇူးတင်ရသော အချိန်ကတော့ နောက်သုံးနှစ်လောက်အကြာမှာ ဖြစ်သည်။

ထိုအချိန်က ဖြူနှင်းတစ်ယောက် တစ်ကယ့်ဘဝဆိုတာတွေနှင့် ထိမ်တိုက်ရင်ဆိုင်နေရသည့် အချိန်လည်းဖြစ်၏။

အမိကကတော့ ဖိုးသား မြသန္တာ။

လက်ထပ်သည့်အချိန်ကနေ ဘွဲ့ရဖို့ နှစ်နှစ်လောက်အချိန်





အတွင်းမှာ ဖိုးသားအတွက် ဖြူနှင်း မဖြစ်မနေရုန်းကန်ခဲ့ရသည်။ ကိုယ့်အိမ်နှင့်ကိုယ်၊ ကိုယ့်အိမ်ထောင်နှင့်ကိုယ်ဆိုသော စကားက အပြောရသာလွယ်သော်လည်း လက်တွေ့ဘဝမှာ မမျှော်မှန်းနိုင်သော အခက်အခဲတွေ အများကြီးရှိသည်။

ထို့ပြင် တဖြည်းဖြည်း မြင့်တက်လာသော လူနေမှုစရိတ်မှာ တက္ကသိုလ်တွင် အတန်းကြီးကျောင်းသားဖြစ်သော ဖိုးသား မျက်နှာမငယ်ဖို့လည်း အတော်လေးပံ့ပိုးရသည်။

မဖြစ်ဘူးလားဆိုတော့ မဖြစ်ဖြစ်အောင် လုပ်ခဲ့သည်မို့ ဖိုးသားဘွဲ့တော့ ရခဲ့ပါသည်။ သို့သော် ဖြူနှင်းလက်ထဲမှာ ငွေပိုငွေလျှံ မရှိသလောက် ဖြစ်သွားသည်။

ထိုအချိန်မှာ ဖြူနှင်း ကိုယ်ဝန်ဖြစ်ပြီး အိပ်ရာပေါ်လဲသည်။ ပိုက်ဆံမကုန်ချင်၍ ပေတေနေသောကြောင့် နောက်ဆုံး ဖြူနှင်း ဆေးရုံတက်ရသည်။

စုစုပေါင်း သုံးလလောက် ဖြူနှင်း ကျန်းမာရေးချို့တဲ့သွားသည့် အချိန်မှာ လုပ်ငန်းကော၊ မိသားစု စီးပွားရေးပါ အကုန်ဖရိုဖရဲ ဖြစ်ကုန်သည်။

ဖိုးသားကလည်း အစကတည်းက ဖြူနှင်း ခိုင်းတာသာ လုပ်နိုင်သော အခြေအနေရှိရာ ဖြူနှင်း ခုလိုဖြစ်ချိန်မှာ ဘာတစ်ခုမှ ကြီးကြပ်ကွပ်ကဲနိုင်ခြင်းမရှိ။

ကွပ်ကဲမှုပျာသွားသည်နှင့် လုပ်ငန်း၏ ယိုင်နဲ့မှုကလည်း



www.burmeseclassic.com

www.burmeseclassic.com



သိသာသည်။ ဆိုင်က အားထားရသော စက်ချုပ်သမားများကို ငွေပိုပေး၍ ခေါ်ထုတ်သွားသူက ခေါ်ထုတ်သွားသည်။ သူတို့ ထွက်သွားရာနောက်သို့ ဖောက်သည်တွေ ပါသွားသည်။

ကျန်သည့် အလုပ်သမားများကလည်း ဖြူနှင်းမရှိလျှင် မရှိသလို ပေါ့လျော့သည်။ သို့အတွက် ချုပ်ထည်များ လက်ကျလက်နမကောင်းတော့ဘဲ ဆိုင်နာမည် ထိခိုက်လာသည်။

ဆေးရုံပေါ်မှဆင်းပြီး ဖြူနှင်း ထူထူထောင်ထောင်ဖြစ်ချိန်မှာ ဆိုင်က ကျိုးနှင့်ဖုတ်ဖုတ် ဖြစ်သွားသည်။ အိမ်မှာလည်း အဖိုးတန်ပစ္စည်းဟူ၍ ဘာမှ မကျန်တော့။

ဒါလည်း ဖိုးသားကို အပြစ် မပြောသာ၊ သူလည်း အစကတည်းက ဖြူနှင်း ရွှေပေါ်မြတင်ထားရာမှာ နေလာခဲ့သည်မို့ အရေးအကြောင်းမှာ ဘာမှ မလုပ်တတ်တော့ဘဲ ရှိသမျှ ထုခွဲပြီး ဖြူနှင်း ကျန်းမာရေးကိုပဲ အမိကထား ကုသခဲ့ခြင်းဖြစ်သည်။

အခြေအနေက အတော်လေး ယိုင်ဆင်းသွားသည်မို့ ပြန်နလံထူအောင်လုပ်ဖို့ မနည်းကြိုးစားရမည်ဟု ဖြူနှင်း သဘောပေါက်သည်။ တကယ်လည်း လေးငါးခြောက်လအချိန်ယူ ပြန်ကြိုးစားလာသည့်တိုင် လုပ်ငန်းက မူလအခြေအနေကို ပြန်မရောက်။

နောက်ဆုံးတော့ ဖိုးသား အလုပ်တစ်ခုခု ထွက်မလုပ်ရင် မဖြစ်သည့် အနေအထား ရောက်လာ၏။

❀❀❀





ထိုအကြောင်းအရာများ ပြန်တွေးလျှင် ဖြူနှင်း ရယ်ချင်သည်။ ထိုင်နေကောင်းသား ထသွားမှကျိုးမှန်းသိ ဆိုသော စကားကို သွားသတိရသောကြောင့်ပင်။

တကယ်ကိုပင် ပေါ့မလားလို့ ကြောင်ရုပ်ထိုး၊ ဆေးအတွက် ပိုလေး ဆိုသည့်ကိန်းများ ဖြစ်သွားရ၏။

ဖြူနှင်းစိတ်ကူးက ဖိုးသားဘွဲ့ရလျှင် မြင်ပတွင် အလုပ်များ ဘာတစ်ခုမှ မလုပ်နိုင်း၊ ဘွဲ့လေးတစ်ခု အရင်းပြု၍ ကုမ္ပဏီရရ ဂုဏ်သိက္ခာရှိရှိ၊ အစိုးရဝန်ထမ်း အလုပ်တစ်ခုခု လုပ်နိုင်းဖို့ ရည်ရွယ်သည်။

သို့အတွက် သူမ ဗုန်းဗုန်းမလဲခင်အထိ ဖိုးသား၏ ကျောင်းပြီးနေ့ရက်များကို အလုပ်လျှောက်ခြင်း၊ ဝန်ထမ်းစာမေးပွဲဖြေခြင်းများနှင့်သာ ကုန်ဆုံးစေခဲ့သည်။

ပြန်တမ်းဝင်အရာရှိ၊ ဒု-ရဲအုပ်၊ အကောက်ခွန်ပိအိုး လဝကဦးစီးမှူး စသဖြင့် သတင်းစာကို နေ့စဉ်ဖတ်၍ အလိုရှိသည့်ခေါင်းစဉ်တွေ့လျှင် သိပ္ပံဘွဲ့တစ်ခုခု လျှောက်လို့ရသော အရာရှိလောင်း လျှောက်လွှာမှန်သမျှ အကုန်လျှောက်နိုင်း စာမေးပွဲဖြေနိုင်းခဲ့သည်။

ဝင်ခွင့်ဖြေဖို့ ကျူရှင်တက်ရမည်ဆိုလျှင်လည်း လက်မနှေးခဲ့၊ ရော့ပိုက်ဆံယူ၊ သွားတက်၊ ရအောင်ဖြေ အားပေးခဲ့သည်။

ဖိုးသားကလည်း အလုပ်ရအောင် မဖြေနိုင်တာကလွဲ၍ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဖြူနှင်း ခွင့်ပြုချက်အတိုင်း အကုန်လုပ်သည်။

ဖြူနှင်း လဲပြီးချိန်မှာတော့ သည်လောက် ဇိဇာမကြောင်နိုင်တော့။ ဖိုးသား ကိုယ်တိုင်ကပင် စိတ်လျှော့လာသည်။

"အဲလိုကြီးတော့လဲ လုပ်နေလို့တော့ မဖြစ်ဘူး ထင်တယ်မမ . . . လတ်တလောမှာ ဘာပဲဖြစ်ဖြစ် ရရာအလုပ်တစ်ခုခု လုပ်ပြီး ပိုက်ဆံရှာမှ ဖြစ်မယ်"

သည်တစ်ခါတော့ ဖိုးသား အစွမ်းအစသိရအောင် လွှတ်ပေးလိုက်တာ ကောင်းမည်ဟု ဆုံးဖြတ်သည်။ သို့အတွက် . . .

"အင်း . . . ဒါဆိုလဲ ဖိုးသား သဘောပဲလေ . . . မမကတော့ ဘယ်လိုပဲဖြစ်ဖြစ် အိမ်စရိတ်တော့ ရအောင်ရှာနိုင်ပါတယ် . . . မင်းဘက်က ဝင်ငွေလေးရတော့လဲ အပိုသုံးထွက်လာတာပေါ့ . . . တို့အိမ်လေးလဲ အိမ်နဲ့တူအောင် ပြန်ထူထောင်လို့ရတာပေါ့" ဆိုပြီး ခွင့်ပြုခဲ့သည်။

နောက်တစ်နေ့ကစပြီး မနက်ရှစ်နာရီလောက်ဆို ဖိုးသား အိမ်က ထွက်သွားသည်။ ညနေခြောက်နာရီ ခုနှစ်နာရီလောက် ပြန်လာသည်။

တစ်ရက်ခြား နှစ်ရက်ခြား တစ်ခါ ဆိုသလို ပိုက်ဆံလေးတွေ ပြန်ပါလာသည်။ တစ်ရာစ၊ နှစ်ရာစကနေ ငါးရာတစ်ထောင်အထိ။

"မင်း ဘာလုပ်နေလဲ ဖိုးသား . . . မဟုတ်တာတော့





မလုပ်နဲ့နော်"

"ဟာ မလုပ်ပါဘူး မမကလဲ . . . ကျွန်တော် ကားပွဲစားတန်းသွားပြီး ပွဲစားလုပ်နေတာ"

"နေပါဦး . . . ကားပွဲစား လုပ်ရအောင် မင်းက ကားအကြောင်းနားလည်လို့လား"

"ဟာ . . . မမကလဲ နားမလည်သေးလို့ ဒီလောက်ပဲရသေးတာပေါ့ . . . အဲဒီမှာ နားလည်တဲ့ပွဲစားတွေရှိတယ် . . . သူတို့နဲ့ သွားပေါင်းပြီး အလုပ်သင်သဘောမျိုး လုပ်တာပေါ့"

"ဘာတွေ လုပ်ရလဲ"

"ခုလောလောဆယ်တော့ သူတို့ခိုင်းတာ လုပ်နေရတာပဲ . . . အဲဒီကားရောင်းမလား မသိဘူး သွားမေးစမ်းဆို သွားမေးတာပေါ့ . . . ရောင်းမှာလား . . . ဘယ်ဈေးလဲ . . . ဘယ်လောက်ခေါ်လဲ . . . ဘာမော်ဒယ်လဲ ဘာလဲညာလဲပေါ့ မမရယ် . . . အဲဒါကို ဆရာတွေ ပြန်ပြောပြ . . . ဆရာတွေက စိတ်ဝင်စားရင် ထကြည့်တယ် . . . ဝယ်မယ့်သူကို စပ်တယ် . . . အဆင်ပြေလို့ အရောင်းအဝယ်ဖြစ်ရင် ကျွန်တော်က စာချုပ်တွေ ဘာတွေ ပြေးဝယ်ရတယ် . . . စာချုပ်ရေးပေးရတယ် . . . အဲလိုပွဲဖြစ်ရင် ကျွန်တော့်ကို ဘော်ဒါကြေးဆိုပြီး ပေးတယ်"

"ဒါဖြင့် မင်း အခုရလာတာတွေက အဲဒီ ဘော်ဒါကြေးတွေပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ မမရ . . . ပွဲခ ဘယ်ဟုတ်သေးမလဲ . . . ပွဲခ ရရင် ထောင်နဲ့သောင်းနဲ့ချီရတာ"

"အဲဒါက ကြာဦးမှာပေါ့ ဖိုးသားရယ် . . . မင်း ကား အကြောင်းနားလည်အောင် အများကြီး သင်ရဦးမှာ"

"ဒီလောက်လဲ မဟုတ်ပါဘူး မမရာ . . . ကျွန်တော် ဘာမှ သိပ်ကျွမ်းကျွမ်းကျင်ကျင် မမောင်းတတ်ပေမယ့် ကားနဲ့ ပတ်သက်လို့ ယာဉ်မောင်းလိုင်စင်တွေ ဘာတွေတောင် လက်ထဲ ရှိသေးတယ် . . . တချို့ဆို ကားမပြောနဲ့ . . . စက်ဘီးတောင် မမောင်းတတ်ဘဲ ပွဲစားတွေ ဝယ်ရောင်းတွေ လုပ်စားနေတာ အများကြီးရှိတယ်"

သူပြောမှ အိမ်ထောင်ကျစက ဖိုးသားကို ကားမောင်း သင်တန်းတက်ခိုင်းပြီး လိုင်စင်ယူခိုင်းထားတာ အမှတ်ရသည်။ အင်း ဆိုးတော့ မဆိုးပါဘူးဟု တွေးလိုက်ရင်း . . .

"အေးလေ . . . လုပ်ကြည့်ပေါ့ . . . လုံးလုံး ထိုင်နေတာ ထက်စာရင် ပညာတစ်ခုခုတိုးလဲ မနည်းပါဘူး"

"နောက်တစ်ခု ကျွန်တော့်ကို ပွဲစားတန်းကတောင် အကြံ ပေးတာရှိသေးတယ်"

"အင်း . . . ပြောပါဦး"

"ကျွန်တော် ယာဉ်မောင်းလိုင်စင် သက်တမ်းက နှစ်နှစ် ကျော်ပြီ မမရဲ့ . . . ရှေ့လ လိုင်စင်လဲရင် သုံးနှစ်ပြည့်ပြီ . . .





အဲဒါသူတို့က ဘာအကြံပေးလဲဆိုတော့ ဒီတစ်ခါ လိုင်စင်လဲရင် လိုင်စင်အညိုလျှောက်လိုက်တဲ့ . . . ရုံးစကားနဲ့ဆိုရင်တော့ "ယ" လိုင်စင်ပေါ့ မမရယ် . . . အဲဒါဆိုရင် တက္ကစီကားမောင်းလို့ရ တယ်တဲ့ . . . အငှားကားကို အုံနာကြေးနဲ့ မောင်းရင် တစ်နေ့ကို တစ်ထောင် . . . ထောင့်ငါးရာတော့ ကိုယ့်အတွက် ကျန်တယ်တဲ့ . . . အဲဒါလဲ ကျွန်တော် စဉ်းစားတယ်"

"အဲဒါက ကားမောင်းကျွမ်းကျင်မှ ဖြစ်မှာပါ ဖိုးသားရယ် . . . မင်းက ဒီလောက်မောင်းတတ်တာမှ မဟုတ်တာ"

"ဟာ . . . မောင်းတတ်ပါတယ် မမရဲ့ . . . ဒီကြားထဲ မှာ ပွဲစားတန်းက ကားလေးတွေ တက်မောင်းကြည့်ပြီး ကျွမ်းကျင် အောင် လုပ်ထားမှာပေါ့"

ဖြူနှင်း ပင့်သက်တစ်ချက်ရှိုက်သည်။

ဖိုးသား ဒီလိုလုပ်နေတာတွေ မြင်ရတော့လည်း စိတ် မကောင်း။ သားသမီး ဗုင်ပန်းဆင်းရဲတာ မြင်နေရသော မိဘ တစ်ယောက်လို ခံစားရသည်။

ကားမောင်းသည်ဆိုသည်က အန္တရာယ်များသည့်အလုပ်။ နေ့စဉ်နေ့တိုင်း ထိုအန္တရာယ်ရှိသည့်အလုပ် ခိုင်းရမှာ ဘာပြော ပြော စိတ်ပူသည်။

မလုပ်ခိုင်းပြန်တော့လည်း ဖိုးသား အလုပ်လက်မဲ့ ဖြစ် နေဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



"မာင်း . . . "

ရှိုက်ထားသော ပင့်သက်ကို အကြာကြီးမေ့နေပြီးမှ သက်ပြင်းနှင့်အတူ မှုတ်ထုတ်လိုက်၏။

❀ ❀ ❀



## အခန်း - ၄

ပူလို့မှမဆုံးခင်ပင် ဖိုးသား ယာဉ်တိုက်မှုဖြစ်သည်။ တက္ကစီကားတွေ ဘာတွေမောင်းသည့် အခြေအနေရောက်မှ ဖြစ်လာသည် မဟုတ်။ ကားပွဲစားတန်းမှာပင် ကားတစ်စီးကို တက်မောင်းရင်း ဖြစ်သွားခြင်း ဖြစ်သည်။ တိုက်မိတာကလည်း သူ့အမှားမို့ ဘယ်သူ့ထံကမှ လျော်ကြေးမရသည့်အပြင် တိုက်သောကားမှာ အတိုက်ခံရသည့်ကားကိုကော ဖိုးသားက လျော်ဖို့သာ ဖြစ်သည်။

"များတယ် မမ . . . အတိုက်ခံရတဲ့ကားက သုံးသောင်းတောင်းတယ် . . . ကျွန်တော် စက်မောင်းရင်း တိုက်တဲ့ကားက နှစ်သောင်းတောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"များလှချည်လား ဖိုးသားရယ် . . . အဲဒီပိုက်ဆံကို မမ ဘယ်လိုရှာမလဲ"

"ကျွန်တော်လဲ အဲဒါ စိတ်ညစ်နေတာပဲ မမ . . . မလျော် နိုင်ရင် ရဲတိုင်ပြီး ဖမ်းချုပ်မယ်လို့လဲ ပြောနေတယ်"

"အခု မင်း ဘယ်မှာလဲ"

"ပွဲစားတန်းမှာ"

"ဒီလိုလုပ်ပါလားကွာ . . . အဲဒီကားပိုင်ရှင် နှစ်ယောက် စလုံးကို မမဆီ ခေါ်ခဲ့ပါလား . . . မမညှိနှိုင်းပြီး ပြေလည်အောင် လုပ်ပေးလို့ ရအောင်ပေါ့"

"ကျွန်တော် ပြောကြည့်လိုက်မယ် မမ"

ခဏကြာသောအခါ ဖိုးသားထံမှ ဖုန်းထပ်လာသည်။

"မရဘူး မမ . . . ရဲစခန်းမှာပဲ စကားပြောမယ်တဲ့ . . . အဲဒါ မမ လိုက်လာရင် ဗိုလ်တထောင်ရဲစခန်းကိုပဲ လိုက်လာခဲ့ တော့"

"အင်း . . . "

ဖြူနှင်း ရင်မော ပင်ပန်းစွာ သက်ပြင်းချသည်။

ဆိုင်အတွက် ပစ္စည်းဝယ်ရန် အဆင့်သင့်လုပ်ထားသော ပိုက်ဆံလေးနှင့် ကျန်ရှိစုမယ့်စု ပိုက်ဆံများ စုပေါင်းကြည့်လိုက် သောအခါ ငွေတစ်သောင်းလောက်တော့ ထွက်လာသည်။

❀❀❀





"အင် . . . "

စခန်းရောက်သောအခါ တိုက်ထားသော ကားနှစ်စီး၊ ပိုင်ရှင်နှစ်ဘက်နှင့် ဖိုးသားအပြင် လုံးဝ မျှော်လင့်မထားသောသူ တစ်ယောက်ကိုပါ တွေ့သည်။

ဇော်ထက် . . . ။

ဇော်ထက်က ဖြူနှင်းကို မြင်လိုက်သည်နှင့် အသာလျှောက် လာပြီး . . .

"နင်ဘာမှ ဝင်မပြောနဲ့ မိဖြူ . . . ငါဖာသာငါ ကြည့် ရှင်းမယ် . . . ဟိုအအေးဆိုင်လေးမှာ သွားထိုင်စောင့်နေ . . . ဒီမှာ ရှင်းပြီးရင် ငါ လာခဲ့မယ်"

"ဟုတ် . . . ဟုတ်ကဲ့"

ဖြူနှင်းက ဘာမှ မပြောတော့ဘဲ ဇော်ထက် ပြောသည့်လို သာ အအေးဆိုင်လေးမှာ သွားထိုင်နေလိုက်သည်။ နာရီဝက် လောက်တော့ ကြာမည်။ ထို့နောက် ဦးဇော် ကားကြီး မောင်းထွက် လာပြီး ဖြူနှင်းထိုင်နေသည့် အအေးဆိုင်နားတွင် ရပ်သည်။

ကားပေါ်မှ ဖိုးသား ဆင်းလာ၍ ဖြူနှင်းကို ခေါ်သည်။

ဖြူနှင်း အအေးဖိုးရှင်း၍ ကားပေါ် တက်လိုက်လာခဲ့သည်။ ဦးဇော်က ကားမောင်းထွက်ရင်း . . .

"နင် သိပ်ပင်ပန်းတယ် မိဖြူ . . . ဒီကောင် ငါ့ကို ပြော ပြလို့ နင်တို့ဖြစ်နေတာတွေ အားလုံး ငါ သိပြီးပြီ . . . အဲဒါတော့



www.burmeseclassic.com

www.burmeseclassic.com



နင် ငါ့ကိုယုံပါ . . . ဒီကောင့်အတွက် အကောင်းဆုံးဖြစ်အောင် ငါလုပ်ပေးမယ် . . . ဒီကောင့်ကို ငါ့ဆီ ပြန်လွှတ်ပေးလိုက်တော့ . . . ဒီတစ်ခါ ငါလုပ်ပေးတာ သူ့ကြောင့် မဟုတ်ဘူး . . . နင့်ကြောင့် . . . အဲဒီအတွက် နင်လိုချင်တဲ့ပုံစံအတိုင်းဖြစ်အောင် ငါလုပ်ပေးပါ့မယ်"

ဖြူနှင်း ဘာပြောရမှန်းမသိသဖြင့် အသာငြိမ်နေသည်။

ဦးဇော်က ဆက်၍ . . .

"ဘယ်လိုလဲ မိဖြူ . . . အဲဒီကိစ္စ နင် သဘောတူလား"

"မိဖြူ ဘာပြောရမှန်း မသိဘူး ဦးဇော်"

"ဖိုးသား မင်းသဘောကကော"

"မမ သဘောပါ ဦးဇော် . . . မမကိုပဲ မေးပါ"

"ကဲ . . . ဒါဆို မိဖြူပြော"

"ခုန ဦးဇော်ပြောတဲ့ နင်လိုချင်တဲ့ပုံစံအတိုင်းဖြစ်အောင် ဆိုတာ ဘာပြောတာလဲ"

"နင် ငါ့ကို တစ်ခါပြောဖူးတာပဲ . . . ငါ့ထက်သာတဲ့လူ ဖြစ်အောင် လုပ်ပေးမယ်ဆို . . . အဲဒါ နင်လိုချင်တဲ့ပုံစံပဲ မဟုတ်လား"

"မိဖြူ တောင်းပန်ပါတယ် . . . အဲဒီတုန်းက ဒေါသနဲ့မို့ . . ."

"ရှင်းမပြနဲ့ မိဖြူ . . . ငါနားလည်တယ် . . . ဖိုးသား





ကို နင် ဖြစ်စေချင်တဲ့ ဆန္ဒကို ငါသိတယ် . . . စိတ်ချပါ . . . အဲဒီအတိုင်း ဖြစ်အောင် ငါလုပ်ပေးမယ်"

ဦးဇော်က လူတစ်မျိုးဆိုသော ဖိုးသား၏စကားကို အမှတ်ရသည်။

တကယ်လည်း ဦးဇော်စိတ်က နားလည်ရခက်သည်။

သို့သော် တကယ်ပင် ဦးဇော်က သူ့စကားတည်ခဲ့၏။

ခုခါမှာ ဖိုးသားတစ်ယောက် "ကင်း" ဆိုသော အမည်ဖြင့် လျှမ်းလျှမ်းတောက် မင်းသားတစ်ယောက် ဖြစ်လာအောင် ထိုနေ့က ရဲစခန်းထဲက ဆွဲခေါ်ထုတ်လာပြီးနောက် ဦးဇော်ကပင် လုပ်ပေးခဲ့သည် မဟုတ်ပါလား . . . ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၅

အံ့ဩစရာကောင်းသော အခြားထူးဆန်းမှုတစ်ခုကတော့ ဖိုးသားသည် သူ့ဟာနှင့်သူနေတုန်းက ဒီလောက်မသိသာသော် လည်း ဦးဇော်က ပုံစံတစ်မျိုးဖြင့် မြင်ဆင်မှုမီးမံလိုက်သောအခါ ဖိုးသား ဒီဂိုင်းက ဦးဇော်နှင့် ခပ်ဆင်ဆင်တူသွားခြင်းပင်။

ဒီအချက်ကလည်း ဖိုးသား၏ အနာဂါတ်ကို အများကြီး လှုပစေခဲ့သည်။

ပထမတစ်နှစ်လောက်မှာ ဦးဇော်က ဖိုးသားကို ပရိသတ် ရှေ့ လုံးဝထုတ်မပေးသေး။ ရိုက်ကွင်းတိုင်းမှာ သူ့နားမှာ အမြဲ မြည့်ရှိစေပြီး သူ့အမူအရာ၊ သူ့အပြောအဆို၊ သူ့ထွင်လုံးများကို





သတိထားအကဲခတ်စေခဲ့သည်။

ရိုက်ကွင်းနားချိန်များမှာလည်း ဇာတ်ညွှန်း၊ ရိုက်ညွှန်းများကို ဖတ်ခိုင်းပြီး အဲဒီနေရာမျိုးမှာ သူ ဘယ်လိုလုပ်မလဲဆိုတာ မှန်းဆခိုင်းသည်။

တစ်ခါတစ်ရံ ဖိုးသားကို လုပ်ပြခိုင်းသည်။

သူ ကြိုက်လျှင် ကြိုက်သည်ဟုပြောပြီး၊ မကြိုက်လျှင် ဘာကြောင့် မကြိုက်သည်ကို သည်လိုရိုက်ကွင်းမှာ သူတကယ်လုပ်သော အမူအရာနှင့် နှိုင်းယှဉ်ပြသည်။

နောက်ပိုင်းကျတော့ အခန်းတစ်ခန်းရိုက်တော့မည်ဆိုလျှင် ဖိုးသားကို ရှေ့ကနေ ရီဟာဇယ် (အစမ်းလေ့ကျင့်ခြင်း) ဝင်လုပ်ခိုင်းသည်။

လူစုံ၊ မီးစုံ၊ ကင်မရာအစုံဖြင့် နောက်ဆုံးဖိုင်နယ် ရီဟာဇယ်အထိ ဖိုးသားကိုပဲ လွှတ်ပေးသည်။ ရီဟာဇယ် စိတ်ကြိုက်ဖြစ်မှ သူကိုယ်တိုင် ဝင်ရိုက်သည်။

သို့အတွက် တစ်နှစ်ကျော်ကျော်လောက်မှာ ဖိုးသားတစ်ယောက် မီးကော၊ ကင်မရာကော၊ တွဲဖက်၍ သရုပ်ဆောင်ရသည့် သူများနှင့်ကော အားလုံးရင်းနှီးသွားသည်။

အားလုံးကလည်း ဖိုးသားကို ဦးဇော်အသေးစားလေး အဖြစ်လက်ခံလာကြသည်။

ထိုအချိန်ကျမှ ဦးဇော်က ဇာတ်ကွက်အလိုက် လိုအပ်လာ



www.burmeseclassic.com

www.burmeseclassic.com



သော သူညီ၊ သူသား၊ သူငယ်စဉ်ဘဝ စသော အခန်းများတွင် ဖိုးသားကို ထည့်သုံးပြီး ပရိသတ်ရှေ့ စလွှတ်ပေးသည်။

ထိုစဉ်က "ကင်း" ဆိုသော နာမည်ကို မသုံးသေး။ တခြား နာမည်တစ်ခုဖြင့် မထင်မရှား၊ မထင်မရှား၊ ထည့်ထည့်သုံးသည်။

နှစ်နှစ်လောက်ကြာသောအခါမှာ ဦးဇော်က ဖြူနှင်းကိုပါ ခေါ်၍ . . .

"ကဲ . . . မိဖြူ . . . ငါကတိအတိုင်း ခုတစ်ကားကနေစပြီး ဖိုးသားကို မင်းသားစတင်တော့မယ် . . . အဲဒီအတွက် ငါ နာမည်တစ်လုံး ရွေးထားကယ် . . . နင်ကြိုက်ရင် အတည်ပြုပြီး အလုပ်စတော့မယ်"

"ဟာ . . . ဦးဇော်ကလဲ မိဖြူမှ အဲဒါတွေ နားမလည်တာ . . . ဦးဇော် ကောင်းမယ်ထင်သလို လုပ်ပါ"

"မဟုတ်ဘူး . . . ငါ အစကတည်းက ပြောပြီးသား . . . ဒီကိစ္စ ငါ နင့်ကို လုပ်ပေးတာလို့ . . . အဲဒီတော့ ခုချိန်ကစပြီး တော့ ဒီကောင့်ကို နင့်လက်ထဲ ပြန်အပ်တော့မှာ . . . ဒါကြောင့် နာမည်ကစပြီး နင့်စိတ်ကြိုက်မဟုတ်ရင် ငါ မလုပ်ဘူး"

"ဦးဇော်က ဘယ်နာမည် ရွေးထားလို့လဲ"

"'ကင်း' လို့ **King** ဆိုတာ သိတယ်နော် . . . ဘုရင်ကို ပြောတာ . . . နေရာတစ်ခုခုမှာထိပ်ဆုံးကလူဟာ 'ကင်း' ပဲ . . . ငါ အဲဒီနာမည် ရွေးထားတယ်"





"ကြိုက်တယ် ဦးဇော် . . . အရမ်းကောင်းတဲ့ နာမည်ပဲ"

"အေး အဲဒါဆို ခုရိုက်မယ့် ကားအတွက် မင်းသားခ . . . လက်ခံရရှိကြောင်း စာချုပ်မှာ နင် လက်မှတ်ထိုး . . . ဒါက သူ့အတွက် ဇာတ်ညွှန်းမိတ္တူ . . . မနက်ဖြန် ကားစရိုက်မယ် . . . လိုအပ်တာတွေ နင်အကုန် သူ့ကို စီစဉ်ပေးလိုက်တော့"

ထိုအချိန်ကစပြီး ဖိုးသား "ကင်း" စ,ဖြစ်သည်။

"ကင်း" ဟု စ,ဖြစ်ချိန်ကတည်းက မင်းသား၏ အုပ်ထိန်းသူကော၊ မန်နေဂျာကော၊ နောက်လိုက်ကော၊ မိတ်ကပ်ကော၊ အဝတ်အစားကော ဖြူနှင်းပဲ တာဝန်ယူခဲ့၏။

❀ ❀ ❀

ဖြစ်ချင်တော့ "ကင်း" သည် ထိုပထမကားမှာပင် ပရိသတ်၏ လက်ခံမှုကို ရသည်။

ပရိသတ် အားလုံးကလည်း ထိတ်ထိတ်ကြဲ မင်းသား ဇော်ထက်၏ ကိုယ်ပွားတစ်ယောက်အဖြစ် အရမ်းစိတ်ဝင်စားသွားသည်။ အထူးသဖြင့် ထို ရှေ့ပိုင်းကားများ အားလုံးလိုလိုမှာ ခေါင်းဆောင် မင်းသားက ဇော်ထက်၊ "ကင်း" က ဇော်ထက်နှင့် အပြိုင် သရုပ်ဆောင်ရသော ညီ၊ သား ဇာတ်လမ်းများဖြစ်ရာ ထင်တာထက်ပိုစောပြီး အောင်မြင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းမှာ အခြားကုမ္ပဏီ ဒါရိုက်တာများကနေ ခေါင်းဆောင်နေရာကိုငှားပြီး (ဇော်ထက်အစား) ရိုက်သည်။

သည့်နောက်ပိုင်းကျတော့ "ကင်း" က "ကင်း" သတ်သတ် ဖြစ်လာသည်။

ခုခါမှာတော့ ကင်းသည် အသက်ငါးဆယ်ကျော်ပြီဖြစ်သော ဇော်ထက် ထက်ပင် ပို၍ အောင်မြင်နေပြီဟု ပြော၍ရနေပြီ ဖြစ်၏။



## အခန်း - ၆

ထိုအချိန်မှာ ကင်းသည်လည်း ပထမအကြိမ် မင်းသမီး မိုးနန္ဒာ၊ ယခုဒုတိယအကြိမ်မှာ အပြင်က အရပ်သူ "မကြည်ပြာ" တို့နှင့် နှစ်ကြိမ်တိုင်တိုင် လူသိရှင်ကြား ဟိုးလေးတကြော် အရှုပ်တော်ပုံ ပြုလုပ်နေပြီဖြစ်၏။

မိုးနန္ဒာ ကိစ္စတုန်းက ကြားစမှာ ဖြန့်နှင်း ယုံတောင်မယုံ။

"ကင်း" ဟု ဖြစ်လာပြီး နှစ်နှစ်ကျော်သက်တမ်းမှာ ထိုကိစ္စ မျိုးနှင့်မပတ်သက်၍ ဖိုးသား ဘာအသံမှမထွက်။

ရိုက်ကွင်း ကင်မရာရှေ့ရောက်မှသာ လှုပ်ရှားသွက်လက် လာသော်လည်း အပြင်မှာ ဖိုးသားအနေအထိုင်က အေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှိုးသည်တုပင် လောကသားအချင်းချင်း အမှန်းတင်ထားရသည့် မင်းသား။

ထိုအချိန်က ရိုက်ကွင်းတော်တော်များကို ဖြူနှင်းကလည်း လိုက်ဖြစ်သည်။ ရိုက်ကွင်းကိစ္စမှာ တာဝန်ကျေခဲ့ပြီးလျှင် ဖိုးသား ဘယ်မှမသွား၊ ဘယ်သူနှင့်မှလည်း စကားမပြောပဲ ဖြူနှင်းနားမှာပဲ အရုပ်လေးတစ်ရုပ်လို ထိုင်နေသည်။

စားစရာသောက်စရာကအစ ဖြူနှင်းလုပ်ပေးမှ၊ ဘာတစ်ခုမှ ဇီဇာမကြောင်တတ်သလို ဘာတစ်ခုမှလည်း ကဂျီကဂျောင်မရှိ။

အလုပ်နှင့် ပတ်သက်လာလျှင် ရှိသေမှုကလည်း လူတိုင်း ချီးမွမ်းရသည်။ ရိုက်ကွင်း ခုနစ်နာရီဆိုလျှင် ဘယ်သူရောက်ရောက် မရောက်ရောက် ဖိုးသား ရောက်နှင့်နေပြီ။

ဒါရိုက်တာက ဒါလုပ်ဒါလုပ်ဆိုလျှင်လည်း အပိုမပြော။ ဟုတ်ကဲ့ဆိုပြီး ခေါင်းညိတ်ကာ ကိုယ့်အလုပ်ကိုယ် သေသေသပ်သပ် လုပ်ပေးသည်။

သို့အတွက်ပဲ အောင်မြင်မှုတွေကလည်း သူမတူအောင် ရခဲ့တာဖြစ်နိုင်သည်။ ရုပ်ရှင်၊ ဗီဒီယိုရိုက်ရက်များက တစ်နှစ်စာ အပြည့်၊ တစ်နှစ်မှာ သုံးရာခြောက်ဆယ့်ငါးရက် ရှိသည့်အနက် တချို့ရက်မှာ မနက်၊ ည ရိုက်ကွင်းနှစ်ချိန်ယူထားသဖြင့် ရက်ချိန်းက လေးငါးရာလောက် ဖြစ်နေသည်။

သည်မှာ ငွေကြေးပြဿနာတွေ ဝင်လာသည်။





အနုပညာသမား တစ်ယောက် အောင်မြင်မှုနောက်ကွယ် မှနေလိုက်ပါလာသော ငွေကြေးပမာဏတ ကြီးမားသည်။

ထိုငွေကြေးများကို ဒိုင်ခံ လက်ခံနေရသူက ဖြူနှင်း၊ မင်းသားရိုက်ရက် လိုချင်သူများကလည်း ဖြူနှင်းကို ချဉ်းကပ်သည်။ ရိုက်ရက်လိုချင်မှန်းသိ၍ တစ်စတစ်စပိုတောင်းသော ငွေကြေးများ ကိုလည်း နောက်ကနေ အင်နှင့်အားနှင့် လိုက်ပေးသည်။

သို့အတွက် နောက်ပိုင်းမှာ ဖြူနှင်း ရိုက်ကွင်းများကိုပင် သိပ်မလိုက်နိုင်တော့ပဲ အိမ်မှာပဲနေ၍ ရှုတင်ဇယားချပေးသည်။ ကားရိုက်လက်ခံသည်။ သည့်အပြင် ဖိုးသားရိုက်ရမည့် ဇာတ်ညွှန်း များကိုလည်း ဒိုင်ခံဖတ်ပေးသည်။ ဇာတ်အရ မရိုက်သင့်ဟုထင်လျှင် လည်း ဖြူနှင်းကပဲ ငြင်းသည်။ ဖိုးသားအတွက်လိုအပ်သော အဝတ် အစားကိုလည်း နိုင်ငံခြားမှ Costume ဒါရိုက်တာ တစ်ယောက် ထား၍ ရွေးသလို ဖြူနှင်းက ဒိုင်ခံရွေးပေးသည်။

တကယ့်ကို နှစ်ယောက်လုံး မအားရ။

ငွေကြေးများ အထပ်အထည်ပိုက်မိပြန်တော့လည်း ထိုငွေ ကြေးများကို သုံးစွဲရေးကိစ္စ စီမံခန့်ခွဲရပြန်သည်။

ငွေရရချင်း ပထမဆုံး ဖြူနှင်း စီမံပေးခဲ့သည်က ဖိုးသား စီးဖို့ ကားတစ်စီးမင်း။ သည့်နောက်ပိုင်းကျတော့ နေဖို့အိမ်တစ်လုံး ရှာရသည်။ အိမ်အဆင်ပြေသွားတော့ နောက်ထပ်ကားတစ်စီး တယ်လီဖုန်း ဆယ်လူလာ. . . စသည်ဖြင့် တစ်ခုပြီးတစ်ခု အဆင်



www.burmeseclassic.com

www.burmeseclassic.com



မိုပြေသထက်ပြေအောင် ဖြူနှင်း စီစဉ်ပေးသည်။

ခုကျတော့ လိုအပ်တာထက် ပိုနေ၍ပင် မြေကွက်များ၊ တိုက်ခန်းများ စသဖြင့် နောင်ရေးအတွက် စုမိဆောင်းမိအောင် အပိုပစ္စည်းများ ဝယ်ထားနေရပြီ။

သည်တစ်ကြောမှာ ဖိုးသားကို မျက်ခြေပြတ်သွားခြင်း ဖြစ်သည်။ မိုးနန္ဒာနှင့်ပတ်သက်၍ ဖြူနှင်းကြားရချိန်မှာတော့ ခရီးက အတော်လွန်နေပြီဖြစ်၏။

❀❀❀

"အံ့ဩဖို့ကောင်းလိုက်တာ ဖိုးသားရယ် . . . မင်းတကယ် ပဲ အဲဒီလိုလုပ်ခဲ့တယ်ဆိုတာ ငါ ဘယ်လိုယုံရမလဲ . . . ဒါပေမယ့် မင်းက တကယ်လုပ်ခဲ့တယ်နော်"

အဖြစ်အပျက်အားလုံးကို စေ့စေ့အောင် ထောက်လှမ်းလိုက် သည့်အခါ မယုံလို့မရတော့အောင် တကယ်ဖြစ်နေမှန်း သိလိုက် ရသည်။

ဖြူနှင်း အံ့ဩခြင်းကြီးစွာနှင့်အတူ တုန်လှုပ်ချောက်ချား သွားသည်။ တစ်ခါမှ ဒါမျိုးကြုံရလိမ့်မည် မထင်ထားပဲ အငိုက်မိ သွားသည်မို့ ဘာကစ၍ ဘာလုပ်ရမည်မှန်းလည်းမသိ။

ဖိုးသား ပြန်လာသည့်အထိပင် မစောင့်ဆိုင်းနိုင်တော့ဘဲ





ရိုက်ကွင်းထဲရှိရာ လိုက်သွား၍ ဖိုးသားကို ထုထောင်းရိုက်နှက် မေးမြန်းတော့သည်။

ဖိုးသားက မလှုပ်။

ဟုတ်သည်လည်း မပြော၊ မဟုတ်ဘူးလည်း မပြောဘဲ ရေငုံနှုတ်ပိတ်နေသည်။

"ပြောလေ . . . ဖိုးသား . . . မင်း . . . အဲဒါ ဘာ လုပ်တာလဲဆိုတာ မပြောလို့ဖြစ်မလား . . . ဘာအတွက် မင်းဒီ လိုလုပ်တာလဲ . . . မင်း ငါနဲ့ မပေါင်းချင်တော့လို့လား . . . ဒါမှမဟုတ် အတွေ့အထိများပြီး သာယာသွားတာလား . . . ဒါမှ မဟုတ်ရင် နောက်တစ်ယောက် ထပ်ယူချင်တာလား"

မဖြေ။

ဖိုးသားက တုတ်တုတ်မှ မလှုပ်သလို၊ တစ်ခွန်းမှလည်း ပြန်မဖြေ။

ကြာတော့ ဖြူနှင်း ဒေါသတွေ ထွက်လာသည်။

"မင်း . . . မဖြေလို့မရဘူး ဖိုးသား . . . မင်းတစ်ခုခု ပြော . . . အဲဒါ ဘာဖြစ်တယ်ဆိုတာ တိတိကျကျသိချင်တယ်"

ဘယ်လိုမှ မေးလို့မရ။

နောက်ဆုံး ဒါရိုက်တာနှင့် ပရိုဂျူဆာတို့ကို တောင်းပန်ပြီး ရိုက်ကွင်းရပ်၍ အိမ်ပြန်ခေါ်လာခဲ့သည်။

အိမ်ရောက်တော့လည်း တေမိ။



www.burmeseclassic.com

www.burmeseclassic.com



ဖြူနှင်းမေးသမျှ ဘာမှပြန်မဖြေပဲ ငူငူတွေတွေကြီး ထိုင်နေသည်။

ထိုညက နှစ်ယောက်စလုံး တစ်ရေးမှ မအိပ်ရ။

ဖြူနှင်းက တစ်ညလုံးသောင်းကျန်းသလို ဖိုးသားကလည်း သည်အတိုင်းပဲ ငုတ်တုတ်ထိုင်နေသည်။

နောက်တစ်နေ့ မနက်မိုးလင်းမှ ဖိုးသား စကားတစ်ခွန်း ပြောသည်။

"မမ . . . ကျွန်တော့်ကို ဒီနေ့ ကားရိုက်ဖျက်ပေးပါ . . . ကျွန်တော် အရမ်းအိပ်ချင်နေပြီ"

ဒါပဲဖြစ်၏။

၀၀၀



## အခန်း - ၇

"ဖိုးသားနဲ့မမိုးကိစ္စ ဖြူနှင်း သိသွားတယ် . . . အဲဒီနေ့က ရှူတင်လိုက်ပြီး ပြဿနာရှာလို့ ရှူတင်ပျက်သွားတယ် . . . နောက်နေ့လဲ ဖိုးသား ရှူတင်တွေ ဖျက်ပစ်တယ် . . . ပြဿနာတော့ အကြီးအကျယ်တက်နေပြီ"

ဆိုသောစကားက ရိုက်ကွင်းရှိလူများမှတစ်ဆင့် ရုပ်ရှင်လောကမှာ ပျံ့နှံ့သွားသည်။

နောက်တစ်နေ့ နေ့လည်ကစပြီး ဖြူနှင်းဆီ ဖုန်းတွေ တဂွမ်ဂွမ် ဝင်လာ၏။

"မမ . . . မနေ့က သတင်းကြားတယ် . . . စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူး . . . ဒါပေမယ့် သိပ်လဲ ပြဿနာမဖြစ်ပါနဲ့ . . . ဒီလောကမှာ ဒါမျိုးကအဆန်းမှ မဟုတ်တာ . . . နောက်တော့လဲ သူ့ဟာနဲ့သူ ပြီးသွားလိမ့်မှာပေါ့ . . . မမသာ စိတ်ဆိုးမာန်ဆိုးနဲ့ ထင်ရာလုပ်မပစ်နဲ့ . . . ခုချိန်မှာ မမက အရမ်း ပြဿနာရှာရင် ဟိုဘက်က ပျော်သွားလိမ့်မယ်"

ဆိုတာတွေလည်းပါသည်။

"ဖြူနှင်း . . . ခုချိန်မှာ စိတ်ကို အေးအေးထားနော် . . . ပြဿနာကို ခေါင်းအေးအေးနဲ့ရှင်း . . . ဘာမှမပူနဲ့ အားလုံး ဖြူနှင်းဘက်မှာရှိတယ် . . . အေးတို့က ဟိုကောင်မကို ကြည့်ရတာ မဟုတ်ဘူး"

"မိုးနန္ဒာဆိုတဲ့ ကောင်မလက်ထဲတော့ ကင်းကို မပါစေနဲ့နော် မမ . . . မမ ကင်းကို လုံးဝကျွာမပေးနဲ့ . . . လောလော ဆယ်မှာ ဖြစ်ချင်တာဖြစ်ပါစေ . . . မမ ကင်းကိုသာ ရအောင် ထိမ်းထား"

စသဖြင့် . . . စသဖြင့် ဘာတွေမှန်းမသိ စုံနေသည်။

သည်ကြားထဲ မနက်ဖြန် ရိုက်ကွင်းမဖျက်ဖို့ ကားပြီးခါနီးနေပြီမို့ ကားလေးကို လက်စပြတ်အောင် ရိုက်ပေးဖို့ဆိုသည့် စီးပွားရေးသမားတွေလည်းပါသည်။

ဘာပဲပြောပြော . . . အဖြေကတော့ သည်ကိစ္စ အတော်ရှုပ်နွှသွားပြီး လူသိကုန်ပြီ ဆိုခြင်းပင်။





ထိုအချိန်မှာ ဖိုးသားဆိုသော မင်းသား "ကင်း" ကတော့ ဘယ်သူကိုမှ ဂရုမစိုက်စွာပင် ကောင်းကောင်း အိပ်မောကျနေသည်။

ခုချိန်ထိကတော့ ဖိုးသားသည် သူ့လက်ထဲမှာပဲ ရှိသေးသည်။ ဒီအတိုင်းဆို ဘယ်အချိန်မှာ သူ့ကို လက်လွှတ်လိုက်ရတော့မှာလဲ။

ဖိုးသား၏ ရည်ရွယ်ချက်ကကော ဘာလဲ။

သူကကော ဖိုးသားကိစ္စအပေါ် ဘယ်လိုတုံ့ပြန်မှာလဲ။

အိပ်နေသော ဖိုးသားကို ကြည့်ပြီး ခေါင်းထဲမှာ မေးခွန်းတွေ ပေါ်လာပြန်သည်။

မှန်တာပြောရလျှင် ထိုမေးခွန်းတွေ၏ အဖြေကို ခုထိ ပါစ်ခုမှ မသိရသေး။

ဖိုးသားကို နှိုးပြီးမေးလိုက်ရကောင်းမလား စဉ်းစားသည်။

ထို့ထက် ဘာထူးမည်နည်း။ မနေ့ကညနေက တစ်နေ့လုံး မေးပြီးပြီ ဘာတစ်ခုမှ မေး၍မရ။ နောက်ဆုံး ဖြူနှင်းစိတ်တိုလို့ ရိုက်သတ်လိုက်လျှင်တောင် သေသွားတာပဲရှိမည်။ ဖိုးသားပုံစံက ဖြေမည့်ပုံစံမရှိ။

သည်တိုင်းဆို ဖုန်းထဲက တစ်ယောက်ပြောသလို ဒီကိစ္စကို ခေါင်းအေးအေးနှင့်ပဲ ဖြေရှင်းရမည်။ စိတ်ရှည်ရှည်နှင့် ကိုယ်သိချင်သောကိစ္စကို သိအောင်လုပ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



လတ်တလော အခြေအနေမှာ သူ့ဟာသူ ရှုပ်တာကရှုပ်တာပဲ ရှိသည်၊ ကိုယ့်ကို ဘာမှပြဿနာရှာသေး။

သို့သော် ဘာပဲဖြစ်ဖြစ် ဒါတွေကြုံလာရတာ ေတော့ အရမ်းဝမ်းနည်းဖို့ကောင်းသည်။ ကိုယ့်အပေါ် သူရက်စက်နိုင်သည် ဆိုသောခံစားချက်ကလည်း ယူကျုံးမရများစွာ ဖြစ်စေသည်။

"အင်းလေ . . . သူတို့ ရုပ်ရှင်ထဲကလိုပဲ မီးစင်ကြည့်က ရတော့မှာပေါ့" ဟု တွေးလိုက်သည်။

❀ ❀ ❀

ညနေစောင်းကျမှ ဖိုးသားနိုးလာသည်။

နိုးလာတော့လည်း သူ့ဟာသူ ဘာမှ ဖြစ်မနေသလိုပင် မျက်နှာသစ်၊ ရေမိုးချိုးပြီး ထမင်းစားသည်။

ဖြူနှင်းတောက်လျှောက် ဘာမှမပြော။ အသာ အရိပ်အခြေကိုသာ ကြည့်နေသည်။

စားသောက်ပြီးတော့ ပုဂ္ဂိုလ်က ဧည့်ခန်းက တီဗီရှေ့မှာ ထိုင်သည်။ ပြီးတော့ ရုပ်မြင်သံကြား အစီအစဉ်ထဲက ကာတွန်းကားကြည့်၍ ရယ်များပင် ရယ်နေလိုက်သေး၏။

ထိုစဉ် တယ်လီဖုန်းလာ၍ ကောက်ကိုင်လိုက်သောအခါ ရိုက်တာ ကိုအောင်ငွေဦး။





"မမ . . . အခြေအနေ ကောင်းသွားပြီလား"

"ဒီလိုပါပဲ . . . ကိုအောင်ငွေဦး သူနဲ့ပြောမလား"

"မပြောတော့ဘူး မမနဲ့ပဲပြောမယ် . . . မမ ဒီလို . . ."

"အင်း . . . ပြော"

"မမက အခု သူ့ကို ရိုက်ကွင်းမလွှတ်ပဲ ထားထားတယ်ဆို . . ."

"အင်း"

"အဲလို မလုပ်နဲ့မမ . . . ဒီကောင့်အကြောင်း ကျွန်တော်သိတယ် . . . မမ အဲလိုလုပ်ထားလဲ ဒီကောင်က အိမ်မှာ ငြိမ်နေပြီး ငြိမ်နေမှာပဲ မမ . . . ဒီကောင့်ကို အလုပ်ပြန်လုပ်ခိုင်း"

"ရှင့် လူက ကျွန်မ ဘာမှမေးလို့ မရဘူး"

"အဲဒါတွေ ပူမနေနဲ့ မမ . . . ဒီကောင်ဘာဖြစ်တယ်ဆိုတာကို ကျွန်တော် မမကို ပြောပြလို့ ရပါတယ်"

"ဘာဖြစ်တာလဲ"

"ဒီကောင် အရူးထတာ . . . အဲလိုလုပ်ရင် ဘာဖြစ်မယ်ဆိုတာကို ဒီကောင် သိပ်သိချင်နေတယ် . . . အဲဒါကို မမက သိပ်ထူးထူးခြားခြားမြဲရင် ဒီကောင် ကျေနပ်ပြီး ပျော်နေလိမ့်မယ် . . . ဘာမှ မဖြစ်သလိုနေလိုက်မှ ဒီကောင် အဲဒီကိစ္စ စိတ်မဝင်စားတော့ဘဲ အရှိန်ကျသွားမှာ"

"ကိုအောင်ငွေဦး ပြောတာ ကျွန်မ နားမလည်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ဒီလိုလုပ် မမရာ . . . ဒီည ဒီကောင့်ကို ကျွန်တော့်ပေးရိုက် . . . ကျွန်တော် နိုက်ဆင်းတစ်ခုတည်လိုက်မယ် . . . ဘယ်သူမှမပါဘူး . . . သူတစ်ယောက်တည်းပဲ . . . အဲဒီကို မမလိုက်ခဲ့"

"ဖြစ်ပါ့မလား"

"ဟာ ဘာမဖြစ်စရာရှိလဲ မမရဲ့ . . . မမအနားမှာရှိနေတာပဲ"

"ကောင်းပြီလေ . . . ရှုတင်က ဘယ်မှာလဲ"

"ခဏနေ ကျွန်တော် ဖုန်းပြန်ဆက်မယ် . . . တည်ပြီးသား မဟုတ်သေးဘူး . . . အခုမှ တည်ဖို့ စီစဉ်ရမှာ"

"အင်း . . . အင်း . . . ဒါဆို ဒါပဲနော်"

"ဟုတ်ကဲ့"

ဖိုးသားနှင့်ပတ်သက်၍ ပထမဆုံးရသော သဲလွန်စ စကားမှာ ဒါပဲဖြစ်သည်။

ရေရေရာရာတော့ မဟုတ်သေး။

"ဒီလိုလုပ်ရင် ဘာဖြစ်မလဲ ဒီကောင် သိချင်နေတာ" ဆိုသော စကားတစ်ခုသာဖြစ်၏။

❀❀❀



## အခန်း - ၈

"သူပြောတဲ့အတိုင်း ပြန်ပြောပြရင် မမ စိတ်ညစ်သွားမယ် . . . ကျွန်တော် ပြောတာပဲ နားထောင်ပါ . . . ဒီကိစ္စ ဘာမှမဟုတ်ဘူး မမ"

ထိုညက ကိုအောင်ငွေဦးပြောသည့်အတိုင်း ညဘက်ရှုတင်ကို ရိုက်ခိုင်းလိုက်သည်။ ဖြူနှင်းကိုယ်တိုင်လည်း ဖိုးသားနှင့် လိုက်လာခဲ့သည်။

သည်ရောက်တော့လည်း ကိုအောင်ငွေဦး ပြောသလိုပင် ဖိုးသား သူ့အလုပ်သူလုပ်သည်။ ဘာစကားတစ်ခွန်းမှ အပိုမပြော၊ တစ်ခုခု ကြံစည်ကြိုးစားမည့် အမူအရာမျိုးလည်း မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ရေခဲတိုက်ထဲမှာ ပန်ကာဖွင့်ပြီး ယပ်ခပ်၊ အအေးသောက်နေသည့် ပုံစံမျိုးဖြင့် ခပ်အေးအေးပဲ ရှိသည်။

ဒုတိယအခန်းကို ရိုက်နေဆဲတန်းလန်းမှာ ကိုအောင်ငွေဦးက သူ့လက်ထောက် ဒါရိုက်တာနှင့် ထားခဲ့ပြီး ဖြူနှင်း ဆီလာသည်။

ပြီးတော့ စောစောကစကားက ပြောသည်။ ဖြူနှင်း နည်းနည်းစိတ်တိုမိတာတော့အမှန်။

"မဟုတ်ဘူး ကိုအောင်ငွေဦး . . . ရှင်တို့ အဲလို ပေါ့ပေါ့ မပြောနဲ့ . . . ဘာဖြစ်လို့ ဒီကိစ္စက ဘာမှမဟုတ်ရမှာလဲ . . . ဒီကိစ္စက ကျွန်မဘဝမှာ အကြီးကျယ်ဆုံးပြဿနာ . . . ဒါ . . . အိမ်ထောင်တစ်ခုလုံး ပြိုကွဲသွားနိုင်တဲ့ကိစ္စ . . . ခုလည်း ကျွန်မသိချင်တာ တစ်ခုရှိလို့ စောင့်နေတာ . . . ဘာလုပ်ရမယ် ဆိုတာ ဆုံးဖြတ်ရသေးတာ မဟုတ်ဘူး . . . ပြဿနာတွေ အများကြီး ဖြစ်လာနိုင်တယ်"

ကိုအောင်ငွေဦးက ဖြူနှင်းစကားများကို ဆုံးအောင် နားထောင်ရင်း ခေါင်းညိတ်သည်။

"ကျွန်တော် သဘောပေါက်ပါတယ် မမ . . . အခု ကျွန်တော် ပြောနေတာကလဲ မမတို့ကိစ္စကို ပေါ့ပျက်ပျက်ဖြစ်သွားအောင် တမင်လုပ်နေတာ မဟုတ်ဘူး . . . မမတို့ အဲဒီလိုပြဿနာဖြစ်မှာစိုးလို့ အခြေအနေအမှန်ကို ရှင်းပြနေတာ"

"ဘာအခြေအနေအမှန်လဲ . . . ခုထက်ထိ အဲဒီအခြေ





အနေမှန် ဆိုတာကို ကျွန်မ ဘာမှမသိရသေးဘူး"

"ဟာင်း . . . "

ကိုအောင်ငွေဦးက သက်ပြင်းချသည်။ ပြီးမှ . . .

"အဲဒီ အခြေအနေမှန် ဆိုတာက ကျွန်တော်ပြောတဲ့အတိုင်းပဲ မမ . . . ဘာမှ မဟုတ်ဘူး . . . ဒီကောင် အရူးထတာ"

"ဘယ်လို အရူးထတာလဲ"

"ကျွန်တော် မေးပြီးပြီ မမ . . . ဘာဖြစ်လို့ မင်းမိုးနန္ဒာနဲ့ သွားပတ်သက်ရတာလဲ . . . လို့ . . . ကျွန်တော် စိတ်ဝင်စားလို့ မေးကြည့်တာပါ . . . မမသိတဲ့အတိုင်း မိုးနန္ဒာဆိုတာ သူမျက်စိ ရှေ့မှာတင် မင်းသားတိုးဇော်နဲ့ အကြီးအကျယ်ဖြစ်ခဲ့တာ သူမြင် . . . သူတွေ့နေတာပဲ"

"အင်း . . . "

"အဲဒီတော့ ဖိုးသားက ဘာပြန်ပြောတယ်မှတ်လဲ"

"ဘာတဲ့လဲ"

"ပျင်းလို့တဲ့ . . . လူ့ဘဝထဲမှာ သူ နေရထိုင်ရတာ အရမ်းပျင်းစရာကောင်းတာပဲ . . . တဲ့ . . . တစ်ခုခု စိတ်ဝင်စားစရာဖြစ်လာမလားဆိုပြီး လုပ်ကြည့်တာ . . . တဲ့"

"လုံးဝ အဓိပ္ပါယ်မရှိဘူး . . . ကိုအောင်ငွေဦး"

"မဟုတ်ဘူး မမ . . . သာမန်အားဖြင့် တွေးရင်တော့



www.burmeseclassic.com

www.burmeseclassic.com



မမပြောသလိုဘဲ အဓိပ္ပါယ်မရှိဘူး ထင်ရတာပဲ . . . ဒါပေမယ့် ကျွန်တော့်အမြင်နဲ့ပြောရရင်တော့ သူ ဒီလိုပဲခံစားပြီး လုပ်လိုက်တာအမှန်ပဲလို့ ကျွန်တော် ယူတယ်"

"ဘာဖြစ်လို့လဲ"

"သူနေရာက စဉ်းစားကြည့်တော့ . . . သူပြောသလိုပဲ ဘဝက ပျင်းစရာကောင်းနေတာပဲ . . . မမ စဉ်းစားကြည့် . . . လယ်ဖြစ်လာတဲ့ အချိန်ကစပြီး ခုချိန်ထိ မမဆွဲပေးထားတဲ့ အချိန်ဇယားထဲမှာ အချိန်ကိုက် လှုပ်ရှားပေးနေရတယ် . . . နောက်ထပ်လဲ အဲဒီအတိုင်း ပုံစံတူရေးဆွဲထားတဲ့ဇယားထဲမှာ နှစ်နဲ့ချီပြီး လှုပ်ရှားနေရဦးမယ် . . . သူ့ဘဝရဲ့ အောင်မြင်မှုအရသာဆိုတာ ဘာလဲ . . . မနက်ကားရိုက် . . . ညကားရိုက်ဆိုတဲ့ ပုံစံဇယားထဲမှာ လှုပ်ရှားပေးနေရတာချည်း ဖြစ်မနေဘူးလား"

"အဲဒါ အလုပ်လုပ်တာပဲလေ ကိုအောင်ငွေဦး . . . လူဆိုတာ အဲလိုပဲ ဘာမှမထူးဆန်းတဲ့ ပုံသေဇယားထဲမှာပဲ နေ့တစ်ရာ လှုပ်ရှားနေကြရတာပဲ မဟုတ်ဘူးလား . . . သူက ဘဝမှာ ဘာတွေ များများ ထူးထူးဆန်းဆန်း ဖြစ်ချင်သေးလို့လဲ"

"အဲဒါတော့ ကျွန်တော်လဲ မသိဘူး မမ . . . ကျွန်တော် ပြောပြတာက သူဘာဖြစ်နေတာလဲဆိုတာ မမသိချင်တယ်ဆိုလို့ ရှင်းပြတာ . . . မမနဲ့ကျွန်တော် အယူအဆ တစ်ခုကို ငြင်းခုံဖို့ မဟုတ်ဘူး"





"မဟုတ်ပါဘူး . . . ကျွန်မကလဲ ရှင့်လူ အဓိပ္ပာယ်မရှိတဲ့စကားပြောလို့ . . . အဓိပ္ပာယ် မရှိဘူးလို့ ရှင်းပြတာပါ"

ကိုအောင်ငွေဦးက ရယ်သည်။

"အင်းလေ . . . ဒါကြောင့်လဲ အစကတည်းက သူ အရူးထတာပါ လို့ ကျွန်တော် ပြောတာပေါ့ . . . လူဆိုတာ ပြည့်စုံကြွယ်ဝလာပြီး ဘာမှ လုပ်စရာမရှိတော့တဲ့အခါ အဲလိုပဲ အရူးထတတ်တာပဲ . . . အဲဒါကို မမက ဘယ်လို ပြုပြင်ထိန်းသိမ်းမလဲဆိုတာပဲ စဉ်းစားပေါ့"

"ဘယ်လိုမှ စဉ်းစားစရာမလိုဘူး ကိုအောင်ငွေဦး . . . အလကားနေရင်း အဲလို လျှောက်အရူးထချင်တဲ့လူမျိုးကို ကျွန်မ ခွင့်လွှတ်သည်းခံပြီး ပြုပြင်ထိန်းသိမ်းစရာလည်း မလိုဘူး . . . သူ အရူးထတိုင်း ကျွန်မ သိက္ခာကျ . . . အရှက်ကွဲ . . . ကြေကွဲဝမ်းနည်းမနေနိုင်ဘူး . . . စောစောစီးစီး ကွာလိုက်တာပဲ ကောင်းမယ်"

"အဲဒါတော့ မမအပိုင်း . . . မမကြိုက်သလို ဆုံးဖြတ်ပေါ့ . . . ကျွန်တော်ပြောမယ် . . . မမနဲ့ ဖိုးသားတို့ ဘဝဇာတ်လမ်းကို ကျွန်တော် သိသင့်သလောက် သိတယ် . . . အဲဒီဘဝသမိုင်းမှာ ဖိုးသားဟာ သူမတူအောင် ထူးချွန်ထက်မြက်တဲ့ လူစွမ်းကောင်းတစ်ယောက် . . . လူတော်လူမော် လူလိမ္မာတစ်ယောက် မဟုတ်ခဲ့ဘူး ဆိုတာတော့ မမ မမေ့နဲ့ . . . သူ ဒီဘဝရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



တာကိုက သူ့အစွမ်းအစနဲ့သူ ရွှတ်ရွှတ်ချွန်ချွန် ကြိုးစားရုန်းကန်အားထုတ်ခဲ့ရတာ မဟုတ်ဘူး"

"အစကတည်းက ခပ်တုံးတုံး . . . ခပ်အအ . . . ခပ်ညံ့ညံ့ . . . ခပ်မိုက်မိုက်နဲ့ ပင်ကိုယ်အရည်အချင်း သိပ်မရှိတဲ့ လူတစ်ယောက် . . . သူ့ကို မမပဲ ပြုပြင်အုပ်ထိန်းပြီး မြေတောင်မြှောက်ပေးခဲ့တာ . . . ပြုစုပျိုးထောင်ခဲ့တာ . . . ခုကျမှ ညံ့ရကောင်းလား . . . အသုံးမကျရကောင်းလား . . . မလိမ္မာရကောင်းလား . . . မိုက်ရကောင်းလားဆိုပြီး စွန့်ပစ်ချင်တယ်ဆိုရင်လဲ မမသဘောပဲ . . . ကျွန်တော် ဘာမှ မပြောတော့ဘူး"

ကိုအောင်ငွေဦးက ပြတ်ပြတ်ပြောပြီး ထသွားသည်။

ဖြူနှင်း ငိုင်ကျန်ခဲ့သည်။

လူပုံကြည့်တော့ သေးသေးကွေးကွေး၊ ပုပုညက်ညက်နှင့် ကလေးမဟုတ်၊ သူငယ်မဟုတ်ပုံစံ၊ သည်ပုံသည်ပန်းနှင့် မြန်မာ့ရုပ်ရှင်လောကမှာ ဆရာတစ်ဆူဖြစ်သော ဒါရိုက်တာ ဦးအောင်ငွေဦး ဟု ခေါ်နေခြင်းမှာ အလကားမဟုတ်။

"တစ်ချက် ချက်ကောင်းမှာ လူတစ်ဘက်သား ငိုင်သွားအောင် ဒီလို အပြောအဆို၊ အတွေးအခေါ်၊ အယူအဆမျိုးတွေ ဒီလူသေးသေး၏ ခေါင်းသေးသေးလေးထဲမှာ ပြည့်ကြပ်ညပ်နေ၍ ရှိနေလို့ပဲ" ဟု ဖြူနှင်း တွေးလိုက်မိ၏။

❀❀❀



## အခန်း - ၉

နောက်ဆုံးချုပ်ပြောရလျှင်တော့ မိုးနန္ဒာကိစ္စက ဘာမှ ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲ မကြိုးပမ်းလိုက်ရဘဲနှင့် ပြီးပျောက်သွားခဲ့ရသည်။

အထူးသဖြင့် ကိုအောင်ငွေဦးနှင့် စကားပြောဆိုပြီးသည့် အချိန်မှာ ဖြူနှင်း သတိတရားတစ်ခုဖြင့် ထိုကိစ္စကို ကိုင်တွယ်ဖြေရှင်းတတ်သွားခြင်း ဖြစ်သည်။

ကိုအောင်ငွေဦး ပြောခဲ့တာ မှန်သည်။

သူဟာသူ ကင်းပဲဖြစ်ဖြစ်၊ ပရိဇ္ဇဒင့်ပဲဖြစ်ဖြစ်၊ အင်ပိုဝ်ယာဖေရာဇ်ကြီးပဲဖြစ်ဖြစ်၊ အလုပ်သဘောအရ ဘာပညာတတ်ပဲ ပေးထား

www.burmeseclassic.com

ရွှေကောင်းကင်စာပေ

www.burmeseclassic.com



ထား၊ ပင်ကိုယ်အခြေခံသဘာဝအရတော့ ဖိုးသားက ဖိုးသားပဲ ဖြစ်သည်။

သူ၏ လူ့ဘဝအတုံ့ကြောင့်ပဲဖြစ်ဖြစ်၊ ကံကြောင့်၊ စန်းကြောင့်ပဲဖြစ်ဖြစ်၊ အနုပညာဗီဇပါလာလို့ပဲဖြစ်ဖြစ်၊ လူကြိုက်များအောင် သရုပ်ဆောင်သည်ကလွဲ၍ ဖိုးသား ဘယ်တုန်းကမှ သူ့ဘဝသူ စနစ်တကျ ထူထောင်နိုင်စွမ်း ရှိခဲ့သူမဟုတ်။

ဘဝတွင် ကြိမ်ဖန်များစွာ နိမ့်ကျမိုက်မဲ ရမ်းကားသောလမ်းကြောင်းများပေါ်သို့ ရောက်သွားခဲ့ဖူးသည်။ အစကတည်းက ဒါတွေကို ကိုယ့်သံယောဇဉ်နှင့်ကိုယ်၊ ကိုယ့်ယုံကြည်မှုနှင့်ကိုယ် မြုပြင်အုပ်ထိန်းပြီး ယူထားခဲ့ခြင်းဖြစ်သည်။

ဖိုးသားကို ဖိုးသားပဲဟု မြင်လိုက်သောအခါ ငရုပ်သီးတွေစပ်ပြီး လူးနေတုန်းက ခံစားမှုမျိုး၊ အရက်တွေမူးပြီး ရမ်းနေတုန်းက ခံစားမှုမျိုး၊ ရဲစခန်းမှာ အဖမ်းခံရစဉ်က ခံစားမှုမျိုးတွေပင် စင်လာသည်။

သူ့ကို လူရာသွင်းပြီး ကွာတာ၊ ရှင်းတာ၊ တရားသဖြင့်စီရင်တာမျိုးတွေလုပ်ဖို့ စိတ်ကူးမရတော့။

ဒီလိုပဲ တစ်ပတ်ဆယ်ရက် ဒီအကြောင်း မပြောတော့ဘဲ ကိုယ်ကလည်း ဘာမှမဖြစ်သလိုနေပြီး ရိုက်ကွင်းမှန်မှန်သွား၊ အနားကနေ မပြတ်စောင့်ကြည့်၊ ရှိနေ လုပ်လိုက်သည်။

ဖိုးသားဘက်က တုံ့ပြန်မှုမရှိသော်လည်း မိုးနန္ဒာဘက်က





တုံ့ပြန်မှုတွေတော့ ဝင်လာသည်။

ဖိုးသား၏ ဆယ်လူလာက မကြာခဏ မြည်လာသည်။

သို့သော် ထိုဖုန်းက ဖိုးသားဆီမှာ မထားတော့ဘဲ ဖြူနှင်းဆီပြန်ရောက်နေပြီမို့ ဖြူနှင်းထူးလိုက်ချိန်မှာဖုန်းကို ပိတ်သွား၊ ချသွားသည်။

ဖိုးသားရိုက်ကွင်း အနီးအနားသို့လည်း (ထိုစဉ်ကမတားမြစ်သေးသဖြင့်) စတစ်ကာအပြည့်ကပ်ထားသော မိုးနန္ဒာကားရောက်ရောက်လာသည်။

ထိုအချိန်များတွင် ဖိုးသားက ဖြူနှင်းကို တစ်ချက်လှမ်းကြည့်ရုံမှအပ ဘာမှ အူယားဖားယား တုံ့ပြန်မှုမျိုးမရှိ။

ထိုအချိန်မျိုး၌ ဖြူနှင်းက သူမ ရှိနေကြောင်း ထင်ထင်ပေါ်ပေါ် ကိုယ်ယောင်ထွက်ပြသည်။ မိုးနန္ဒာကားက ခပ်ကြမ်းကြမ်းဆောင့်မောင်းထွက်သွားသည်။

တစ်ရက်မှာတော့ ဘယ်အချိန်မှာ, ဘယ်ကားနဲ့လာပြီး လုပ်သွားသည်မသိ။

ရိုက်ကွင်းပြီး၍ ဖြူနှင်းနှင့်ဖိုးသား ကားနားပြန်ရောက်လာသောအခါ ကားဘောနက်၊ ကားမှန်၊ ကားရှေ့နောက်၊ ဘေးပတ်လည်များတွင် မတ်တာပင် (ခေါ်) ဆော့ဖ်ပင်အကြီးစားဖြင့် စာလုံးများကို ရေးထားသည်ကို တွေ့ရသည်။

"ဖိုးသား . . . ငကြောက် . . ."



www.burmeseclassic.com

www.burmeseclassic.com



"မယားကြောက် . . . ဖိုးသား"

" . . . မမိဖြူ . . . ဘီလူးမ"

. . . စသဖြင့် . . . စသဖြင့် မျိုးစုံ ရေးသည်။ ကား တစ်ခုလုံးကိုလည်း ကန်ကြောက်ထားပုံရသည်။ ဆောင့်ကန် ထားသည့် အပိန်အချိုင့်အရာများ မွစာကျဲနေသည်။

ဖိုးသားက ထိုအရာများကို အကြာကြီး စိုက်ကြည့်နေ လိုက်သေးသည်။ ပြီးမှ . . .

"မမ . . . ဒီကိစ္စကို ကျွန်တော် သွားရှင်းရမလား"

ဖြူနှင်းက ရယ်သည်။ ထို့နောက် ကားတံခါးဖွင့်၍ ကား ထဲမှ အဝတ်စုတ်ယူ၍ စာတမ်းများကို လိုက်ဖျက်ရင်း . . .

"မလိုပါဘူးကွာ . . . ဒါတွေက အဝတ်စုတ်နဲ့ ဖျက်လိုက် လို့ ရပါတယ် . . . ဖျက်မရတဲ့ အပိန်အချိုင့်တွေကျတော့လဲ ဘော်ဒီရှော့မှာ ပြန်ထုဆေးမှုတ်ပြီး ရောင်းစားလိုက်ပေါ့ . . . ကားပဲ ဖိုးသားရယ် . . . အချိန်မရွေးအသစ် ပြန်ဝယ်လို့ရပါတယ် . . . အေးအေးဆေးဆေး ကိုယ့်ဟာကိုယ် ကားပေါ်တက်"

ထိုနေ့က ဖိုးသားကို မမောင်းခိုင်းဘဲ ဖြူနှင်းက သူမ ကိုယ်တိုင် မောင်းချလာခဲ့သည်။

"တောက် . . . "

ဘေးမှ ထိုင်လိုက်လာရင်း ဖိုးသားက တောက်တစ်ချက် ခေါက်လိုက်၏။





ဖြူနှင်းဘဝမှာ ပထမဆုံးကြားဖူးသော အင်မတန် နာဒင် ချိုသည့် တောက်ခေါက်သံတစ်ခုပင်။

❀❀❀

နောက်ထပ် ဘယ်လောက်မှ ရက်မကြာလိုက် . . .

မင်းသား မင်းသမီး အတော်စုံစုံ လာရောက်ကြသော ညစာစားပွဲ တစ်ခုမှာ မိုးနန္ဒာက ဖိုးသားနှင့် အပြိုင်ဖြစ်သော မင်းသား တစ်ယောက်နှင့် တွဲလာသည်။

ဟိုတယ် ခန်းမထဲ ဝင်လာကတည်းက မင်းသားလက် မောင်းကို မိုးနန္ဒာက တွဲချိတ်ထားသည်။

ဖြူနှင်းနှင့်ဖိုးသား ထိုင်နေသော စားပွဲနားမှ ကပ်ဖြတ် သွားရင်း မထိတထိကြည့်ရင်း မဲ့တဲ့တဲ့လေး ပြုံးသွားသည်။

ဖိုးသားက ဖြူနှင်းကို တစ်ချက်လှမ်းကြည့်သည်။

ဖြူနှင်းက ဖိုးသားကို ပုံမှန်အပြုံးလေးဖြင့်ပင် တုံ့ပြန်ပြုံး ပြရင်း စားပွဲပေါ်က မုန့်တစ်ခုကို အေးအေးဆေးဆေး ယူစား လိုက်သည်။

"ဟား . . . ဟား . . . ဟား . . . "

ဖိုးသားက ဘာကို သဘောကျသွားသည်မသိ၊ အသံထွက် မည်ဆိုရုံလေးထွက်၍ ခေါင်းမော့ပြီး ဟားတိုက်ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူနှင်းကလည်း ရယ်လိုက်ရင်း . . .

"ဘယ်လိုလဲ ဖိုးသား . . . ပျင်းလို့ လက်ဆော့ကြည့်တာ အပျင်းပြေသွားပြီလား"

ဖိုးသားက ရယ်လက်စကနေ ပြန်ဖြေသည်။

"မဆိုးပါဘူး . . . ရယ်စရာတော့ ကောင်းပါတယ်"

"ဒါပေမယ့် ခဏခဏတော့ မပျင်းနဲ့နော် . . . သူ့ထက် အဆိပ်ပြင်းတာတွေ့ရင် မင်းနာလိမ့်မယ်"

သည့်နောက်ပိုင်းတော့ ဖိုးသားနှင့် မိုးနန္ဒာတို့ကိစ္စ ဘာသံမှ မကြားရတော့။

ခုကျမှ ကြည်ပြာကိစ္စ တစ်ခါ ထပ်ပေါ်လာခြင်း ဖြစ်၏။

❀❀❀



# အပိုင်းလေး

အဆုံး



www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁

အမိကစာရေးခဲကတော့ ကိုယ့်ဟာကိုယ် အမှတ်မရှိခြင်းပဲ ဖြစ်သည်။

ဖိုးသားဆိုသည့်ပုဂ္ဂိုလ်ကလည်း မိမိနှင့်ကင်းကွာလိုက်သည်နှင့် ပြဿနာတစ်ခု ဖန်တီးပြနေတတ်ကြောင်းကို ဖြူနှင်း ဘာကြောင့် အမှတ်မရှိရတာလဲ။

ခုလည်း မိုးနန္ဒာနှင့်ဖိုးသား ဇာတ်သိမ်းခန်းရိုက်ပြီးသည်နှင့် ဖြူနှင်း၏သတိများ ပေါ့လျော့သွားသည်။

နှစ်လသုံးလလောက်အထိတော့ ကျန်သည့်အလုပ်များ ပစ်ထားခဲ့ပြီး ရိုက်ကွင်းမှန်မှန် လိုက်ပေးနေခဲ့သည်။ သို့သော် သိပ်





ကြာလာသည့်အခါကျတော့ နောက်ပိုင်းကအလုပ်တွေ လစ်ဟင်းမှု ဒဏ်ကို မခံနိုင်တော့။

အိမ်မှာဆိုလည်း အိမ်ဖော်တွေချည်း ထားခဲ့ရသည်။ စားတာသောက်တာ၊ လျှော်တာဖွတ်တာကအစ အများကြီး လစ်ဟင်းမှုတွေ ဖြစ်ရသည်။

ကိုယ်တိုင်မကြီးကြပ်နိုင်သဖြင့် အိမ်မှုကိစ္စတွေလည်း ဟာကုန်သည်။

ခြံထဲဆိုလည်း ခြံထဲတစ်လျှောက် ရှုပ်ပွပျက်စီးနေသည်။ ခြံထဲက အဖိုးတန်သစ်ခွတွေ၊ ပိန်းအိုးတွေ၊ ပန်းပင်တွေရေလောင်းမည့်သူမရှိ၊ ပြုစုမည့်သူမရှိသဖြင့် အကုန်သေကုန်သည်။

အိမ်ထဲမှာလည်း ဖုန်အလိမ်းလိမ်း၊ ကြမ်းတွေက မပြောင်မရောင်၊ အဝတ်တွေ ဟိုတွဲလောင်း ဒီတွဲလောင်းနှင့် နေချင်စရာကို မရှိတော့။

သည်ကြားထဲ အိမ်ဖော်တစ်ယောက်က အဝတ်အစားနှင့် အဖိုးတန်ပစ္စည်းအချို့ယူပြီး ထွက်ပြေးသွား၏။

ဘာတွေမှန်းမသိတော့သော ပြဿနာတွေက မွစာကြဲနေသည်။

သည်ကြားထဲ ဘေးကအကြံပေးကြသော စကားများကြောင့် ဖြူနှင်း ကလေးလိုချင်လာသည်။

"မမတို့ ဒီအတိုင်းနေဖို့မကောင်းဘူး . . . ဘာပဲပြော



www.burmeseclassic.com

www.burmeseclassic.com



ပြော လင်မယားဆိုတာ နှစ်ကြာလာရင် သံယောဇဉ်လျော့တာပဲ ... အားသံမီး သံယောဇဉ်နဲ့ ထပ်မချည်နိုင်ရင် အပြိုအပျက် လွယ်တာပေါ့" ... စသဖြင့် ဖြူနှင်း ကလေးရဖို့ နည်းလမ်းရှာရ ပြန်သည်။

"ကျွန်မတို့က ဘာမှလုပ်ထားတာ မဟုတ်ဘူး အစ်မကြီး ... ဒီတိုင်း သူ့ဟာသူ မရတာ"

"ဟဲ့ ... အဲဒါဆိုလည်း ဆရာဝန်တွေ ဘာတွေပြပြီး ... ဘာလိုအပ်သလဲဆိုတာ မေးလေ ... လိုအပ်တာလုပ်ပေါ့ ... ဆရာဝန်တင်မဟုတ်ဘူး ... သားဆုပန်တဲ့နေရာတွေလဲ သွား ... ယတြာတွေ ... ဓာတ်ရိုက်ဓာတ်ဆင်တွေ လုပ်ပေး တတ်တဲ့ ဆရာကောင်းတွေနဲ့တိုင်ပင်ပြီး လုပ်သင့်တာလုပ်ပေါ့"

ဟု နားလည်ကျွမ်းကျင်ပုံရသော ဝါရင့်အိမ်ထောင်သည် များ၏ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်သည်။

သို့အတွက် နောက်ပိုင်းမှာ ရိုက်ကွင်း သိပ်မလိုက်တော့ဘဲ အိမ်မှာချည်း နေရစ်ခဲ့သည်။

သို့တိုင် လုံးလုံးလျားလျားကြီး လွှတ်ပေးလိုက်တာ တော့မဟုတ်။ သူသွားလေရာ၊ ကိုယ်သွားလေရာ အမြဲစုံစမ်း ထောက်လှမ်းနိုင်အောင် ဆယ်လူလာဖုန်းတစ်လုံး ကိုင်ထားသည်။

အချိန်မရွေး၊ နေရာမရွေးဆက်သွယ်နိုင်အောင် ဖုန်းပိတ် မထားရန်နှင့် သွားခါနီး ဘက်ထရီအပိုလေးလုံး ထည့်ပေးထားတာ





ကအစ အတော်လေးတော့ စေ့စေ့စပ်စပ် လုပ်ထားခဲ့သား။

အထူးသဖြင့် နယ်ထွက်ရသော ရိုက်ကွင်းများဆိုလျှင် ဆယ်လူလာလည်း လက်လှမ်းမမီတော့သဖြင့် ဖြူနှင်း ဖြစ်အောင် လိုက်သည်။

သည်ကြားထဲကပင် ငါးရှဉ့်ဆီသုတ် ဖမ်းရသလို ဖိုးသား တစ်ယောက် လွတ်ထွက်သွားခြင်းဖြစ်သည်။

အံ့ဩဖို့ကောင်းသည်က ထိုသတင်း အစပေးသောသူသည် ဒီပြင်လူစိမ်း (သို့မဟုတ်) ရင်းနှီးသည့်လူ မဟုတ်ဘဲ မိုးနန္ဒာကိုယ်တိုင် ဖြစ်နေခြင်း ဖြစ်သည်။

❀ ❀ ❀

"ဖြူနှင်းလား"

"ဟုတ်ပါတယ်"

"မိုးနန္ဒာပါ"

"ဟင် ... "

ဖုန်းကြီးကိုင်ပြီး ဖြူနှင်း အံ့ဩခြင်းဖြင့် ပါးစပ်အဟောင်း သား ဖြစ်သွား၏။

ဘာဆက်ပြောရမှန်း မသိသဖြင့် ကြောင်အမ်းအမ်းဖြစ်နေ ဆဲမှာပင် ဖုန်းထဲမှ ရယ်သံ ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း . . . ဟင်း . . . အံ့သြသွားလို့လား ဖြူနှင်း . . . မအံ့သြပါနဲ့ စိတ်ကောင်းစေတနာကောင်းနဲ့ သတင်းထူးလေးတစ်ခု ပေးမလို့ပါ . . . ဘယ်လိုလဲ နားထောင်မယ် မဟုတ်လား"

"မင်း ဘာပြောချင်လဲ မိုးနန္ဒာ . . . မင်းပြောစရာရှိတာ ပြော . . . မင်းကိုယ့်ကို ဘာမှ ကလိနေစရာ မလိုဘူး"

"ဟိုး . . . ဟိုး . . . ရိလဲမရိဘူး . . . ကလိလဲ မကလိပါဘူး . . . ကင်းကတော်ကြီးရယ် . . . မင်းက ယောကျ်ားကို သိပ်အထိန်းအသိမ်းကောင်းတယ် . . . သိပ်ပိုင်တယ်ဆိုတဲ့ သတင်းက ကြီးလွန်းလို့ ပညာရှိပီပီ သတိများလစ်သွားလားလို့ သတင်းလေး တစ်ခု ပေးရုံလေးပါပဲ"

"ဘာသတင်းလဲ"

"မင်းယောကျ်ားသတင်းပါ . . . မင်း ယောကျ်ား "ကင်း" တစ်ယောက် အခုတလော ကြည်ပြာဆိုတဲ့ မိန်းကလေးတစ်ယောက်နဲ့ ကြိတ်ပုန်းခုတ်နေပြန်ပြီ ဖြူနှင်းရေ . . . အဲဒါ မင်းမသိသေးဘူးနော်"

"မင်း . . . မဟုတ်တာ မပြောနဲ့နော် မိုးနန္ဒာ"

"မဟုတ်တာ ပြောတယ်ထင်ရင်လဲ မင်းသဘောပဲလေ . . . ဒါပေမယ့် ကြည်ပြာဆိုတာ ဘယ်သူလဲလို့ သိချင်ရင်တော့ နေရပ်လိပ်စာ . . ဖုန်းနံပါတ် . . အဖေအမေနာမည်နဲ့ မှတ်ပုံတင်နံပါတ်အောင် တို့ပြောနိုင်ပါတယ် . . . ဘာဖြစ်လို့လဲ ဆိုတော့





ကြည်ပြာက တို့သူငယ်ချင်းပဲ . . . တစ်ခါတုန်းက တို့ကိုယ်တိုင် မင်းယောကျ်ားကို မိတ်ဆက်ပေးဖူးခဲ့တယ်"

"ဒါဖြင့် ဒီမီးက မင်းမွှေးခဲ့တဲ့ မီးပေါ့ . . . ဟုတ်လား"

"မဟုတ်ဘူး ဖြူနှင်း . . . ကြည်ပြာက ကိုယ့်သတင်းကြားပြီး ဒါ ကိုယ်ညှို့လို့ ဖြစ်တာပဲ . . . ဒီလိုလူမျိုးကို ဘယ်လို ပညာ ပေးရတယ်ဆိုတာ သူ လုပ်ပြမယ် . . . အဲဒီနည်းနဲ့ ကိုယ့်အတွက်လဲ လက်စားချေပြီးသား ဖြစ်တာပေါ့ . . . လို့တော့ ပြောတာပဲ . . . အဲဒါ ကိုယ်နဲ့ မဆိုင်ပါဘူးနော် . . . "

"အဲဒီတော့ မင်း အခုပြောချင်တာက ဘာလဲ မိုးနန္ဒာ"

"မင်း သတိထားဖို့ပါ . . . ကြည်ပြာက ကိုယ့်လို ခပ်ညံ့ညံ့ မဟုတ်ဘူးနော် . . . ဒါမျိုးနဲ့ပတ်သက်လာရင် ရာဇဝင်ကော . . . သမိုင်းကော . . . အတ္တုပတ္တိတွေကော အများကြီးရှိတယ် . . . ကိုယ့်ထက် အများကြီး ပညာစုံတယ် . . . ခုချိန်မှာ မင်းယောကျ်ား ခပ်တုံးတုံး . . . ခပ်ညံ့ညံ့ ကောင်လေးတစ်ယောက်ကတော့ ကြည်ပြာ့ကျော့ကွင်းထဲမှာ ထွေးခနဲပါသွားပြီ . . . မင်း ဘာလုပ်မလဲဆိုတာ ကိုယ်သိပ်သိချင်နေတယ် . . . ဒါပါပဲ . . . ကိုယ် စောင့်ကြည့်နေမယ်"

"တောက်"

လက်ထဲက ဆယ်လူလာဖုန်းကို ကိုင်ဖောက်ခွဲ မပစ်မိရန် မနည်းထိမ်းထားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးနန္ဒာ . . . ဒီစကားကို မဟုတ်ဘဲ တော့ ယုံပြီး ပြောရဲမှာ မဟုတ်ဘူး။ ပြဿနာတစ်ခုကတော့ စ,ပြန်ပြီ ဟု ကောင်းစွာ သိရှိလိုက်၏။

❀❀❀



## အခန်း - ၂

အတွေ့အကြုံများအရ ဖြူနှင်း ကိုယ့်ကိုကိုယ် တည်ငြိမ်အောင် ကြိုးစားသည်။

ပြဿနာ၏ အခြေအနေကို ဇစ်ဇစ်မြစ်မြစ်သိရန်အတွက် လတ်တလောမှာ ဘယ်သူ့ကိုမှ ထိုကိစ္စ ဖွင့်မပြောသေးပဲ ကိုယ့်နည်းကိုယ့်ဟန်ဖြင့်သာ စုံစမ်းသည်။

ဖိုးသား ကြံဖန် လှည့်ပတ်နေသည်ကိုလည်း မသိဟန်ဆောင်ကာ လှုပ်ရှားမှုအားလုံးကို လေ့လာသည်။

အားလုံးကို စုံလင်သလောက်နီးပါး သိပြီဆိုမှ တာမွေဘောလုံးကွင်းမှနေ ကြည့်ပြာဆီကာ ဖိုးသားကားနောက်ကို ကပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးဆယ်လူလာနှင့်ဖုန်းဆက်၍ ဖောက်ခွဲပစ်လိုက်ခြင်း ဖြစ်သည်။

ထို့နောက် တာမွေမီးပွိုင့်တွင် ဘာသာလမ်းခွဲထွက်လာခဲ့သည်။ အိမ်ရောက်မှ ကိုအောင်ငွေဦးဆီ ဖုန်းဆက်လိုက်သောအခါ ဖိုးသားကို တန်းမိသည်။

ကိုအောင်ငွေဦးကတစ်ဆင့် ဖိုးသားကို အိမ်တော့ ပြန်လာခိုင်းခဲ့ပြီ ဖြစ်သည်။

ဖြူနှင်း ဘာတစ်ခုကိုမှ အဆောတလျင် မလုပ်ပဲ ခေါင်းအေးအေးနှင့် အိမ်က ထိုင်စောင့်သည်။

အိမ်ရှေ့ တံခါးမကို ကျောခိုင်းထားတာ ဧည့်ခန်းဆက်တီခုံမှာပဲ ဖြူနှင်း ငြိမ်ငြိမ်သက်သက် ထိုင်စောင့်နေသည်။

မကြာမီပင် ဖိုးသားတစ်ယောက် သူမနားက ဖြတ်ကျော်ပြီး သူမနှင့် ဘေးတိုက်အနေအထားရှိ ဆိုဖာဆက်တီကုလားထိုင်ခုံမှာ ဝင်ထိုင်သည်။

"မမ . . . ကျွန်တော်ရောက်ပြီ"

ဖိုးသား၏ စကားအစက စိမ်ခေါ်သံ ဆန်လွန်းလှသည်။

ဖြူနှင်း ပင့်သက်တစ်ချက် ရှိုက်၏။





"ဒီတစ်ခါတော့ အပျင်းပြေသက်သက် မကတော့ဘူး ထင်တယ် ဖိုးသား . . . အပျင်းပြေလို့ သဘောထားရင်လဲ မင်း ခံရတော့မယ်"

အရင်တစ်ခါလိုပဲ ဘာမပြော ညာမပြော တုံ့ကိုဘာဝေလုပ်ဦးမည်လား အောက်မေ့မိသည်။ သို့သော် သည်တစ်ခါတော့ မဆိုင်းမတွပင် စကားပြန်သည်။

"မမ . . . ဖြစ်နိုင်ရင် ဒီကိစ္စမှာ မမ ဘာမှ ဝင်မပါဘဲ ခဏလေး ဘေးထွက်ပေးပါ . . . မမနဲ့ ကျွန်တော့်ကြားမှာ ဘာမှ ဖြစ်ရာအကြောင်းမရှိဘူး . . . ဒီပွဲကို ကျွန်တော့်နည်း ကျွန်တော့်ဟန်နဲ့ ဖြေရှင်းသွားမယ်"

ဖြူနှင်းက ဖိုးသားကို တစ်ချက်လှမ်းကြည့်သည်။ ဖိုးသားမျက်နှာပေါ်မှာ တစ်စုံတစ်ရာသော ခံစားမှု တစ်ခု၏ အရိပ်အယောင်ကို မြင်နေရသည်။

"ခုလဲ မမ ဘာမှ ဝင်မပါသေးဘူး . . . မင်း ဘာလုပ်နေတယ်ဆိုတာကို မမသိတဲ့အကြောင်း မင်းသိအောင် လုပ်ပြတာပဲ ရှိသေးပါတယ်"

"ဟုတ်ပါတယ် . . . ဒါပေမယ့် ဒီအတိုင်းပဲ မမ နေလိုက်ပါဦး . . . အချိန်တန်ရင် မမ ဒီထက် ပိုသိလာရမှာပါ . . . ဒီလောကမှာ မမ မသိဘဲ ကျွန်တော် ဘာမှလုပ်လို့မရမှန်းပဲ ကျွန်တော် သိသွားပါပြီ . . . မမ ဒီလောက်နဲ့ပဲ ခဏရပ်နေစေ



www.burmeseclassic.com

www.burmeseclassic.com



ချင်ကယ်"

"ဘာအတွက်လဲ"

"ကျွန်တော့်ကိစ္စပါ"

"အဲဒီ ကျွန်တော့်ကိစ္စ ဆိုတာက မိုးနန္ဒာ စိမ်ခေါ်တာကို မခံချင်လို့ လုပ်ပြနေတာတော့ မဟုတ်ပါဘူးနော်"

ဖိုးသားအကြည့်တစ်ခု ဖြတ်ခနဲ ရောက်လာသည်။

"မမ သူနဲ့ စကားပြောပြီးပြီလား . . . "

"ပြောပြီးပြီ . . . ဒီကိစ္စကို စ,အသိပေးတာသူပဲ . . ."

"ကျွန်တော် ထင်တော့ ထင်ပါတယ် . . . ဒါပေမယ့် အဲဒါထားလိုက်ပါ . . . ဒါက အဓိကမဟုတ်ဘူး . . . ခုန ကျွန်တော်ပြောသလိုပဲ . . . မမဘက်က ကျွန်တော့်ကို အချိန်အတိုင်းအတာတစ်ခုအထိ ခဏလေး သည်းခံစောင့်ပါ . . . အချိန်တန်ရင် အားလုံးရှင်းသွားမှာပါ . . . ကျွန်တော် လောလောဆည် ဒီလောက်ပဲ ပြောချင်တယ်"

ဖိုးသားစကားအဆုံးမှာ ဖြူနှင်းက ရယ်သည်။ ရယ်ရင်းနှင့်မှ . . .

"နေဦး ဖိုးသား . . . မင်းနဲ့ငါ ဘာတော်လဲဆိုတာ မင်းမေ့များနေပြီလား . . . မင်းနဲ့ ငါနဲ့ လင်မယားနော် . . . အခု မင်း မိန်းမဆီမှာ မင်း ခွင့်တောင်းနေတဲ့ကိစ္စက ဒီပြင် မိန်းမတစ်ယောက်နဲ့ အချိန်အတိုင်းအတာတစ်ခုအထိ လွတ်လွတ်လပ်လပ်





ဖောက်ပြန်ခွင့် တောင်းနေတယ်ဆိုတာကိုကော သတိထားမိရဲ့လား"

"မဟုတ်ဘူး မမ . . . ဒါတွေအားလုံး ကျွန်တော်သိတယ် . . . ခုလဲ မမဆီက ကျွန်တော် ခွင့်တောင်းနေတာ မဟုတ်ဘူး . . . မမနဲ့ နားလည်မှု ယူနေတာ"

"ဒီကိစ္စက လင်မယားချင်း နားလည်မှုယူလို့ရတဲ့ ကိစ္စ မဟုတ်ဘူး ဖိုးသား"

"အဲဒါဆိုရင် မမသဘောပဲ မမရယ် . . . ကျွန်တော့်ဘဝမှာ မမက ဇနီးမိန်းမဆိုတာထက်စာရင် အမေနဲ့ ပိုတူခဲ့တယ် . . . အမေတစ်ယောက် အုပ်ထိန်းသလို ကျွန်တော့်ကို အုပ်ထိန်းခဲ့တယ် . . . ကျွန်တော့်ဘဝကလဲ လင်တစ်ယောက်ထက် သားတစ်ယောက်နဲ့ ပိုတူခဲ့တယ် . . . ဒါ . . . ကျွန်တော်တို့နှစ်ယောက်ရဲ့ တကယ့်အစစ်အမှန်ဘဝပဲ . . . ဒါပေမယ့် အဲဒါကိုလဲ ကျွန်တော် တစ်သက်လုံး ကျေနပ်လက်ခံခဲ့ပါတယ်"

"ဆက်ပြော ဖိုးသား . . . မင်း ဘာပြောချင်လဲ"

"ဒါပေမယ့် အခုချိန်မှာတော့ ကျွန်တော့်ကို ကလေးတစ်ယောက်လို ရင်အုပ်မကွာ အုပ်ထိန်းစောင့်ရှောက်နေတဲ့ မမရဲ့ လောင်းရိပ်အောက်ကနေ ခဏတော့ ထွက်ခွင့်ပေးပါ . . . လူလားမြောက် သားတစ်ယောက်ကို အမေလုပ်သူက သူ့သဘောအတိုင်း လုပ်ခွင့်ပေးတဲ့ ပုံစံမျိုးပေါ့"

"မမက အမေနဲ့တူရင် တူမှာပေါ့လေ . . . ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အမေမှ မဟုတ်ပဲ . . . ဖိုးသားမိန်းမလေ . . . မမဟာ ဖိုးသားရဲ့မယား"

"မဟုတ်ဘူး မမ . . . မမဟာ ကျွန်တော့်ရဲ့မယား ဘယ်တုန်းကမှ မဖြစ်ခဲ့ဘူး . . . အမေလို နေခဲ့တာပဲ . . . အလွန်ဆုံးပြောရရင် အုပ်ထိန်းသူ မိန်းမတစ်ယောက်ပဲ . . . မမ ကျွန်တော့်မယားမဟုတ်ဘူး"

"ဟင် . . . မင်း ဘယ်လိုပြောလိုက်တာ ဖိုးသား"

"ကျွန်တော် အမှန်အတိုင်းပြောတာ မမ . . . မမကို ဘယ်တုန်းကမှ ခုလို ပြန်မပြောခဲ့ဘူး . . . ရှိသေလေးစားမှုနဲ့ အမြဲမြိုသိပ်ထားခဲ့တာပဲ . . . ဒါပေမယ့် ဒီနေ့တော့ ကျွန်တော် ပြောချင်တယ်"

"မင်းပြောချင်တာ ပြောလို့ရပါတယ် . . . ဒါပေမယ့် မမက မင်းမယား မဟုတ်ဘူးလို့ မင်းပြောရက်တာကိုတော့ အံ့ဩမိတယ်"

"မဟုတ်ဘူးလား မမ . . . လင်မယားဆိုတာ တစ်ယောက်နဲ့တစ်ယောက် ဘာနဲ့ ဆက်နွယ်ထားကြတာလဲ . . . 'အချစ်' နဲ့ မဟုတ်ဘူးလား . . . ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်ဟာ အချစ်နဲ့ပေါင်းစပ်ထားမှ လင်မယားလို့ ခေါ်လို့ရတာပေါ့"

"မင်းနဲ့ မမက ဘာနဲ့ ပေါင်းစပ်ထားလို့လဲ"





"ရိုးရိုးမေတ္တာနဲ့ သံယောဇဉ်နဲ့ပဲ ပေါင်းစပ်ထားတာ . . . ဒါဟာ ဆွေမျိုးသားချင်း . . . ဒါမှမဟုတ် ညီအစ်ကိုမောင်နှမ . . . သားနဲ့အမိ . . . သူငယ်ချင်းမိတ်ဆွေ . . . ဆရာတပည့်ထက် ဘာမှမပိုဘူး . . . မမ ကျွန်တော့်အပေါ်ထားတဲ့ မေတ္တာက ၅၂၈ ပဲ . . . အဲဒီထက် သာတာဆိုလို့ ဖိုနဲ့မ လက်ထပ်ထိမ်းမြားခြင်း သဘောအရ အတူနေကြတာပဲ ရှိတယ် . . . မမ ကျွန်တော့်ကို မချစ်ဘူး"

"မင်း ဒီစကားမပြောနဲ့ ဖိုးသား . . . မင်းကို မချစ်ပဲနဲ့ ဒီအခြေအနေထိအောင် ပြုစုပျိုးထောင်ပြီး လက်ထပ်ယူထားမလား"

"ဒီအခြေအနေထိအောင် ပြုစုပျိုးထောင်ပြီး လက်ထပ်ယူထားတာကတော့ အမှန်ပဲ မမ . . . ဒါပေမယ့် မမ အဲဒါပဲ လုပ်ခဲ့တာပဲ . . . မမ ကျွန်တော့်ကို ချစ်သူတစ်ယောက်အနေနဲ့ ဘယ်တုန်းက ဆက်ဆံဖူးလို့လဲ . . . ကနေ့အထိ မမ ကျွန်တော့်ကို "ချစ်တယ်" လို့ ဘယ်နှစ်ခါပြောဖူးလဲ . . . ကျွန်တော့်အချစ်ကိုပဲ လက်ခံခဲ့တာ . . . ချစ်သူတစ်ယောက်အနေနဲ့ ချစ်တယ်လို့ တစ်ခါမှ မပြောဖူးဘူး . . . အဲလိုပဲ ချစ်သူတစ်ယောက်လို ဘယ်တုန်းကမှလဲ ယုယ ကြင်နာမှုတွေ မပေးခဲ့ဘူး"

"ငါမှ အဲလို မနေတတ်တာ ဖိုးသား"

"အဲဒါ မမ အချစ်မရှိလို့ပေါ့ . . . ဒါပေမယ့် မမရဲ့ စေတနာ . . . မေတ္တာက ကျွန်တော့်အပေါ်မှာ ကြီးမားပါတယ်

www.burmeseclassic.com

www.burmeseclassic.com



. . . ကျွန်တော့်ဘဝကိုလဲ အများကြီး ပြုစုစောင့်ရှောက်ခဲ့ပါတယ် . . . အဲဒီအတွက် မမကို စွန့်ခွာဖို့ဆိုတာ ကျွန်တော့်ဘက်က ဘယ်တော့မှ မစဉ်းစားဘူး . . . မမအနားမှာ အမြဲနေသွားမှာပဲ . . . မမ ကျွန်တော့်ကို ဘယ်တော့မှ ကွာဖို့ မစဉ်းစားနဲ့ . . . ကျွန်တော် ကွာမပေးနိုင်ဘူး . . . ခုဟာက ကျွန်တော့်အကြောင်းနဲ့ ကျွန်တော် မမဆီက ခွင့်ပြုချက် ယူနေတာ"

"ဟင်း . . . ဟင်း . . ."

"ဟုတ်တယ် မမ . . . မမ ကျွန်တော့်ကို တစ်သက်လုံး အုပ်ထိန်းခဲ့တာပါ . . . နောက်လဲ မမအုပ်ထိန်းမှုအောက်မှာပဲ ကျွန်တော်နေမှာပါ . . . အခု ကျွန်တော်လုပ်ချင်တာ အများကြီး မရှိဘူး . . . "အချစ်" ဆိုတာ ဘာလဲ သိရုံလေးသက်သက်ပဲ . . . မမဆီက ဘယ်တုန်းကမှ မရခဲ့တဲ့ အချစ်ဆိုတဲ့အရသာဟာ ဘယ်လိုဟာမျိုးလဲဆိုတာ ကျွန်တော် သိချင်တယ် . . . မိုးနန္ဒာက ကျွန်တော့်ကို သိပ်ချစ်တယ် ဆိုတဲ့စကား မရေမတွက်နိုင်အောင် ပြောခဲ့တယ် . . . အချစ်နဲ့ ဆက်စပ်နေတဲ့ ယုယ ကြင်နာမှုတွေလဲ အများကြီး ပေးခဲ့တယ် . . . ဒါပေမယ့် ဖလွမ်းလောက်ပါဘူး . . . ကျွန်တော် ပြောခဲ့သလို အပျင်းပြေရုံသက်သက်ပဲ ရှိတယ်"

ဖြူနှင်း ဘာဆို ဘာမှ မပြောနိုင်လောက်အောင် ကြက်သေသေနေမိသည်။ ဖိုးသားစကားတွေက ထူးဆန်းပြီး အဓိပ္ပါယ်ဖောက်ရ မလွယ်ကူ။ သည့်အပြင် ဖိုးသား ဒီလောက်စကားတွေ



ပြောနိုင်၊ ပြောတတ်မှန်းလည်း ဘယ်တုန်းကမှ မသိခဲ့။

ဖိုးသားပြောသည့် စကားတွေထဲက စကားတစ်ခုကတော့ ထိုအချက်နှင့်ပင် မှန်ကြောင်း သိသာနေသည်။

"ကျွန်တော့်ကို ကလေးတစ်ယောက်လို ရင်အုပ်မကွာ အုပ်ထိန်းစောင့်ရှောက်နေတဲ့ မမ . . . " ဆိုသော စကားဖြစ်သည်။

တကယ်လည်း ဖြူနှင်း မျက်စိထဲမှာ ဖိုးသားသည် ကျောင်းတောင်ဘက်က ဇန်ဒါပင်အောက်မှာ သတ္တိရှိတယ်ဆိုပြီး ဧရပ်သီးစိမ်းတွေ စားပြနေတုန်းပဲ ဖြစ်၏။

ရွှေကောင်းကင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း - ၃

"အခု ကြည်ပြာကိစ္စကျတော့ မလွှမ်းလောက်တဲ့ အချစ်ကိစ္စ မဟုတ်တော့ဘူး . . . အချစ်နဲ့ အမြဲ ယှဉ်တွဲနေတတ်တဲ့ အင်မတန် ရက်စက်တတ်တဲ့ အမျက်ဒေါသနဲ့ ကလဲ့စားချေမှုတွေ ပါလာပြီး . . . ဒီအတွက် ရိုးရိုးအချစ်တင် မဟုတ်တော့ဘဲ ပရိယာယ်တွေ . . . မာယာတွေ . . . အတတ်ပညာတွေနဲ့ တကယ့်ကို ပညာအခန်း ဆယ့်နှစ်ကြိုးတွေပါလာပြီး ကျွန်တော့် ဘက်ကလဲ အပျင်းပြေသဘောထားလို့ မရတော့ဘူး . . . ဒါပေမယ့် သူတို့က အခုထိ ကျွန်တော့်ကို မမကို အမြဲကြောက်နေရတဲ့ မမညြဗာကို မလွန်ဆန်နိုင်တဲ့ ငကြောက် ငတုံး . . . ဘာအသုံးမှ





မကျတဲ့ ထုံထုံအအ အကောင်လို့ပဲ ထင်နေသေးတယ် . . ."

"ကျွန်တော် အင်မတန်သရုပ်ဆောင်ကောင်းတဲ့ မင်းသားတစ်ယောက်ဆိုတာကို ဘာဖြစ်လို့ သူတို့ မေ့နေကြတယ် မသိဘူး"

"ထားပါလေ . . . အဲဒါတွေ ကျွန်တော့် အပိုင်းပါ . . . မမကို ပြောချင်တာ တစ်ခုပဲရှိတယ် . . . မမ ကျွန်တော့်ကို မချစ်ပါဘူး . . . အဲဒီအတွက် အချစ်ဆိုတာရဲ့ အရသာကို အစုံအလင် သိချင်လို့ ဝင်နွှဲနေတဲ့ ဒီပွဲမှာ မမ ခဏလေး ဘေးရှောင်နေပါ"

"ဒီပွဲမှာ ကျွန်တော် နိုင်နိုင်ရှုံးရှုံး မမအတွက် ဘာမှ မထိခိုက်စေရဘူး . . . အချိန်တန်ရင် မမအနားမှာ ကျွန်တော် ရှိကိုရှိနေရမယ် . . . ကျွန်တော် ပြောချင်တာ ဒါပါပဲ မမ . . . ဒီတိုက်ပွဲမှာ ဘေးမသီ ရန်မခအောင် ရှေးတုန်းက စစ်ထွက်တဲ့ စစ်သားတွေလို ထမီအနားစလေး တစ်စ အဆောင်အဖြစ် အမြဲ ဆောင်ထားပါ့မယ် . . . ကျွန်တော့်ကို စစ်မြေပြင်ကနေတော့ အတင်း ပြန်မခေါ်ပါနဲ့"

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသားဆုတ်ဖြစ်၍ ယူသွားသော အမြင်မသေမသပ် ကျန်ရစ်နေခဲ့သော ထမီအောက်နားစလေးကို ဖြူနှင်း ငုံ့ကြည့်ရင်း မျက်ရည်များ ကျလာသည်။

ဘဝမှာ ဘာပဲကြုံကြုံ၊ မျက်ရည်ကျဖို့ ကိုယ့်ကိုကိုယ် ခွင့်မပြုတတ်သည့် မိန်းမတစ်ယောက်။

ခုတော့ သူ့ဟာနှင့်သူ အလိုလို စိမ့်ယို စီးကျလာသော မျက်ရည်များကို မတားဆီးတော့။ ဖိုးသားကို ခွင့်ပြုလိုက်ရသလိုပင် ကျလာသော မျက်ရည်များကိုလည်း အတားအဆီးမရှိ စီးဆင်းခွင့်ပေးလိုက်ရပြီ ဖြစ်သည်။

"မမ မှာ အချစ်မရှိဘူး . . . " တဲ့။

"မမ ကျွန်တော့်ကို ဘယ်တုန်းကမှ မချစ်ခဲ့ပါဘူး . . . " တဲ့။

"မမ ကျွန်တော့်အချစ်ကို လက်ခံပြီး ကျွန်တော့်ကို ပြုစုစောင့်ရှောက် လက်ထပ်ယူခဲ့တာပဲ ရှိတယ် . . . " တဲ့။

"မမဆီက ဘယ်တုန်းကမှ မရခဲ့တဲ့ အချစ်ဆိုတဲ့အရာဟာ ဘယ်လိုဆိုတာမျိုးလဲဆိုတာ ကျွန်တော် သိချင်တယ် . . . " တဲ့။

သူပြောသွားခဲ့တဲ့စကားများက ဖြူနှင်းရင်ကို တစိမ့်စိမ့် အက်ကွဲကြေမွအောင် လုပ်နေသည်။

နှုတ်မှ ပြန်ပြောရန် ဘာခွန်အားမှ မရှိတော့၍ ဖြူနှင်း ဘာမှ ပြန်မပြောဖြစ်တော့။ ဆိတ်ဆိတ်နေခြင်းကြောင့် ဝန်ခံခြင်း





ဟု သဘောပိုက်ပြီး ဖိုးသား ကျေနပ်သွားမှာ အမှန်ပဲလေ . . .။

အမှန်ကတော့ ဖြူနှင်း ဘာဆိုဘာမှ မပြောချင်တော့၍ မပြောလိုက်ခြင်းသာ ဖြစ်၏။

ရင်ထဲမှာတော့ စကားတွေ ပြည့်လျှံကြပ်သိပ်နေအောင် တိုးဝှေ့နေကြသည်။

ရင်ထဲကနေလည်း အလုအယက် တိုးထွက်နေကြသည်။

ဖြူနှင်း့မှာ ပြောစရာစကားတွေ များစွာရှိနေပါ၏။

❀❀❀

အချစ်ဆိုတာကို နားလည်ပုံနဲ့ ပုံသဏ္ဌာန်ဖော်ပုံတွေမှာ မင်းနဲ့ မမ အများကြီး ကွာခြားသွားပြီ ကလေးရယ် . . .။

ပါးစပ်ကနေ တတွတ်တွတ် ချစ်တယ် . . . ချစ်တယ်လို့ ပြောမှ အချစ်လို့ မင်းက ယူဆသတဲ့လား . . .။

မောင်တို့၊ ကိုကိုတို့၊ အချစ်တို့၊ ချစ်သဲတို့ တွတ်တီးတွတ်တာလေးတွေ အမည်ပေးပြီး ကတုံကယင်ယုယမှပဲ အချစ်လို့ ယူဆတာပေါ့။

အဲလိုဆိုတော့လဲ မမက မင်းကို မချစ်ဘူးလို့ ပြောသွားတဲ့ စကားကို မချေပသာတော့ဘူးလေ။ ဟုတ်တယ်လေ . . . မင်းကို မမ တစ်ခါမှ အဲလိုမျိုး မပြောခဲ့၊ မချွဲခဲ့၊ မတီတာခဲ့ဖူးဘူး။ မမ



www.burmeseclassic.com

www.burmeseclassic.com



အချစ်ကို မင်း ဘယ်လိုမှနားမလည်နိုင်တော့ဘူးပေါ့ . . .။

"မမရဲ့ မေတ္တာနဲ့ စေတနာက ကျွန်တော့်အပေါ် ကြီးမားပါတယ် . . ." တဲ့။ မင်း ပြောခဲ့တယ်။

မမ နားလည်တဲ့ အချစ်ဆိုတာကတော့ ဒီနှစ်ခုပေါင်းစပ်ခြင်းပဲ ဖိုးသား . . .။ ဒီနှစ်ခုပေါင်းစပ် ဖလှယ်မှုမှာ သစ္စာတရားကိုပါ ဖြည့်စွက်ရောနှောလို့ မင်းကို မမ တစ်သက်လုံးချစ်ခဲ့ရတာပါ။

မမ မင်းကို "ချစ်တယ်" လို့ နှုတ်ဖျားကနေ ဘာစကားမှ ဆိုစရာ မလိုတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ တစ်လောကလုံးမှာ မမ မင်းကိုပဲ တစ်ယောက်တည်းရှိသော ယောကျ်ားလို့ အောက်မေ့မိခဲ့တာမို့ပဲ။

မမ ဘဝတစ်ခုလုံးကို မင်းအတွက်ပဲ အပြီးအပိုင် လွှဲအပ်ထားခဲ့တယ်။ မင်းနဲ့ မပတ်သက်၊ မဆက်စပ်တဲ့ အရာမှန်သမျှ မမ ဘာတစ်ခုမှ စိတ်မဝင်စားခဲ့ဘူး။

ကုန်ကုန်ပြောရရင် မမဘဝမှာ မမကိုယ် မမအတွက်တောင် ထည့်မစဉ်းစားဖူးဘူး။ အရာအားလုံးဟာ မင်းအတွက်ချည်းပဲ။

အဲလို လူမျိုး တစ်ယောက်ကို "မချစ်တတ်ဘူး"၊ ဒါမှမဟုတ် "အချစ်မရှိဘူး" လို့ မင်းသတ်မှတ်ခဲ့တာ အံ့သြစရာ ကောင်းတယ်။

မင်းပြောသလို အဖေ အမေ ညီအစ်ကိုမောင်နှမနဲ့ ဆွေမျိုးမိတ်ဆွေအပေါ်ထားတဲ့ မေတ္တာနဲ့အတူတူပါပဲ . . . ဆိုတာသာ





မှန်ရင် မမ ခုလို မိဘတွေကော၊ ဆွေမျိုးသားချင်းတွေကော၊ အပေါင်းအသင်းမိတ်ဆွေတွေကော ပစ်ပြီး မင်းကို လက်ထပ်ခဲ့ပါ့မလား . . .။

မိဘ ဆွေမျိုး မောင်နှမတွေကိုလဲ မင်းကို အရေးပေးသလိုပဲ အရေးပေး ထိပ်တန်းတင်ခဲ့မှာပေါ့။

ခုချိန်ထိ မမဘဝမှာ မင်းနဲ့ပတ်သက်တဲ့ ဒုက္ခကလွဲရင် တခြားဘာတစ်ခုကိုမှ မမ အာရုံပြုခဲ့တာ မရှိဘူး။

အဲဒါကိုတောင် မင်းက အချစ်မရှိဘူးလို့ ပြောရက်တယ်နော်။ အချစ်ရှိတာပေါ့ ကလေးရယ် . . .၊ မမမှာ အချစ်တွေ သိပ်ရှိတာပေါ့။

မင်းနဲ့ ဆုံတွေ့ခဲ့ပြီးတဲ့ အချိန်ကစပြီး မမ ခံစားရတဲ့ ဒုက္ခ၊ သောက၊ ဝေဒနာ ခံစားရမှုအားလုံးဟာ အချစ်ရှိခြင်းရဲ့ဒုက္ခတွေပဲလေ . . .။

အဲဒီ ဒုက္ခတွေ အားလုံးထဲမှာ ခုနောက်ဆုံး ခံစားရတဲ့ ဒုက္ခကတော့ အကြီးမားဆုံးနဲ့ မခံမရပ်နိုင်အောင် အပြင်းထန်ဆုံးပဲ ဖိုးသား။

ပထမအချက်က ကိုယ် ဒီလောက်ချစ်ခဲ့တဲ့လူက မချစ်ဘူးလို့ အထင်လွဲခံရပြီး ကိုယ့်အချစ်ကို အသိအမှတ်ပြုမခံရတဲ့ ဒုက္ခ။

ဒုတိယအချက်ကတော့ ကိုယ်မချစ်တဲ့အတွက် ချစ်နိုးသူတွေကြားထဲမှာ အချစ်ကို ခံစားကြည့်ချင်တယ်ဆိုပြီး ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



သည်းခံ ခွင့်လွှတ်အစော်ကားခံရတဲ့ ဒုက္ခ။

တတိယနဲ့ အကြီးမားဆုံးကတော့ ကိုယ့်ချစ်သူကို တစ်ပါးသူရင်ခွင်ထဲ ကြည်ကြည်ဖြူဖြူ သွားရောက်ခိုလှုံဖို့ ခွင့်ပေးလိုက်ရတဲ့ ဒုက္ခပ။

"အချိန်ဟန်ရင် မမအနားမှာ ကျွန်တော် အမြဲရှိနေပါ့မယ် . . ." တဲ့။

အချိန်တန်မှ မဟုတ်ဘူး ဖိုးသား၊ မမရဲ့ တစ်သက်လုံး ရှိခဲ့တဲ့ ဆန္ဒဟာ မမ အနားမှာ မင်းတစ်စက္ကန့်တောင် မလပ်ပဲ ရှိနေစေချင်ခဲ့တာ။ မင်းကို မမ တစ်နာရီ၊ တစ်မိနစ်၊ တစ်စက္ကန့်တောင်ခွဲနိုင်တာ မဟုတ်ဘူး။

မလွှဲသာတဲ့ အကြောင်းတွေကြောင့် မျက်စိအောက်က ပျောက်နေရင်တောင် ရင်ပူသောကရောက်နေတတ်တဲ့ မမဟာ တခြားမိန်းကလေးတစ်ယောက်ဆီကို မင်း သွားနေတယ်လို့ သိနေတဲ့အချိန်တွေမှာ ဘယ်လိုနေထိုင်ရတော့မလဲ . . .။

"ဟုတ်သားပဲ မမရယ် . . . ဒီလောက်အထိတောင် မမကို စော်ကားတာ အဲဒီကောင်ကို ကွာလိုက် မုန်းလိုက်ပါလား . . ." လို့ မမအပေါ် စေတနာရှိတဲ့ တစ်ယောက်ယောက်က အကြံပေးရင် ပေးမယ်။

မကွာနိုင်ဘူး ဖိုးသား၊ မုန်းလဲ မမ မုန်းနိုင်မှာ မဟုတ်ဘူး။ မင်း မသိပေမယ့် မမရင်ထဲက အချစ်ကို မမပဲ သိတယ်။





မမအချစ်က ဒုံစကတည်းက အတိုး၊ အဆုတ် လုပ်လို့မရတဲ့ အချစ်။ အချစ်နဲ့အတူတွဲပြီး မေတ္တာ၊ စေတနာ၊ ဂရုဏာ၊ မုဒိတာ အပါအဝင် ဘဝတစ်ခုလုံး လုံးဝဥဿုံ ပုံပေးခဲ့တာ။ ပြန်ယူဖို့လဲ စဉ်းကို မစဉ်းစားထားဘူး။

အဲဒီတော့ မင်းက ဘာပဲဖြစ်ဖြစ် မမ မင်းကို ခွဲလဲ ခွဲလို့ရမှာ မဟုတ်ဘူး၊ ကွာလဲ မကွာနိုင်ဘူး၊ မုန်းတယ်ဆိုတာလဲ ဘာမှန်းတောင် မသိဘူး။

အဲဒီတော့ မမကိုယ် မမ နားလည်ပါတယ်။

မမဘဝမှာ ဘာထွက်ပေါက်မှ မရှိတော့ဘူး။ ရှေ့လျှောက် မင်းလုပ်ချင်တာကို ထိုင်ကြည့်ပြီး မင်း မသိအောင် မျက်ရည်တွေ သုတ်နေရဖို့ပဲ ရှိတော့တယ်။

အဲဒီဒုက္ခတွေ လွတ်မြောက်ချင်ရင့်တော့ ဒီဘဝမှာ မြန်မြန်သေဖို့ပဲ ဆုတောင်းတော့၊ ဟုတ်တယ်လေ . . .။ ဘဝတစ်ခုရဲ့ အဆုံးဟာ သေခြင်းပဲရှိတာယ် မဟုတ်လား၊ ဒီဘဝမှာတော့ ဒီဒုက္ခရဲ့ ထွက်ပေါက်က သေခြင်းပဲ ရှိတော့တယ်။

မင်းလဲပဲ သက်သာလိမ့်မယ်တော့ မထင်နဲ့။ မင်း အခုဆာဆာငမ်းငမ်းနဲ့ အရသာသိချင်ပြီး မျက်စိစုံမှိတ် ခုန်ချနေတဲ့ ကာမဂုဏ် ပင်လယ်ပြင်ဟာ အဆုံးမရှိတဲ့ အဏ္ဏဝါကြီးတစ်ခုဖြစ်တယ် ဖိုးသား။

သောက်လေသောက်လေ ငတ်မပြေဆိုတဲ့အတိုင်းပဲ ဒီဘဝ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုထဲတင် မဟုတ်ဘူး၊ သံသရာဆုံးတဲ့အထိ မင်းလိုက်ရှာဖွေလို့လဲ မင်း တင်းတိမ်သွားမယ့် အရသာမျိုးတွေ့မှာ မဟုတ်ဘူး။

ဒါပေမယ့် . . . အဲဒါတွေကတော့ ထားပါတော့၊ အဲဒါတွေ မင်းကိုပြောပြလို့လဲ မင်း ယုံမှာမဟုတ်ဘူး။ မမက မင်း အဲလို မလုပ်စေချင်လို့ လိုက်ချုပ်ချယ်နေတယ်လို့ မင်း မြင်ဦးမယ်။

မထူးတော့တဲ့ဘဝမှာ မမ မင်းကို ဘာမှ မတားမြစ် မပိတ်ပင်တော့ပါဘူး။

တစ်ခုခု အမှားအယွင်းဖြစ်လို့ မရှုနိုင်မကယ်နိုင်ဖြစ်လာတဲ့ အချိန်ကျမှာပဲ မင်းပြောတဲ့ မမရဲ့ မေတ္တာ စေတနာတွေနဲ့ တတ်အားသရွေ့ သက်သာအောင် ပြုစုကုသပေးဖို့ စောင့်နေပါတော့မယ်။

မမ ဘဝတစ်ခုလုံးရဲ့ အဓိကတာဝန်ကလဲ ဒီတာဝန်ပဲ ရှိတယ် မဟုတ်လား။

ဒါပေမယ့် ဒီဒုက္ခမျိုးတွေကိုတော့ မမ ကြောက်သွားပြီ ဖိုးသား။

ဘဝအဆက်ဆက် သံသရာမှာ ဒီလို အချစ်မျိုးနဲ့ နောက်နောင် ဘယ်ဘဝမှာမှ ဘယ်သူ့ကိုမှ မချစ်ရပါလို၏ . . . ဆိုတဲ့ ဆုတောင်းကို ဒီနေ့ ဘုရားရှိခိုးတာကစပြီး ထည့်ဆုတောင်းဖို့ သန္နိဋ္ဌာန်ချလိုက်ပြီကွယ် . . . ။

ဖြစ်နိုင်ရင် အဲဒီအချစ်ဆိုတာတွေ မရှိတဲ့ နိဗ္ဗာန်ဆိုတဲ့





ခေမာသောင်ကမ်းကိုပဲ သွားနိုင်ဖို့ ကြိုးစားတော့မယ်။

မမ ကြောက်တယ်။ နောင်သံသရာမှာ မမကြုံနေရတဲ့ "အချစ်ရှိခြင်း၏ဒုက္ခ" မျိုး ဘယ်တော့မှ မကြုံချင်တော့ဘူး။

အချစ်ရှိတဲ့ လူတစ်ယောက်ရဲ့ဘဝဟာ ဒီဘဝ နောက်ဆုံး ဖြစ်ပါစေ . . . လို့ပဲ ဆုတောင်းလိုက်ပါတယ်ကွယ်။

❀ ❀ ❀



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## အခန်း - ၄

"ကိုနှိန်း"

"ဟာ"

ရုတ်တရက်မို့ ဖြူနှင်း လန့်သွားပြီး ဘာလုပ်လို့ ဘာကိုင်ရမည်မှန်းပင်မသိ ဖြစ်သွားသည်။

ဘယ်ကနေ ဘယ်လို စဖြစ်သွားမှန်းလည်း မသိလိုက်။

ဖိုးသားနှင့် ကြည်ပြာ့ကိစ္စ ပြောပြီးကတည်းက စိတ်ညစ်ညစ်နှင့် အိမ်ပြင်မထွက်ပဲ အိမ်ထဲအောင်းနေတာ သုံးလေးရက်ကြာပြီ။

သည်နေ့မှ စိတ်ပြေလက်ပျောက်ဆိုပြီး ဘုရားသွားရန်





အိမ်မှာကျန်နေသော မတ်တူးကားလေးနှင့် ထွက်လာခြင်းဖြစ်၏။ အိပ်ပြင်ပင် ဝေးဝေးမရောက်သေး၊ ခုမှ ခြံဝက ထွက်ရုံပဲ ရှိသေးသည်။

ဘယ်ကနေ ဘယ်လို ရောက်လာမှန်းမသိသည့် မတ်တူးကားတစ်စီးက ဖြူနှင်းကား၏ ဘယ်ဘက်ခြမ်းကို ဝင်တိုက်လိုက်သည်။ ဘေးတိုက် အတိုက်ခံလိုက်ရသည်မို့ ကားကော လူကော ချာခနဲ လှုပ်ခါသွားသည်။

သည်ကားက ဘယ်က ရောက်လာတာလဲ၊ ဘယ်လိုဖြစ်ပြီး ဝင်တိုက်တာလဲ၊ ရုတ်တရက် ဖြူနှင်း ဘယ်လိုမှ စဉ်းစားမရ။

ခြံဝက ထွက်ချိန်မှာ သေချာကြည့်ပြီး ဟွန်းတီးပြီးမှ ဖြေးဖြေးချင်း ထွက်ခြင်း ဖြစ်သည်။ ဒီလောက်သတိထား ထွက်ရင်းနှင့် တိုက်မိရ၏။ ကုသိုလ်ကံကိုက မကောင်းတာပါဟု တွေးရင်းအောက် ဆင်းကြည့်ရန် တံခါးကို ကိုင်လိုက်သည်။

"တီ . . . တီ . . . တီ . . . တီ"

အရေးထဲ ကားထဲက ဆယ်လူလာဖုန်းက အသံမြည်လာသည်။

"ဟူး"

စိတ်ပျက်လက်ပျက်နှင့် ဖုန်းကို ကောက်ကိုင်လိုက်၏။

"ဟယ်လို . . . "

"ဖြူနှင်းလား . . . "



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"ကြည်ပြာပါ . . . "

"ဘာ"

"ဘာမှမဟုတ်ဘူး . . . ကြည်ပြာ . . . ပါလို့ပြောတာ . . . ဘယ်ကနေ ပြောနေတယ်ဆိုတော့ အခု မင်းကားဘေးက ကားထဲကနေ ပြောနေတာပဲ"

"တောက်"

ဖြူနှင်း ဒေါသများ အမြင့်ဆုံး အရှိန်တက်သွားသည်။

ကားကို ပြန်စက်နှိုးပြီး ခပ်ကြမ်းကြမ်း မောင်းထွက်လိုက်၏။ လမ်းမပေါ်တွင် လွှတ်လွှတ်ကျွတ်ကျွတ် ရောက်သွားချိန်မှာ ကားကို ရှေ့နည်းနည်းမောင်းပြီး ဂငယ်ကွေ့ ကွေ့လိုက်သည်။

"ဟင်"

ကားခေါင်း လှည့်ပြီးချိန် လှမ်းကြည့်လိုက်သည့်အခါမှာတော့ ကြည်ပြာ့ကား မရှိတော့။

ဖြူနှင်းက ဆယ်လူလာဖုန်းကို ကောက်ကိုင်လိုက်သည်။

"မယားငယ်မ . . . နင် ဘယ်ထွက်ပြေးတာလဲ"

တစ်ဘက်မှ ကြည်ပြာ့အသံ ပေါ်ထွက်လာသည်။

"ဟား ဟား . . . မဆိုးပါဘူး ဖြူနှင်း . . . လူတွေပြောအတိုင်းပဲ နင်သတ္တိတကယ်ကောင်းပါတယ် . . . ဒါပေမယ့်ဟာ . . . ခုချိန်မှာ နင်က သေသွားလို့ ဘာမှ အကြောင်းမထူးဘူး . . .





ဖိုးသားကို ငါ့ဆီလာဖို့ တားမရတော့ နင်က သေချင်မှာပေါ့ . . . ငါကတော့ မသေနိုင်သေးဘူး . . . ဖိုးသားကို ပြုစုယုယနေရတဲ့ အချိန်ကလေးတွေက နှမြောစရာကောင်းတယ် . . . ကောင်းပြီလေ . . . နောက်တစ်ခါ တွေ့တာပေါ့ . . . ဂွတ်ဒ်လပ်ခ် . . . ဘိုင့်ဘိုင် . . . "

ကြည်ပြာ့ဘက်မှ ဖုန်းပိတ်လိုက်သည်။

ဖြူနှင်း ဒေါကန်ကန်နှင့် ဆယ်လူလာဖုန်းကို ကားနောက်ခန်းထဲ ပစ်ထည့်လိုက်သည်။ စာယ်လီဖုန်းလေး ကျွမ်းထိုးမှောက်ခုံကျသွားသော နောက်ခန်းထိုင်ခုံပေါ်တွင် ဘုရားသွားဖို့ယူလာသော ယောဂီတဘက်လေးနှင့် စိပ်ပုတီးလေး ရှိနေသည်။

ပင်ပန်းကြီးစွာ သက်ပြင်းကို ချလိုက်သည်။

ထို့နောက် စိတ်ကို လျှော့ချလိုက်ပြီး စတီယာရင်လက်ကိုင်ဘီးပေါ်တွင် လက်နှစ်ဖက်ယှက်၍ ခေါင်းအပ်လိုက်ရင်း စိတ်ထဲကနေ ဆုတောင်းလိုက်မိ၏။

"ဒီဒုက္ခတွေက မကြာခင် လွတ်မြောက်ရပါလို၏ ဘုရား"

❀❀❀

ကျိုးစားပါဦးမည်။

နှမ်းကျော်သိုင်း



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## ဝန်ခံချက်

ဤဝတ္ထုသည် စာရေးသူ၏ စိတ်ကူးဖန်တီးချက်များသာ ဖြစ်ပါသည်။

သက်ရှိထင်ရှားရှိသော မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ တစ်ဦးတစ်ယောက်ကိုမျှ ရည်ရွယ်ရေးသားခြင်း မဟုတ်ပါ။

တိုက်ဆိုင်မှု၊ တူညီမှုများရှိခဲ့လျှင် ခွင့်လွှတ်နားလည်ပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

BURMESE CLASSIC .com

နွမ်ရှားသိုင်း



www.burmeseclassic.com